# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**လောကကို မဂ်ဂဉာဏ်ရောင်ဖြင့် ထွန်းလင်းစေ၏**

ရှေးငယ်စဉ်အခါက ကုသိုလ်၌မေ့လျော့ခဲ့၍ နောင်ကြီးပြင်းသောအခါ၌ မမေ့လျော့သောသူသည် တိမ်တိုက်မှ လွတ်သောလကဲ့သို့ ဤလောကကို မဂ်ဂဉာဏ်ရောင်ဖြင့် ထွန်းလင်းတောက်ပစေ၏။

လောကဝဂ်(ဓမ္မပဒ-၁၇၂)


၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၁၀ ရက် | ၂၀၂၄ ခုနှစ်၊ စက်တင်ဘာ ၁၂ ရက်၊ ကြာသပတေးနေ့ | အတွဲ (၆၃)၊ အမှတ်(၃၄၃)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျိုးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

# ရန်ကုန် - မန္တလေး ရထားလမ်းပိုင်း၊ သာစည် - ရွှေညောင် ရထားလမ်းပိုင်းများတွင် ရေကြီးရေကျော်နေသဖြင့် ရထားခရီးစဉ်များ ယာယီရပ်နား

နေပြည်တော် စက်တင်ဘာ ၁၁

ယခုနှစ်မိုးရာသီအတွင်း မြန်မာပြည်အနှံ့အပြားတွင် မိုးသည်းထန်စွာရွာသွန်းပြီး ရေကြီးရေလျှံမှုများကြောင့် ရန်ကုန်-မန္တလေးလမ်းပိုင်းရှိ တပ်ကုန်း-မကျည်းပင်၊ မကျည်းပင်-ညောင်လွန့်၊ ရမည်းသင်း-အင်ကြင်းကန်၊ ပျော်ဘွယ်-ရှမ်းရွာ၊ သပြေတောင်း-သဲတောဘူတာအကြားနှင့်သာစည်-ရွှေညောင်-တောင်ကြီးလမ်းပိုင်းရှိ သာစည်-လှိုင်းတက်၊ လှိုင်းတက်-ဘုရားငါးဆူ၊ ဘုရားငါးဆူ-ယင်းမာပင်၊ မြင်းဒိုက်-ကလော၊ ကလော-အောင်ပန်း၊ ထီးသိမ်-ပေါမူ ဘူတာအကြားလမ်းပိုင်းများနှင့် အောင်ပန်းဘူတာယာဒ်ဝင်းတို့တွင် ရေကြီးနစ်မြုပ်မှုများဖြစ်ပေါ်၍ တံတားများရေတိုက်စားပြီး ရထားလမ်းရေကျော်မှုများကြောင့် ရန်ကုန်-မန္တလေးနှင့် သာစည်-ရွှေညောင် ရထားခရီးစဉ်များကို စက်တင်ဘာ ၁၁ ရက်မှစတင်၍ ယာယီရပ်နားထားကြောင်း သတင်းရရှိသည်။

အဆိုပါရေကြီးရေလျှံမှုကြောင့် ယာယီရပ်နားခဲ့သည့်ရထားများမှာ ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းတွင် အမှတ်(၁)အဆန်၊ အမှတ်(၂)အစုန်၊ အမှတ်(၁၁) အဆန်နှင့် အမှတ်(၁၂) အစုန်ရထားများ၊ သာစည်-ရွှေညောင်လမ်းပိုင်းတွင် အမှတ်(၁၄၁) အဆန်နှင့် အမှတ်(၁၄၂)အစုန် ရထားများဖြစ်သည်။

*စာမျက်နှာ ၅ ကော်လံ ၁*



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား ရေတိုက်စားမှုကြောင့် တံတားအမှတ်(၅၂၉) LST ဒေါက်တိုင်ပြုတ်ထွက်မှုအခြေအနေကို တွေ့ရစဉ်။

# ပွင့်ဖြူမြို့နယ်၌ ဆီထွက်သီးနှံစုံ ၂၈၆၆၈ ဧက စိုက်ပျိုးပြီးစီး



ပွင့်ဖြူ စက်တင်ဘာ ၁၁

မကွေးတိုင်းဒေသကြီး ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံစိုက်ပျိုးရာသီတွင် မြေပဲ၊ နှမ်း၊ နေကြာ ဆီထွက်သီးနှံစုံ ၂၈၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီ ဖြစ်ကြောင်း ပွင့်ဖြူမြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်မိုးမိုးဝေ၏ ပြောကြားချက်အရ သိရသည်။

*စာမျက်နှာ ၄ ကော်လံ ၁*

## ယနေ့ ဖတ်စရာ


နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) ဆောင်းပါး စာ ၁၀

ပခုက္ကူဈေးကွက်၌ ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ် စီးပွားရေးသတင်းများ စာ ၁၄

မြန်မာ့ဘောလုံး အောင်မြင်စေချင် ဆောင်းပါး စာ ၁၆


**ပြည်လုံးကျွတ် သန်းခေါင်စာရင်း ကောက်ယူရန် ၁၈ ရက်သာ လိုတော့သည်။**

# ကလေးသူငယ် ချန်မထား လူကုန်ကူးမှု တိုက်ဖျက်သွား

ခေတ်သစ်ကျေးကျွန်စနစ်ဟုဆိုသည့် လူကုန်ကူးမှုသည် မိမိတို့နိုင်ငံအပါအဝင် ကမ္ဘာ့နိုင်ငံအသီးသီးတို့တွင် ပုံစံမျိုးစုံဖြင့် ဖြစ်ပွားလျက်ရှိသည်။ လူကုန်ကူးမှုပြဿနာ၏ ဆိုးကျိုးများကို စီးပွားရေးဖွံ့ဖြိုးတိုးတက်မှု နောက်ကျသောနိုင်ငံများက ပိုမိုခံစားနေရခြင်းဖြစ်ရာ အရှေ့တောင်အာရှဒေသတွင်း နိုင်ငံများအနက် မြန်မာနိုင်ငံသားများမှာ လူကုန်ကူးမှုပိုမိုကြုံတွေ့နေရသည်ဟု သိရသည်။

လူကုန်ကူးမှုကို ဥပဒေအရ အနက်အဓိပ္ပာယ်ဖွင့်ဆိုရာတွင် ရှည်ရှည်လျားလျား ဖွင့်ဆိုထားရသော်လည်း အနှစ်ချုပ်မှာမူ လူ့လူချင်း လူမဆန်ရက်စက်စွာ ခေါင်းပုံဖြတ်အမြတ်ထုတ်ခြင်းပင်ဖြစ်သည်။ လူကုန်ကူးသူတို့က သားကောင်ဖြစ်လာမည့်တစ်ဦးဦးကို ခြိမ်းခြောက်သည့်နည်းလမ်း၊ အင်အားသုံးသည့်နည်းလမ်း၊ အကျပ်ကိုင်သည့်နည်းလမ်း၊ အနိုင်အထက်ပြုသည့်နည်းလမ်း၊ လိမ်လည်လှည့်ဖြားသည့်နည်းလမ်း၊ သွေးဆောင်ဖြားယောင်းသည့်နည်းလမ်း၊ အာဏာအလွဲသုံးစားပြုသည့် နည်းလမ်းတို့အပါအဝင် တစ်နည်းနည်းဖြင့် သိမ်းသွင်းခေါ်ဆောင်ကြကာ လူကို လူကအရောင်းအဝယ်ပြုကြသည်။ ယင်းနောက် အရောင်းအဝယ်ပြုခံရသူကို ပြည့်တန်ဆာအဖြစ် ခိုင်းစေခြင်း၊ အခြားပုံစံဖြင့် လိင်မှုကိစ္စခေါင်းပုံဖြတ်ခြင်း၊ အဓမ္မစေခိုင်းခြင်း၊ ကျေးကျွန်သဖွယ် အလုပ်လုပ်ရခြင်း၊ ခန္ဓာကိုယ်အတွင်းမှ အင်္ဂါအစိတ်အပိုင်းများ ထုတ်ယူခြင်း စသဖြင့် လူမဆန်စွာ ခေါင်းပုံဖြတ်ကြခြင်းဖြစ်သည်။

ယခုနှစ် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့ ကုလသမဂ္ဂအတွင်းရေးမှူးချုပ်၏ သတင်းစကားတွင် လူကုန်ကူးမှုသည် လူ့အဖွဲ့အစည်းများအတွင်းမှ ထိရှလွယ်ဆုံးသူများကို ပစ်မှတ်ထားသည့် လွန်စွာဆိုးရွားသည့်ပြစ်မှုဖြစ်ကြောင်း၊ ယခုနှစ် ကမ္ဘာ့လူကုန်ကူးမှုတိုက်ဖျက်ရေးနေ့တွင် ထိရှလွယ်ဆုံးသူများဖြစ်သည့် ကလေးသူငယ်များကို အဓိကထားလိုကြောင်း၊ လူကုန်ကူးခံရသူများ၏ သုံးပုံ တစ်ပုံသည် ကလေးသူငယ်များဖြစ်ပြီး အဓမ္မအလုပ်ခိုင်းစေခံရခြင်း၊ အဓမ္မလက်ထပ်ထိမ်းမြားရန် ရောင်းစားခံရခြင်း၊ ကလေးစစ်သားအဖြစ် စုဆောင်းခံရခြင်း သို့မဟုတ် ရာဇဝတ်မှုမကင်းသည့် အလုပ်များလုပ်ရန် သိမ်းသွင်းခံရခြင်း စသည်ဖြင့် စကားလုံးများဖြင့် ဖော်ပြ၍မရနိုင်သည့် စက်ဆုပ်ရွံရှာဖွယ်ရာ အသုံးချခေါင်းပုံဖြတ်ခံနေရကြောင်း ထည့်သွင်းဖော်ပြထားသည်။

မြန်မာနိုင်ငံတွင် လူကုန်ကူးမှုပုံစံ(၈)မျိုး ဖြစ်ပွားသည်ကို တွေ့ရှိရသည့်အနက် အဓမ္မထိမ်းမြားလက်ထပ်ခြင်း ၆၇ ဒသမ ၃၃ ရာခိုင်နှုန်း၊ အဓမ္မပြည့်တန်ဆာပြုခြင်း ၁၅ ဒသမ ၂၄ ရာခိုင်နှုန်း၊ အဓမ္မခိုင်းစေခြင်း ၁၄ ဒသမ ၆၅ ရာခိုင်နှုန်း၊ ကြွေးမြီဖြင့် နှောင်ဖွဲ့ခိုင်းစေခြင်း ၁ ဒသမ ၉၀ ရာခိုင်နှုန်း၊ အဓမ္မမွေးစားခြင်း ၀ ဒသမ ၄၄ ရာခိုင်နှုန်း၊ အငှားကိုယ်ဝန်ဆောင်ခြင်း ၀ ဒသမ ၂၉ ရာခိုင်နှုန်း၊ ကလေးရောင်းစားခြင်း ၀ ဒသမ ၁၀ ရာခိုင်နှုန်း၊ ကလေးစစ်သား ၀ ဒသမ ၀၅ ရာခိုင်နှုန်းရှိကြောင်း အစီရင်ခံစာတစ်ရပ်တွင် တွေ့ရှိရသည်။ လူကုန်ကူးသူ တရားခံများ၏ ၆၃ ဒသမ ၂၅ ရာခိုင်နှုန်းသည် အမျိုးသမီးများဖြစ်ကြပြီး လူကုန်ကူးခံရသူ ၇၃ ဒသမ ၈၈ ရာခိုင်နှုန်းမှာ အမျိုးသမီးများဖြစ်ကြသည်။ ယင်းအနက်အများစုမှာ ငယ်ရွယ်သည့် အမျိုးသမီးငယ်များဖြစ်ပြီး ကလေးသူငယ်လူကုန်ကူးခံရသူ ၁၀ ဒသမ ၃၇ ရာခိုင်နှုန်း ဖြစ်ပွားခဲ့သည်ဟုလည်း ဖော်ပြထားသည်။

လက်ရှိမိမိတို့နိုင်ငံတွင် ဖြစ်ပွားနေသည့် မတည်ငြိမ်မှုများကဒေသတွင်းရှိ ကလေးငယ်များအပေါ် ပညာသင်ကြားမှု၊ ဘဝလုံခြုံမှုနှင့် အသက်နှင့်ခန္ဓာကိုယ် ထိခိုက်ဆုံးရှုံးမှု စသည်ဖြင့် အန္တရာယ်များစွာ ဝန်းရံခြိမ်းခြောက်နေသည်။ ဆင်းရဲနွမ်းပါးခြင်း၊ ပညာသင်ယူခွင့် ဆုံးရှုံးခြင်းတို့အပါအဝင် အခက်အခဲ၊ အကျပ်အတည်းများစွာတို့က ကလေးသူငယ်များကို လူကုန်ကူးမှု၏ သားကောင်များဘဝသို့ ကျရောက်စေနိုင်သည့် အကြောင်းရင်းခံများ ဖြစ်နေသည်။ ထို့အပြင် အွန်လိုင်းပလက်ဖောင်းများ အသုံးပြုခြင်းကလည်း နယ်စပ်ဖြတ်ကျော် လူကုန်ကူးခံရနိုင်သည့် အခြေအနေထိ အန္တရာယ်များ ကျရောက်နိုင်စေသည်ဖြစ်ရာ နိုင်ငံ၏အနာဂတ် အညွန့်အဖူးကလေးများဖြစ်သော နိုင်ငံ့ရင်သွေးများ လူကုန်ကူးမှု၏ သားကောင်ဘဝသို့ မကျရောက်စေရေး၊ ဘေးကင်းလုံခြုံရေးတို့အတွက် တရားမျှတမှုဆိုင်ရာ ယန္တရားများနှင့် အသိပညာပေးမှုများ မြှင့်တင်ခြင်း၊ မိဘမျက်ကွယ် သွားလာမှုများတွင် မျက်ခြည်မပြတ်စောင့်ရှောက်မှု ပိုမိုပေးခြင်းတို့အပါအဝင် ကလေးများအတွက် ဘေးကင်းလုံခြုံပြီး လွတ်လပ်မှုရှိသည့် အနာဂတ်ကို ဖန်တီးဖော်ဆောင်ကြရပါမည့်အကြောင်း။ ။

# တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီများ မှတ်ပုံတင်ခွင့် ဆက်လက်လျှောက်ထားလျက်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

နိုင်ငံရေးပါတီတည်ထောင်လိုသူများက ယင်းတို့တည်ထောင်လိုသော ပါတီအမည်ကိုဖော်ပြ၍ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သို့ လျှောက်ထားလျက်ရှိကြရာ ယနေ့အထိ ပါတီတည်ထောင်ခွင့်လျှောက်ထားလာသည့် အဖွဲ့ ၁၇ ဖွဲ့ရှိပြီး လျှောက်ထားသည့် အဖွဲ့များအနက် နိုင်ငံရေးပါတီ ၁၄ ပါတီကို တည်ထောင်ခွင့်ပြုပြီးဖြစ်သည်။

အဆိုပါ တည်ထောင်ခွင့်ပြုပြီး နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ဦးကြင်ဝမ်း ခေါင်းဆောင်သည့် **လူမှုစီးပွားမြှင့်တင်ရေးပါတီ**က ပါတီတည်ထောင်ခွင့်ပြုသည့် နေ့ရက်မှစ၍ ရက်ပေါင်း ၃၀အတွင်း နိုင်ငံရေးပါတီများမှတ်ပုံတင်ခြင်း နည်းဥပဒေ ၇ နှင့်အညီ ကော်မရှင်သို့ ယနေ့တွင် နိုင်ငံရေးပါတီအဖြစ်မှတ်ပုံတင်ပေးပါရန် လျှောက်ထားလာသည်။

ယင်းသို့ မှတ်ပုံတင်ခွင့်ပြုရန်လျှောက်ထားသည့် နိုင်ငံရေးပါတီ ၁၄ ပါတီအနက် ပါတီ ၁၁ ပါတီကို မှတ်ပုံတင်ခွင့်ပြုခဲ့ပြီး ကျန်ပါတီများကို မှတ်ပုံတင်ခွင့်ပြုနိုင်ရေး ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ဆက်လက်စိစစ်ဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

သတင်းစဉ်

# မြန်မာ့ခရီးသွားဘဏ် (MTB) နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုး

**ရန်ကုန် စက်တင်ဘာ ၁၁**

မြန်မာ့ခရီးသွားဘဏ် (MTB) နှင့် မြန်မာနိုင်ငံ အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Association – MCBA) တို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ကြောင်း Myanmar Tourism Bank မှ သိရသည်။

စက်တင်ဘာ ၁၁ ရက်တွင် ဆူးလေလမ်းမကြီးပေါ်ရှိ မြန်မာ့ခရီးသွားဘဏ်(ရုံးချုပ်)၌ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးခဲ့ကြခြင်းဖြစ်ကြောင်း အဆိုပါဘဏ်မှ အသိပေးကြေညာထားသည်။

မြန်မာ့ခရီးသွားဘဏ် (MTB) ၏ CEO ဦးဝင်းလွင်နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း (MCBA) ၏ ဥက္ကဋ္ဌ ဦးမင်းထွန်းမြင့်တို့က သဘောတူညီမှုလက်မှတ်ရေးထိုးခဲ့ကြပြီး မြန်မာ့ခရီးသွားဘဏ်၏ Executive Director ဒေါ်သီဂီလင်းနှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း၏ ဒုတိယဥက္ကဋ္ဌ ဒေါ်သီဂီဌေးတို့က အသိသက်သေများအဖြစ် အောင်မြင်စွာလက်မှတ်ရေးထိုးဆောင်ရွက်ခဲ့ကြောင်းလည်း သိရသည်။

မြန်မာ့ခရီးသွားဘဏ် (Myanmar Tourism Bank) နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှု လုပ်ငန်းရှင်များအသင်း (Myanmar Customs Brokers Association – MCBA) တို့သည် နိုင်ငံအတွင်း အကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များ၏ အသက်မွေးဝမ်းကျောင်းလုပ်ငန်းကို ပိုမိုမြှင့်တင်နိုင်ရန်၊ နိုင်ငံတကာအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းအသင်းအဖွဲ့များနှင့် ဆက်သွယ်ပူးပေါင်းကာ အတွေ့အကြုံ၊ နည်းပညာများ ရရှိပြန့်ပွားစေရန်အတွက် ကျယ်ကျယ်ပြန့်ပြန့် နီးနှော




မြန်မာ့ခရီးသွားဘဏ် (MTB) နှင့် မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်းတို့ နားလည်မှုစာချွန်လွှာ MoU လက်မှတ်ရေးထိုးစဉ်။

ဖလှယ်ဆောင်ရွက်ရေးတို့တွင် မြန်မာ့ခရီးသွားဘဏ်နှင့် ပူးပေါင်းပါဝင်ဆောင်ရွက်သွားကြရန်နှင့် နိုင်ငံတော်၏ စီးပွားရေးကဏ္ဍအသီးသီးတို့တွင် ဘက်စုံဖွံ့ဖြိုးတိုးတက်စေရန်၊ အထူးသဖြင့် မြန်မာ့ခရီးသွားလုပ်ငန်းပိုမိုဖွံ့ဖြိုးတိုးတက်စေရေးအတွက် တစ်ဖက်တစ်လမ်းမှ ပူးပေါင်းပါဝင်ကူညီရန်၊ ငွေကြေးအထောက်အပံ့များဖန်တီးပြီး မြန်မာနိုင်ငံအကောက်ခွန်ဝန်ဆောင်မှုလုပ်ငန်းရှင်များအသင်း ပိုမိုဖွံ့ဖြိုးတိုးတက်စေရေးကိစ္စရပ်များတွင် ပူးပေါင်းပါဝင်ဆောင်ရွက်နိုင်ရန်ရည်ရွယ်၍ဆောင်ရွက်ခြင်းဖြစ်ကြောင်း Myanmar Tourism Bank မှ အသိပေးထုတ်ပြန်ထားသည်။

MT

# ရန်ကုန်မြို့နှင့် မန္တလေးမြို့အတွက် ရည်ညွှန်းလက်ကားဈေးနှုန်းများနှင့် ပြည်ထောင်စုနယ်မြေ နေပြည်တော်၊ တိုင်းဒေသကြီး/ ပြည်နယ် မြို့တော်များအတွက် ရည်ညွှန်းလက်လီဈေးနှုန်းများ

၁၂-၉-၂၀၂၄

ကျပ်/လီတာ

| Fuel (လက်လီဈေးနှုန်း) | ရန်ကုန် | မန္တလေး | နေပြည်တော် | ပဲခူး | မကွေး | ထားဝယ် | မုံရွာ | ပုသိမ် | မြစ်ကြီးနား | စစ်တွေ | ဘားအံ | မော်လမြိုင် | လားရှိုး | တောင်ကြီး | လွိုင်ကော် | ဟားခါး | ကျိုင်းတုံ |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| 92 Ron | ၃၂၁၅ | ၃၂၉၅ | ၃၂၇၀ | ၃၂၂၀ | ၃၂၉၅ | ၃၃၀၅ | ၃၃၂၀ | ၃၂၇၅ | ၃၄၀၀ | ၃၄၃၀ | ၃၂၈၅ | ၃၃၀၀ | ၃၃၃၀ | ၃၃၂၀ | ၃၃၃၀ | ၃၇၃၅ | ၅၂၅၀ |
| 95 Ron | ၃၃၅၅ | ၃၄၃၅ | ၃၄၁၀ | ၃၃၆၅ | ၃၄၃၅ | ၃၄၅၀ | ၃၄၆၀ | ၃၄၁၅ | ၃၅၄၀ | ၃၅၇၀ | ၃၄၂၅ | ၃၄၄၀ | ၃၄၇၀ | ၃၄၆၀ | ၃၄၇၅ | ၃၈၇၅ | ၅၄၅၀ |
| HSD (500 ppm) | ၂၇၁၀ | ၂၇၉၅ | ၂၇၇၀ | ၂၇၂၀ | ၂၇၉၅ | ၂၈၀၅ | ၂၈၂၀ | ၂၇၇၅ | ၂၉၀၀ | ၂၉၃၀ | ၂၇၈၀ | ၂၈၀၀ | ၂၈၃၀ | ၂၈၂၀ | ၂၈၃၀ | ၃၂၃၅ | ၅၂၅၀ |
| HSD (50 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |
| HSD (10 ppm) | ၃၃၉၅ | ၃၄၇၅ | ၃၄၅၀ | ၃၄၀၀ | ၃၄၇၅ | ၃၄၉၀ | ၃၅၀၀ | ၃၄၅၅ | ၃၅၈၀ | ၃၆၁၀ | ၃၄၆၅ | ၃၄၈၀ | ၃၅၁၀ | ၃၅၀၀ | ၃၅၁၀ | ၃၉၁၅ | ၅၂၅၀ |

ကျပ်/လီတာ

| Fuel (လက်ကားဈေးနှုန်း) | ရန်ကုန် | မန္တလေး |
|---|---|---|
| 92 Ron | ၃၀၅၀ | ၃၁၄၄ |
| 95 Ron | ၃၁၈၇ | ၃၂၈၄ |
| HSD (500 ppm) | ၂၅၆၄ | ၂၆၄၅ |
| HSD (50 ppm) | ၃၂၂၄ | ၃၃၁၈ |
| HSD (10 ppm) | ၃၂၂၄ | ၃၃၁၈ |

မှတ်ချက်။ (၁) MOPS ဈေးနှုန်းပေါ်တွင် အခြေခံတွက်ချက်ထားခြင်း ဖြစ်ပါသည်။

(၂) သုံးစွဲသူ မိဘပြည်သူများအနေဖြင့် စက်သုံးဆီများ ဝယ်ယူသုံးစွဲရာတွင် ကျေနပ်မှုမရှိပါက ကော်မတီ၏ အောက်ဖော်ပြပါ ဖုန်းနံပါတ်များသို့ လုံခြုံစိတ်ချစွာဖြင့် သတင်းပေးတိုင်ကြားနိုင်ပါကြောင်း အသိပေးအပ်ပါသည်-

၀၆၇- ၄၁၁၃၇၃၊ ၀၉-၂၅၄၆၂၅၄၇၇

၀၆၇- ၄၁၁၂၈၂၊ ၀၉-၇၇၅၂၉၃၆၃၂

စက်သုံးဆီတင်သွင်းသိုလှောင်ဖြန့်ဖြူးခြင်းလုပ်ငန်းကြီးကြပ်ရေးကော်မတီ

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး တင်အောင်စန်း ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့ တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာ

**ရန်ကုန် စက်တင်ဘာ ၁၁**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် တရုတ်ပြည်သူ့သမ္မတနိုင်ငံ အမျိုးသားကာကွယ်ရေးဝန်ကြီးဌာန ဝန်ကြီး ဗိုလ်ချုပ်ကြီး တုန်ကျွင်း (Admiral Dong Jun)၏ ဖိတ်ကြားချက်အရ ပေကျင်းမြို့၌ ကျင်းပပြုလုပ်မည့် (၁၁) ကြိမ်မြောက် ပေကျင်းရှန်ကျန်းဖိုရမ် (11" Beijing Xiangshan Forum) သို့ တက်ရောက်ရန် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့မှ လေကြောင်းခရီးဖြင့် တရုတ်ပြည်သူ့သမ္မတနိုင်ငံသို့ ထွက်ခွာသွားသည်။

**ပို့ဆောင်နှုတ်ဆက်**

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့အား ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်ပြည်သူ့သမ္မတနိုင်ငံသံရုံးနှင့်စစ်သံရုံးမှ တာဝန်ရှိသူများနှင့် တပ်မတော်အရာရှိကြီးများက ရန်ကုန်အပြည်ပြည်ဆိုင်ရာလေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(ယာပုံ)**

**သတင်းစဉ်**



# ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေး ကျင်းပ

## အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့် ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့်အရေးကြီးကုန်စည်များ ပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့်စပ်လျဉ်း၍ နေ့စဉ်ကြပ်မတ်ဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ (၃/၂၀၂၄) အစည်းအဝေးကို ယနေ့ မွန်းလွဲ ၁ နာရီတွင် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ရုံးအမှတ်(၃၂) အစည်းအဝေးခန်းမ၌ ကျင်းပရာ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့် ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝင်းရှိန် တက်ရောက်အမှာစကား ပြောကြားသည်။ **(အောက်ပုံ)**

အစည်းအဝေးသို့ ပြည်ထောင်စုကုန်စျေးနှုန်း တည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ် ဒုတိယဥက္ကဋ္ဌ၊ ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေး ဗဟိုကော်မတီ တွဲဖက်အတွင်းရေးမှူး၊ ညွှန်ကြားရေးမှူးချုပ်များ၊ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံကုန်သည်များနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ်ဥက္ကဋ္ဌနှင့် တာဝန်ရှိပုဂ္ဂိုလ်များ တက်ရောက်ကြပြီး တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ စီးပွားရေးရာဝန်ကြီးများ၊ စည်ပင်သာယာရေးကော်မတီအတွင်းရေးမှူးများက ဗီဒီယိုကွန်ဖရင့်စနစ်ဖြင့် တက်ရောက်ကြသည်။

**စျေးနှုန်းကိုလစဉ်ထုတ်ပြန်ပေးလျက်ရှိ**

အစည်းအဝေးတွင် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေး ကော်မတီဥက္ကဋ္ဌ၊ ဒုတိယဝန်ကြီးချုပ်နှင့် စီမံကိန်းနှင့်ဘဏ္ဍာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အဖွင့်အမှာစကားပြောကြားရာတွင် ဆန်စျေးနှုန်းနှင့်စပ်လျဉ်း၍ သင့်တင့်မျှတသော စျေးနှုန်းဖြင့် ပြည်သူများ လွယ်ကူစွာ ဝယ်ယူစားသုံးနိုင်ရန် ဆန်စျေးကွက်စျေးနှုန်းကို လစဉ်ထုတ်ပြန်ပေးလျက်ရှိကြောင်း၊ ဆန်စက်များ ပုံမှန်လည်ပတ်ရေး၊ ဆန်ဆိုင်များ ပုံမှန်ဖွင့်လှစ်ရောင်းချရေးအတွက် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများ ပူးပေါင်း၍ ကြပ်မတ်ဆောင်ရွက်ခဲ့ပါကြောင်း။

စားသုံးဆီနှင့်စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် စားအုန်းဆီခွဲတမ်းတိုးမြှင့်ရရှိရေး ဆောင်ရွက်ပေးခဲ့ကြောင်း၊ စားအုန်းဆီများ စားသုံးသူလက်ဝယ်သို့ စျေးနှုန်း၊ အလေးချိန်မှန်ကန်စွာရောင်းချစေရန် သက်ဆိုင်ရာဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း။

ဆေးနှင့် ဆေးပစ္စည်းနှင့် စပ်လျဉ်း၍ တိုင်းဒေသကြီး၊ ပြည်နယ်များတွင် ဆေးဝါးပြတ်လပ်မှုနှင့် စျေးနှုန်းမြင့်တက်မှုများမဖြစ်ပေါ်စေရေးအတွက် သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ တိုင်းဒေသကြီး/ပြည်နယ်အစိုးရများ၊ ပုဂ္ဂလိကအသင်းအဖွဲ့များနှင့် ပူးပေါင်းဆောင်ရွက်ခဲ့ကြောင်း။

**ပူးပေါင်းဆောင်ရွက်ပေး**

စက်သုံးဆီနှင့်စပ်လျဉ်း၍ ကုန်ထုတ်လုပ်မှုနှင့် သယ်ယူပို့ဆောင်ရေးကဏ္ဍများအတွက် မရှိမဖြစ်လိုအပ်သည့် စက်သုံးဆီပြတ်လပ်မှုမရှိစေရန် နိုင်ငံတော်အနေဖြင့် ဦးစားပေး ဆောင်ရွက်လျက်ရှိကြောင်း၊ ထို့အပြင် စက်သုံးဆီဝယ်ယူရန် လိုအပ်သော နိုင်ငံခြားငွေရရှိရေးအတွက် မြန်မာနိုင်ငံတော်ဗဟိုဘဏ်အနေဖြင့် သက်ဆိုင်ရာဌာနများနှင့် ပူးပေါင်းဆောင်ရွက်ပေးလျက်ရှိကြောင်း။

ဒေသအချို့တွင် စပါးခင်းများ ရေကြီးနစ်မြုပ်မှုများကြောင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း မြန်မာ့အာမခံလုပ်ငန်းတွင် ထားရှိသည့် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံအတွက် ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီးနှင့် မွန်ပြည်နယ်တို့တွင် စုစုပေါင်း လျော်ကြေးငွေအနေဖြင့် ၁၂ ဒသမ ၂၆၅ ဘီလီယံခန့် ပေးလျော်သွားမည်ဖြစ်ကြောင်း၊ လယ်သမားများအနေဖြင့် ဆုံးရှုံးမှုမရှိစေရန် ရာသီဥတုညွှန်းကိန်းအခြေပြု သီးနှံအာမခံထားရှိရေး၊ ဆုံးရှုံးမှုများ ဖြစ်ပေါ်ပါက အာမခံလျော်ကြေးပေးအပ်မှု အခြေအနေများကိုလည်း ပြည်သူများ သိရှိရေး အသိပညာပေးမှုများ ဆောင်ရွက်ပေးရမည်ဖြစ်ကြောင်း၊ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် စပါးအထွက်နှုန်း မကျဆင်းစေရန် ပြန်လည်စိုက်ပျိုးနိုင်မည့် မျိုးစပါး၊ မြေဩဇာနှင့် စိုက်ပျိုးရေးဆေးများ အချိန်မီရရှိရေးအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်အပါအဝင် သက်ဆိုင်ရာ တာဝန်ရှိသူများအားလုံးက ပူးပေါင်းဆောင်ရွက်သွားရမည်ဖြစ်ကြောင်း။

ယနေ့အစည်းအဝေးတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များအနေဖြင့် အဓိကစားသောက်ကုန်ဖြစ်သည့် ဆန်၊ စားသုံးဆီအပါအဝင် အခြေခံစားသောက်ကုန်များ၊ ဆေးနှင့်ဆေးပစ္စည်းများ၊ စက်သုံးဆီ စသည့်အရေးကြီးကုန်စည်များ ပြတ်လပ်မှုမရှိစေရေး၊ ကုန်စျေးနှုန်းတည်ငြိမ်ရေးနှင့် စပ်လျဉ်း၍ နေ့စဉ်ကြပ်မတ်ဆောင်ရွက်လျက်ရှိသည့် အခြေအနေ၊ တွေ့ကြုံရသည့် အခက်အခဲ၊ ဆောင်ရွက်သင့်သည့် ကိစ္စရပ်များအား ဆွေးနွေးတင်ပြပေးရန် တိုက်တွန်းပြောကြားသည်။

ဆက်လက်၍ ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ ဒုတိယဥက္ကဋ္ဌ၊ စီးပွားရေးနှင့် ကူးသန်းရောင်းဝယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက ဆန်၊ စားအုန်းဆီ၊ ဆေးနှင့် ဆေးဝါးပစ္စည်းများအပါအဝင် အခြေခံစားသောက်ကုန်များ စျေးနှုန်းတည်ငြိမ်ရေးဆောင်ရွက်မှုနှင့် ဆက်လက်ဆောင်ရွက်မည့် အခြေအနေများကို ဆွေးနွေးတင်ပြပြီး တိုင်းဒေသကြီးနှင့် ပြည်နယ်များ၏ ဝန်ကြီးချုပ်များ၊ ကော်မတီအဖွဲ့ဝင်များက ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီ အစည်းအဝေးဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ပြီးစီးမှု၊ အဓိကကုန်စည်စျေးနှုန်းများအပေါ် သုံးသပ်ချက်၊ တိုင်းဒေသကြီးနှင့် ပြည်နယ်အလိုက် စိုက်ပျိုးမွေးမြူထုတ်လုပ်မှု၊ စားသုံးမှုနှင့် စားနပ်ရိက္ခာဖူလုံမှုအခြေအနေနှင့် အခြေခံစားသောက်ကုန် စျေးနှုန်းများ တည်ငြိမ်စေရေး ဆောင်ရွက်ချက်များကို ဆွေးနွေးတင်ပြကြသည်။

ထို့နောက် ပြည်ထောင်စုကုန်စျေးနှုန်းတည်ငြိမ်ရေးကော်မတီဥက္ကဋ္ဌက ဆွေးနွေးတင်ပြချက်များနှင့် စပ်လျဉ်း၍ သက်ဆိုင်ရာကဏ္ဍနှင့် ဒေသအလိုက် ကုန်စျေးနှုန်းတည်ငြိမ်စေရေး ဆောင်ရွက်ရမည့် လုပ်ငန်းများနှင့် လိုအပ်ချက်များအား ညှိနှိုင်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**



# ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်း စာဆိုဗိမာန်အဆောက်အဦ သုံးထပ်(RC) ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ကြိုတင်ကြည့်ရှုစစ်ဆေး





**ရန်ကုန် စက်တင်ဘာ ၁၁**

ပြန်ကြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမောင်မောင်အုန်းသည် ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်မြို့ မင်္ဂလာတောင်ညွန့်မြို့နယ်ရှိ စာဆိုဗိမာန်အဆောက်အဦ သုံးထပ်(RC)တည်ဆောက်မည့်မြေနေရာ၌ ပန္နက်တင်မင်္ဂလာအခမ်းအနား ကျင်းပနိုင်ရေး ကြိုတင်ကြည့်ရှုစစ်ဆေးသည်။

ရှေးဦးစွာ Myanmar Land & Development Ltd မှ Project Driector ဒေါ်ယုယုနိုင်က စာဆိုဗိမာန်အဆောက်အဦတည်ဆောက်ရေးစီမံကိန်း မြေနေရာချထားမှု အခြေအနေများနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြသည်။

ထို့နောက် ရှင်းလင်းတင်ပြချက်များနှင့် စပ်လျဉ်း၍ ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန် အဆောက်အဦဝင်းအတွင်း အပြင် သာယာလှပစေရန် သစ်ပင်၊ ပန်းမန်အလှပင်များ စနစ်တကျ စိုက်ပျိုးထားရှိရေး၊ ပန္နက်တင်အခမ်းအနားအတွက် တည်ဆောက်ပြီး၊ တည်ဆောက်ဆဲနှင့် ဆက်လက် တည်ဆောက်သွားမည့်အဆောက်အဦပုံစံငယ်များကို ပြသနိုင်ရေး၊ စာဆိုဗိမာန်တွင် ပေပုရပိုက်များကို ထည့်သွင်းထားရှိမည်ဖြစ်သည့်အတွက် နိုင်ငံတကာပြတိုက်စံနှုန်းများနှင့်အညီ စနစ်တကျဖြစ်စေရန် တည်ဆောက်ရေး၊ တည်ဆောက်ရာတွင် စံချိန်စံနှုန်းပြည့်မီသည့် ဆောက်လုပ်ရေးလုပ်ငန်းသုံး ပစ္စည်းများကို အသုံးပြုဆောင်ရွက်ရေး၊ နိုင်ငံတော်အဆင့် အဆောက်အဦဖြစ်သည့်အပြင် အိန္ဒိယ - မြန်မာ ချစ်ကြည်ရေး အထိမ်းအမှတ် အဆောက်အဦဖြစ်သည့်အတွက် စာဆိုဗိမာန်ကို စနစ်တကျဖြစ်စေရန် ညှိနှိုင်းဆောင်ရွက်သွားရေး၊ စာဆိုဗိမာန်တွင် မြန်မာနိုင်ငံ၌ ထင်ရှားကျော်ကြားခဲ့သည့် ခေတ်သုံးခေတ်မှ စာဆိုတော်ကြီးများ၊ တစ်သက်စာပေဆုရရှိခဲ့ကြသည့် စာပေပညာရှင်များနှင့် ကဗျာဆရာများ၏ ရုပ်တုများ ထားရှိရေးတို့ကို မှာကြားသည်။

## လှည့်လည်ကြည့်ရှု

ယင်းနောက် ပြည်ထောင်စုဝန်ကြီးက စာဆိုဗိမာန်တည်ဆောက်မည့် မြေနေရာနှင့် ယခင် ဂိမ်းစီးတီး သုံးထပ်အဆောက်အဦဟောင်းအား အဆင့်မြှင့်တင်ပြင်ဆင်ဆောင်ရွက်ကာ စာပေဗိမာန် ပြည်သူ့စာကြည့်တိုက်အဖြစ် ပြုပြင်ဆောင်ရွက်သွားမည့် အခြေအနေကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး တာဝန်ရှိသူများအား လိုအပ်သည်များကို မှာကြားသည်။ **(အပေါ်ပုံ)**

အဆိုပါစာဆိုဗိမာန်အဆောက်အဦကို အိန္ဒိယနိုင်ငံအစိုးရ၏ အကူအညီ အထောက်အပံ့ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

စာဆိုဗိမာန်အဆောက်အဦ သုံးထပ် (RC) အကျယ်အဝန်းမှာ အလျား ပေ ၁၆၀ x အနံ ပေ ၁၄၀x အမြင့် ၅၇ ပေ ၈ လက်မ သုံးထပ် (RC) အဆောက်အဦဖြစ်ပြီး ၅၂၁၂၈ စတုရန်းပေ ဖြစ်သည်။

နိုင်ငံတော် အကြီးအကဲက မြန်မာနိုင်ငံ၌ ပေါ်ထွန်းခဲ့သော စာပေပညာရှင်များနှင့် စာရေးဆရာများကို အသိအမှတ်ပြုချီးမြှင့်ရာရောက်စေမည့် စာဆိုဗိမာန်တစ်ခု အောင်မြင်စွာ ပေါ်ပေါက်ဖြစ်ထွန်းလာစေရေး သက်ဆိုင်ရာ ဝန်ကြီးဌာနများ၊ အဖွဲ့အစည်းများမှ စာပေအနုပညာဆိုင်ရာ ပုဂ္ဂိုလ်များနှင့် ပေါင်းစပ်ညှိနှိုင်းပြီး အကောင်အထည်ဖော်ဆောင်ရွက်ရန် ၂၀၁၁ ခုနှစ် စက်တင်ဘာ ၂၄ ရက်တွင် လမ်းညွှန်မှုပြုခဲ့သည့်အတွက် စာဆိုဗိမာန်တည်ဆောက်ရေးစီမံကိန်းလုပ်ငန်းကို ပြန်ကြားရေးဝန်ကြီးဌာနကိုယ်စား ပုံနှိပ်ရေးနှင့် ထုတ်ဝေရေးဦးစီးဌာနက တာဝန်ယူ ဆောင်ရွက်လျက် အဆောက်အဦကို ရန်ကုန်တိုင်းဒေသကြီး မင်္ဂလာတောင်ညွန့်မြို့နယ် ဥယျာဉ်ရပ်ကွက်ရှိ မြေတိုင်းရပ်ကွက် (၁၈-အေ)၊ မြေကွက်အမှတ်(၂၉ ၏ တစ်စိတ်တစ်ဒေသ) အခမဲ့ မြေကွက်အမျိုးအစားဖြစ်သော မြေဧက ၂ ဒသမ ၁၈ ဧကပေါ်တွင် တည်ဆောက်သွားမည်ဖြစ်သည်။

စာဆိုဗိမာန် အဆောက်အဦ ဒီဇိုင်းပုံစံကို ဆောက်လုပ်ရေးဝန်ကြီးဌာန မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာနက ရေးဆွဲပေးပြီး အဆောက်အဦ၏ ခန့်မှန်းတန်ဖိုးကို အဆောက်အဦ ဦးစီးဌာနက တာဝန်ယူတွက်ချက်ပေးသည်။

**နှစ်နှစ်စီမံကိန်းအဖြစ်သတ်မှတ်**

စာဆိုဗိမာန်အဆောက်အဦကို နှစ်နှစ်စီမံကိန်းအဖြစ် သတ်မှတ်ထားကြောင်း သိရသည်။

**သတင်းစဉ်**

# ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်တိုင်းဒေသကြီး ဝန်ကြီးများ(တိုင်းဒေသကြီးအဆင့်) အဆို၊ အက၊ အရေး၊ အတီး ပြိုင်ပွဲယှဉ်ပြိုင်နေမှုများ လိုက်လံကြည့်ရှုအားပေး



**ရန်ကုန် စက်တင်ဘာ ၁၁**

ရန်ကုန်တိုင်းဒေသကြီး (၂၅)ကြိမ်မြောက် ငွေရတုအထိမ်းအမှတ် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို၊ အက၊ အရေး၊ အတီး(တိုင်းဒေသကြီးအဆင့်)ပြိုင်ပွဲအား မရမ်းကုန်းမြို့နယ် မြန်မာကွန်ဗင်းရှင်းစင်တာ(MCC)တွင် စက်တင်ဘာ ၈ ရက်က ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများ စတင်ယှဉ်ပြိုင်လျက်ရှိသည်။

ထိုသို့ ဘာသာရပ်အလိုက် ပြိုင်ပွဲဝင်များ၏ ယှဉ်ပြိုင်နေမှုများကို စက်တင်ဘာ ၉ ရက် နံနက်ပိုင်းက ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများက လှည့်လည်ကြည့်ရှုအားပေးကြပြီး အကဲဖြတ်ဒိုင်အဖွဲ့ဝင်များအား ရင်းရင်းနှီးနှီး နှုတ်ဆက်ကြသည်။

အဆိုပါပြိုင်ပွဲအား စက်တင်ဘာ ၈ ရက်မှ ၁၀ ရက်အထိ ကျင်းပရာ ဝါသနာရှင် (ပထမတန်းအဆင့်)၊ (ဒုတိယတန်းအဆင့်) မဟာဂီတ၊ ခေတ်ဟောင်း၊ ကာလပေါ်၊ အမျိုးဂုဏ်၊ ဇာတိဂုဏ်၊ မင်းသား၊ မင်းသမီးအက၊ ရုပ်သေးကြိုးဆွဲအက၊ ကွက်စိပ်၊ တေးသီချင်းများရေးသားခြင်း၊ ရေးသားပြီး သီချင်းများအား သံစဉ်ထည့်၍ သီဆိုယှဉ်ပြိုင်ခြင်း၊ စောင်း၊ စန္ဒရား၊ ပတ္တလား၊ တယော၊ မယ်ဒလင်၊ ဂီတာ၊ ဒုံမင်းတီးခတ်ခြင်း၊ နှဲ၊ ပလွေတီးမှုတ်ခြင်း၊ ဆိုင်းတစ်ဦးချင်း၊ ဆိုင်းအဖွဲ့လိုက်တီးခတ်ခြင်း၊ အိုးစည်အဖွဲ့လိုက် တီးခတ်ခြင်း၊ ဒိုးပတ်အဖွဲ့လိုက် တီးခတ်ခြင်းစသည်ဖြင့် သက်ဆိုင်ရာဘာသာရပ်များအလိုက် ဝါသနာရှင်ပြိုင်ပွဲဝင်ပေါင်း ၃၁၀ ပါဝင်ယှဉ်ပြိုင်ခဲ့ကြောင်း၊ ပြိုင်ပွဲများတွင် ထူးချွန်ဆုရရှိသူများအား ရန်ကုန်တိုင်းဒေသကြီးအစိုးရအဖွဲ့ရုံးတွင် ဆုချီးမြှင့်ပွဲအခမ်းအနားပြုလုပ်ကာ ဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်းနှင့် ၎င်းတို့အား ရန်ကုန်တိုင်းဒေသကြီးကိုယ်စားပြု ရွေးချယ်၍ နေပြည်တော်၌ကျင်းပမည့် ပြိုင်ပွဲများတွင် ဆက်လက်ယှဉ်ပြိုင်စေမည်ဖြစ်ကြောင်း သိရသည်။

**ဆန်းကျော်ဦး(ပြန်/ဆက်)**

❑ *ရှေ့ဖုံးမှ*

ပွင့်ဖြူမြို့နယ်၌ ယခုနှစ်မိုးသီးနှံ စိုက်ပျိုးရာသီတွင် ပြည်တွင်း စားသုံးဆီ ဖူလုံပို လျှံစေရန်နှင့် ဆီထွက်သီးနှံ စိုက်ပျိုးစွမ်းအား ဖွံ့ဖြိုးတိုးတက်စေရန်အတွက် ဒေသခံတောင်သူများက မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန၏ ကြီးကြပ်မှုဖြင့် နှမ်းသီးနှံ ၁၃၃၉၅ ဧက၊ မြေပဲသီးနှံ ၁၆၆၁ ဧက ၊ နေကြာသီးနှံ ၉၃၀ ဧက စုစုပေါင်း ဆီထွက်သီးနှံစုံ ၁၅၉၈၆ ဧက စိုက်ပျိုးရန်လျာထားပြီး ယခုနှစ်ဇွန်လမှ စတင်စိုက်ပျိုးခဲ့ရာ ယနေ့အထိ ဆီထွက်သီးနှံစုံ ၂၈၆၆၈ ဧက စိုက်ပျိုးပြီးစီးပြီဖြစ်ကြောင်း သိရသည်။

ပွင့်ဖြူမြို့နယ်၌ ယခုနှစ် မိုးသီးနှံ စိုက်ပျိုးရာသီတွင် ဆီထွက်သီးနှံ စိုက်ပျိုးတောင်သူများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနက ဒေသနှင့် ကိုက်ညီသည့် မျိုးကောင်း မျိုးသန့်များရရှိရေး၊ စိုက်နည်းစနစ်များ မှန်ကန်ရေး၊ ပိုးမွှားကျရောက်မှု ကင်းရှင်းရေး၊ ဓာတ်မြေဩဇာ စနစ်တကျသုံးစွဲရေးနှင့် အထွက်နှုန်းကောင်းမွန်ရေးတို့အတွက် သက်ဆိုင်ရာဆက်စပ်ဌာနများနှင့် ပူးပေါင်းပြီး စိုက်ပျိုးရေး အသိပညာပေးလုပ်ငန်းများကို ကူညီဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

**လှိုင်ဝင်းလေး (ပွင့်ဖြူမြေ)**

# ကျိုက်ထိုမြို့နယ် ရန်ကုန် - မော်လမြိုင်ကားလမ်း ရေကျော်ပြီး နေအိမ်များ ရေကြီးရေလျှံ

**ကျိုက်ထို စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်၌ စက်တင်ဘာ ၁၁ ရက် နံနက်ပိုင်း၌ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု ရန်ကုန်- မော်လမြိုင်သွားကားလမ်း မိုင်တိုင်အမှတ် (၁၀၆/၂) နှင့် (၁၀၆/၃)အကြား ရေလေးလက်မခန့်၊ လမ်းအရှည် ပေ ၄၀၀ ခန့်နှင့် မိုင်တိုင်အမှတ် (၁၀၆/၆) နှင့်(၁၀၆/၇)အကြား ကားလမ်းမကြီးပေါ်တွင် ရေလေးလက်မခန့်၊ လမ်းအရှည် ပေ ၃၀၀ ခန့် ကားလမ်းရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကားလမ်းရေကျော်နေမှုကြောင့် ယာဉ်များ ပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ရေလမ်းကြောင်းပြသရန်အတွက် မြို့နယ်လမ်းဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ယာဉ်ထိန်းတပ်ဖွဲ့ဝင်များနှင့် ရွှေသံလွင်ကုမ္ပဏီတို့ ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

ထို့ပြင် မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် ယနေ့နံနက်ပိုင်းတွင် ကဒတ်ချောင်းရေမြင့်တက်လာမှုဖြစ်ပွားကာ ကျိုက်ထိုမြို့ ကော့စံနိုင်ရပ်ကွက် အေးရိပ်ငြိမ်အရှေ့ပိုင်း၊ အေးရိပ်ငြိမ် အနောက်ပိုင်း၊ ဇေယျာရွှေပြည်ပိုင်း၊ အုတ်ဖိုပိုင်းနှင့် ဇေယျာမွန်ရပ်ကွက်၊ တိုးချဲ့ကွက်သစ် (၁၊ ၂၊ ၃၊ ၄)လမ်းရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့သည်။

နေအိမ်များသို့ ရေများဝင်ရောက်ခဲ့သဖြင့် ကော့စံနိုင်ရပ်ကွက်ရှိ အိမ်ထောင်စု ၃၉ စု၊ လူဦးရေ ၁၃၄ ဦးတို့အား ကော့စံနိုင်ရပ်ကွက် တောရဘုန်းတော်ကြီးကျောင်း ခမ္မာရုံကယ်ဆယ်ရေးစခန်း၌လည်းကောင်း၊ ဇေယျာမွန်ရပ်ကွက်ရှိ အိမ်ထောင်စု ၁၃ စု၊ လူဦးရေ ၄၅ ဦးအား ဇေယျာမွန်ရပ်ကွက် တောရရွှေဂူဘုန်းတော်ကြီးကျောင်း ခမ္မာရုံကယ်ဆယ်ရေးစခန်း၌လည်းကောင်း ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

**မြို့နယ် (ပြန်/ဆက်)**

# လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန်လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏ နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန် ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေ ကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလို တုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့ အစမ္ပဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှု မခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

❂ *ရှေ့ဖုံးမှ*

မန္တလေးတိုင်းဒေသကြီးနှင့် ရှမ်းပြည်နယ်အတွင်း မိုးများအဆက်မပြတ်ရွာသွန်းမှုကြောင့် ရန်ကုန်-မန္တလေး ရထားလမ်းပိုင်းအတွင်း သာစည်မြို့နယ် ရှမ်းရွာဘူတာယာဒ်ဝင်းနှင့် ရှမ်းရွာ-ပျော်ဘွယ် လမ်းပိုင်းအတွင်း(၇)နေရာတို့တွင် သံလမ်းပေါ် ရေကျော်ခြင်းနှင့် ရထားလမ်းတာပေါင် ထူးပေါက်ခြင်း၊ ရှမ်းရွာနှင့် ရမည်းသင်းဘူတာအကြား(၈)နေရာတို့၌ ရထားလမ်း ရေတိုက်စားခြင်း၊ တံတားအမှတ်(၅၁၅) အဆန်လမ်းစွန်းခံနေရာ ရေတိုက်စားခြင်း၊ တံတားအမှတ် (၅၂၉)ဒေါက်တိုင်ပြတ်ထွက်ခြင်းနှင့် မန္တလေးဘက်ခြမ်း တံတားရေတိုက်စားခြင်း၊ တပ်ကုန်း-မကျည်းပင်ဘူတာအကြား၊ မကျည်းပင်-ညောင်လွန့်ဘူတာအကြားနှင့် ညောင်လွန့်ဘူတာ ယာဒ်ဝင်းအတွင်း ရထားလမ်းပေါ် ရေကျော်နေခြင်း၊ ရမည်းသင်း-အင်ကြင်းကန်ဘူတာအကြား ရထားလမ်းတာပေါင် ထူးပေါက်ခြင်းတို့အပြင် ဝမ်းတွင်းမြို့နယ်၊ သပြေတောင်း - သဲတောဘူတာအကြား တံတားအမှတ်(၆၉၁) အစုန်/အဆန် တံတားများ၏ အောက်ခြေရေထိရန် ၉ ပေ ၂ လက်မခန့်သာလိုတော့သဖြင့် ရထားဖြတ်သန်းရန် အန္တရာယ်ရှိနိုင်ခြင်းနှင့် သာစည်-ရွှေညောင်လမ်းပိုင်းအတွင်း သာစည်-လှိုင်းတက်ဘူတာအကြား တံတားအမှတ်(၃၀)၊ လှိုင်းတက်-ဘုရားငါးဆူဘူတာအကြား တံတားအမှတ်(၃၄)နှင့် (၃၅)တို့၏ တံတားတာပေါင်များ ရေတိုက်စားနေခြင်း၊ ဘုရားငါးဆူ-ယင်းမာပင်ဘူတာအကြား တံတားအမှတ် (၄၈)၏ ရွှေညောင်ဘက်ကမ်းကပ်ခုံ ရေတိုက်စားခြင်းနှင့် ရထားလမ်းတာပေါင်အား ရေတိုက်စားနေခြင်း၊ ကလော-မြင်းဒိုက်ဘူတာအကြား(၆)နေရာတွင် ရထားသံလမ်းပေါ်ရေကျော်နေခြင်း၊ အောင်ပန်းဘူတာယာဒ်ဝင်းအတွင်း သံလမ်းမျက်နှာပြင်အထက် ၁၀ လက်မခန့် ရေကျော်နေခြင်းတို့ကြောင့် ယနေ့နံနက်ပိုင်းမှ စတင်၍ ရထားလမ်းပိုင်းများအား ယာယီပိတ်သိမ်းခဲ့ရသည်။ ထို့အတူ တောင်ကြီးမြို့နယ်အတွင်း စက်တင်ဘာ ၉ ရက်မှစ၍ မိုးသည်းထန်စွာ ရွာသွန်းမှုကြောင့် ရွှေညောင်-တောင်ကြီးလမ်းပိုင်း ထီသိမ်-ပေါ်မူ ဘူတာအကြား တောင်ကြီးမြို့သို့ ရေပေးဝေသည့် ထီသိမ်ကန်မှ ရေများလျှံပြီး ရထားလမ်းတူးမြောင်း တာပေါင်ရေတိုက်စားမှုကြောင့် တာပေါင်ပြိုကျပြီး ရထားလမ်းပိတ်ဆို့ခြင်းတို့ဖြစ်ပေါ်ခဲ့သည်။

ရထားလမ်းပိုင်းပိတ်သိမ်းမှုကြောင့် ယနေ့ နံနက် ၆ နာရီတွင် ရန်ကုန်မှ ပုံမှန်ထွက်ခွာလာသည့် အမှတ်(၁၁)အဆန်ရထားသည် နေပြည်တော်ဘူတာသို့ ယနေ့ ညနေ ၅ နာရီ ၂၂ မိနစ်တွင် ရောက်ရှိပြီး ရထားဖြင့်လိုက်ပါလာသည့် ခရီးသည် ၁၁၈ ဦးအား နေပြည်တော်ဘူတာမှတစ်ဆင့် မန္တလေးသို့ မော်တော်ယာဉ် သုံးစီးဖြင့် ညနေ ၆ နာရီတွင် ဆက်လက်ပို့ဆောင်ပေးခဲ့သည်။



သာစည်-ရွှေညောင်လမ်းပိုင်း၊ လှိုင်းတက်နှင့်ဘုရားငါးဆူကြား တံတားရေတိုက်စားမှုအခြေအနေ။

ရထားလမ်းပိုင်းအတွင်း ရေကြီးရေလျှံမှုနှင့် တံတားများ ရေထိုးမှုများဖြစ်ပေါ်လျက်ရှိပြီး ရေကျသွားသည့်အချိန်တွင် ရထားလမ်းမြေသားတာပေါင်နှင့် တံတားများအား အသေးစိတ်ကြည့်ရှုစစ်ဆေးပြီး ကွံ့ခိုင်ရေးလုပ်ငန်းများအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် ရထားလမ်းပိုင်းနှင့် တံတားများ စစ်ဆေးပြုပြင်ပြီးပါက ရထားများ ပုံမှန်အတိုင်း ပြန်လည်ပြေးဆွဲပေးသွားမည်ဖြစ်ကြောင်း မြန်မာ့မီးရထားမှ သတင်းရရှိသည်။ **သတင်းစဉ်**



ရန်ကုန်-မန္တလေးရထားလမ်းပိုင်း ရှမ်းရွာနှင့် ပျော်ဘွယ်ဘူတာအကြား ရထားလမ်းတာပေါင်များ ရေတိုက်စားပြီး ထူးပေါက်မှုအခြေအနေ။



ရန်ကုန်-မန္တလေး အမှတ်(၁၁)အဆန် လူစီးအမြန်ရထားစီးခရီးသည်များအား နေပြည်တော်ဘူတာမှ မန္တလေးသို့ မော်တော်ယာဉ်များဖြင့် ပို့ဆောင်ပေးနေစဉ်။

# ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် “မာရဝိဇယပုံတူမြတ်စွာဘုရား” ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားသို့ တက်ရောက်ကြည်ညို



နေပြည်တော် စက်တင်ဘာ ၁၁

**ပြည်ထောင်စုနယ်မြေ နေပြည်တော် ပျဉ်းမနားမြို့ မင်္ဂလာရှမ်းကန်အတွင်း အသစ်တဖန် ပြန်လည်တည်ဆောက်ပြီးစီးသည့် “ရေလယ်ဘုရားကျောင်းဆောင်” အတွင်း ကိန်းဝပ်စံပယ်တော်မူသော “မာရဝိဇယပုံတူမြတ်စွာဘုရား” ဗုဒ္ဓါဘိသေက အနေကဇာတင် မဟာမင်္ဂလာအခမ်းအနားနှင့် ရှင်ဥပဂုတ္တကိုယ်တော်မြတ်ကြီးနှင့် ကျောင်းဆောင်ဆောက်လုပ်လှူဒါန်းခြင်းအတွက် ရေစက်ချအလှူတော်မင်္ဂလာအခမ်းအနားကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။** (ယာပုံ)

အခမ်းအနားသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်နှင့် နေပြည်တော်ကောင်စီဥက္ကဋ္ဌ မြို့တော်ဝန် ဦးသန်းထွန်းဦး၊ နေပြည်တော်ကောင်စီဝင်များ၊ ဒုတိယမြို့တော်ဝန် ဦးမောင်မောင်နှင့် နေပြည်တော်စည်ပင်သာယာရေးကော်မတီဝင်များ၊ နေပြည်တော်အဆင့်ဌာနဆိုင်ရာများ၊ အလှူရှင်များ၊ မြို့မိမြို့ဖများ တက်ရောက်ကြသည်။

အခမ်းအနားတွင် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော် အဂ္ဂမဟာပဏ္ဍိတ အဂ္ဂမဟာ သဒ္ဓမ္မဇောတိကဓဇ ဘဒ္ဒန္တဝိမလဗုဒ္ဓိထံမှ ကိုးပါးသီလခံယူဆောက်တည်ကြပြီး ဆရာတော် သံဃာတော်များ ရွတ်ပွားတော်မူသည့် ပရိတ်တရားတော်များကို နာယူကြည်ညိုကြသည်။

ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌက သာသနာရေးဆိုင်ရာများ လျှောက်ထားပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဇနီးတို့က ဆရာတော် သံဃာတော်များထံ နဝကမ္မဝတ္ထုငွေများ ဆက်ကပ်လှူဒါန်းကြသည်။

ယင်းနောက် ပြည်ထောင်စုဝန်ကြီးနှင့် ဧည့်သည်တော်များသည် ပျဉ်းမနားမြို့ ပါဠိတက္ကသိုလ် မင်္ဂလာဇေယျုံကျောင်းတိုက် ပဓာနနာယက ဆရာတော်ထံမှ အနုမောဒနာတရားနာကြား၍ လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းလောင်း အမျှပေးဝေကာ ဆရာတော် သံဃာတော်များအား အရုဏ်ဆွမ်း ဆက်ကပ်လှူဒါန်းကြသည်။

နံနက်ပိုင်းတွင်နေပြည်တော်ကောင်စီဥက္ကဋ္ဌသည် တာဝန်ရှိသူများနှင့်အတူ တပ်ကုန်းမြို့နယ်၊ ရန်ကုန်-မန္တလေး ပြည်ထောင်စုလမ်းမကြီးရှိ ရေကြီးရေလျှံဖြစ်ပေါ်နေသည့် နေရာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



## မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသန့်ရှင်းရေးနှင့် သွေးလှူဒါန်း

**ပြည် စက်တင်ဘာ ၁၁**

နှစ်(၆၀)ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပြည်မြို့အမှတ်(၃၇)မူးယစ်တပ်ဖွဲ့စု (ပြည်)မှ တပ်ဖွဲ့ဝင်များသည် ယနေ့နံနက်ပိုင်းက ပြည်မြို့ ရတနာဒီပလမ်းရှိ လေးထပ်ပြင်ဘုန်းတော်ကြီးကျောင်း၌ သန့်ရှင်းရေးပြုလုပ်ခြင်းနှင့် ခုတင်(၅၀၀)အထွေထွေရောဂါကုဆေးရုံကြီး သွေးလှူဘဏ်၌ စုပေါင်းသွေးလှူဒါန်းခြင်း အကျိုးပြုလုပ်ငန်းများကို ဆောင်ရွက်ကြသည်။

ထိုသို့ဆောင်ရွက်ရာတွင် တပ်ဖွဲ့ဝင်များက လေးထပ်ပြင်ဘုန်းတော်ကြီးကျောင်းဝင်းအတွင်း ပေါင်းမြက်များနှင့် ချုံနွယ်များခုတ်ထွင်ရှင်းလင်းခြင်းတို့ကိုဆောင်ရွက်ကြပြီး ပြည်မြို့ ခုတင် (၅၀၀) ဆေးရုံကြီး သွေးလှူဘဏ်သို့သွားရောက်၍ ဇီဝိတဒါန စုပေါင်းသွေးလှူဒါန်းခဲ့ကြောင်း သိရသည်။ **(ဝဲပုံ) ကိုဆက်(ပြန်/ဆက်)**

# ရေဘေးအန္တရာယ် ကြိုတင်ပြင်ဆင်ရေးနှင့်စပ်လျဉ်း၍ ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ မြန်မာနိုင်ငံ၌ နှစ်စဉ် ဇူလိုင်၊ ဩဂုတ်လများတွင် ရေဘေးအန္တရာယ်နှင့် ကြုံတွေ့ရလေ့ရှိပြီး မိုးရွာသွန်းမှု၊ မြစ်ရေကြီးမှုအခြေအနေများအရ ပုံမှန်ရေကြီးရေလျှံမှုများအပြင် အချိန်တိုအတွင်း မိုးရေချိန် များပြားစွာရွာသွန်းမှုကြောင့် လျှပ်တစ်ပြက်ရေကြီးခြင်းများ၊ တောင်ပြို၊ မြေပြိုခြင်းများကိုလည်း ကြုံတွေ့ရနိုင်ပါသည်။

၂။ ယခုနောက်ပိုင်းတွင် ရေဘေးသည် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် တစ်နိုင်ငံလုံးအတိုင်းအတာအနေဖြင့် ရေဘေးဖြစ်ပွားမှုအကြိမ်ရေ(၁၄၄)ကြိမ် ဖြစ်ပွားခဲ့ပြီး နေအိမ်အဆောက်အဦပေါင်း (၂၇၉)လုံး ထိခိုက်ပျက်စီးခဲ့သည့်အပြင် လူနှင့်တိရစ္ဆာန်သေဆုံး၊ ထိခိုက်/ဒဏ်ရာရရှိမှု များပြားလှသည့် ဘေးအန္တရာယ်တစ်ခု ဖြစ်ပါသည်။

၃။ သို့ဖြစ်ပါ၍ ပြည်သူများအနေဖြင့် ရေဘေးအန္တရာယ်ကြောင့် ထိခိုက်ပျက်စီးဆုံးရှုံးမှုများ လျော့နည်းသက်သာစေရန်အတွက် ရေဘေးမဖြစ်ပွားမီ အောက်ပါကြိုတင်ပြင်ဆင်မှုများကို ပူးပေါင်းပါဝင်ဆောင်ရွက်ပေးနိုင်ပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိမိအိမ်ပတ်ဝန်းကျင်ရှိ ဘေးအန္တရာယ်ဖြစ်နိုင်ခြေများနှင့် အိမ်၏ကြံ့ခိုင်မှုကို စစ်ဆေးပါ၊

(ခ) မိသားစုများအရေးပေါ်ပြောင်းရွှေ့နိုင်ရန် နေရာ၊ လမ်းကြောင်းများနှင့် မိသားစုဆုံရပ်ကို ကြိုတင်သတ်မှတ်ထားပါ၊

(ဂ) ရေစိုပျက်စီးနိုင်သော ပစ္စည်းများကို ခြောက်သွေ့၍ မြင့်သောနေရာတွင် ထားရှိပါ၊

(ဃ) မိမိပတ်ဝန်းကျင်ရှိ မြစ်ချောင်းများ၏ အန္တရာယ်ရှိနိုင်သော ရေကြီးမှု အမြင့်ပေများကို သိရှိမှတ်သားထားပါ၊

(င) သောက်သုံးရေများ ကြိုတင်စုဆောင်းထားပါ၊

(စ) မြေနိမ့်ဒေသ၊ ချိုင့်၊ ရေနုတ်မြောင်းအစရှိသည့် ရေလွှမ်းမိုးပါက အန္တရာယ်ဖြစ်နိုင်သောနေရာများကို မြင်သာသော အမှတ်အသားထားရှိပါ၊

(ဆ) အရေးပေါ်သုံးပစ္စည်းများနှင့် အရေးပေါ်အသက်ကယ်ပစ္စည်းများကို ကြိုတင်ပြင်ဆင်ထားပါ။

၄။ ရေကြီးခြင်း သတိပေးချက်ရလျှင် ပြည်သူများအနေဖြင့် အောက်ပါတို့ကို သတိပြုလိုက်နာဆောင်ရွက်ကြရန် လိုအပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်ကို လိုက်နာပါ။ အခြားသူများကိုလည်း မျှဝေပါ၊

(ခ) တောင်ပေါ်ဒေသများ ချောင်းဖျား၊ မြစ်ဖျားများတွင် မိုးကြီးပါက မြစ်ဝှမ်းတစ်လျှောက်တွင် လျှပ်တစ်ပြက်ရေကြီးခြင်းများ ဖြစ်နိုင်ကြောင်းသတိပြုကြပါ၊

(ဂ) အရေးပေါ်သုံးပစ္စည်းများ၊ စားရေရိက္ခာနှင့် အရေးကြီးစာရွက်စာတမ်းများကို မိမိနှင့်အတူထားရှိပါ၊

(ဃ) မိသားစုဝင်များ ကွဲကွာသွားပါက ပြန်လည်ဆက်သွယ်ရန် ဖုန်းနံပါတ်၊ အမည်၊ ရပ်ကွက်၊ ကျေးရွာ၊ မြို့ ဆက်သွယ်ရမည့်သူ စသည်တို့အား ရေးသားပြီး မိသားစုဝင်တိုင်း ယူဆောင်ထားပါ၊

(င) သက်ဆိုင်ရာအစိုးရဌာန၏ ညွှန်ကြားချက်ရရှိပါက ရွေးချယ်ထားသော ဘေးလွတ်ရာနေရာသို့ပြောင်းရွှေ့ခိုလှုံပါ။

၅။ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါ သတိပြုလိုက်နာရန် အချက်များနှင့် ရှောင်ရှားသင့်သည့်အချက်များအား အသိပေးနှိုးဆော်အပ်ပါသည်-

(က) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာသော မိုးလေဝသသတင်းများကို စဉ်ဆက်မပြတ် နားထောင်ပြီး အကြံပြုချက်များကို လိုက်နာပါ၊

(ခ) အိမ်သုံးလျှပ်စစ်ပစ္စည်းများ၊ မိန်းခလုတ်များကို ပိတ်ထားပါ၊

(ဂ) သောက်သုံးရေသန့်(သို့) ကျိုချက်ထားသော ရေ(သို့) ရေသန့်ဆေးခတ်ထားသော ရေကိုသာ အမြဲသောက်သုံးပါ၊

(ဃ) အဆိပ်ရှိသော တိရစ္ဆာန်များ၊ အိမ်၊ ခြံအတွင်း၌ ရှိ မရှိ စစ်ဆေးပါ၊

(င) တိရစ္ဆာန်များကို မလိုအပ်ဘဲ ချည်နှောင်ထားခြင်း မပြုလုပ်ပါနှင့်၊

(စ) ရေကြီးသော ဒေသများတွင် မြစ်၊ ချောင်းကမ်းပါးတိုက်စားပြီး ပြိုကျတတ်သောကြောင့် မြစ်၊ ချောင်းကမ်းပါးများ အနီးသို့ မသွားပါနှင့်၊

(ဆ) ရေထဲတွင် ရေကူးခြင်း၊ လမ်းလျှောက်ခြင်းများ မပြုလုပ်ပါနှင့်၊

(ဇ) ရေစိုနေသော လျှပ်စစ်ပစ္စည်းများကို အသုံးမပြုပါနှင့်။

၆။ ရေကြီးခြင်းဖြစ်ပွားပြီးနောက် ပြည်သူများအနေဖြင့် အောက်ဖော်ပြပါအချက်များအား သတိပြုလိုက်နာဆောင်ရွက်ကြပါရန် အသိပေးနှိုးဆော်အပ်ပါသည်-

(က) မိသားစုဝင်များ ပျောက်ဆုံး၊ ကွဲကွာပါက သက်ဆိုင်ရာသို့ အကြောင်းကြားပါ၊

(ခ) အမှိုက်များအား စနစ်တကျရှင်းလင်းခြင်း၊ တိရစ္ဆာန်အသေကောင်များအား စနစ်တကျမီးရှို့ခြင်း(သို့) မြေမြှုပ်ခြင်းများ ပြုလုပ်ပါ၊

(ဂ) အန္တရာယ်ရှိနိုင်သော ဓာတ်ကြိုးများ၊ ဓာတ်တိုင်၊ သစ်ပင်သစ်ကိုင်းများကို သတိပြုရှောင်ရှားပါ။ သက်ဆိုင်ရာသို့ အကြောင်းကြားပြီး ကူညီရှင်းလင်းပါ၊

(ဃ) ရေကြီးခြင်း၏ နောက်ဆက်တွဲအနေဖြင့် ဖြစ်ပေါ်နိုင်သော ဘေးအန္တရာယ်များနှင့် ကူးစက်ရောဂါများကိုဂရုပြုပါ၊

(င) ကယ်ဆယ်ရေးနှင့် အရေးပေါ်ပြန်လည်ထူထောင်ရေး လုပ်ငန်းများတွင် ပူးပေါင်းလုပ်ဆောင်ပါ။

(စ) သက်ဆိုင်ရာအစိုးရဌာနမှ ထုတ်ပြန်ကြေညာခြင်း မဟုတ်သည့် ကောလာဟလ သတင်းများကို မယုံပါနှင့်၊

(ဆ) မသန့်ရှင်းသော ရေအရင်းအမြစ်များကို မသုံးစွဲပါနှင့်၊

(ဇ) ရေစိုပြီး အနံ့အသက်မကောင်းသော အစားအစာများ မစားပါနှင့်၊

(ဈ) ရေထဲတွင် ဖိနပ်မပါဘဲ လမ်းမလျှောက်ပါနှင့်။

၇။ သဘာဝဘေးအန္တရာယ်များနှင့် ပတ်သက်၍ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနတွင် (၂၄)နာရီ ဖွင့်လှစ်ထားရှိသည့် Hot-Line ဖုန်းများဖြစ်သော ၀၆၇-၃၄၀၄၆၆၆၊ ၀၆၇-၃၄၀၄၇၇၇ တို့သို့ ဆက်သွယ်၍ အကူအညီတောင်းခံနိုင်ပါကြောင်း လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာနက အသိပေးကြေညာအပ်ပါသည်။

**လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့်**
**ပြန်လည်နေရာချထားရေးဝန်ကြီးဌာန**

# ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်း မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေလှောင်တမံများတွင် ရေဝင်ရောက်မှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေ ကွင်းဆင်းစီမံဆောင်ရွက်

**နေပြည်တော် စက်တင်ဘာ ၁၁**

စိုက်ပျိုးရေး၊ မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမင်းနောင်သည် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများနှင့်အတူ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေဆင်းနှင့် ပေါင်းလောင်း ရေလှောင်တမံများ၊ ပင်လောင်းလမ်းဆုံနေရာ၊ ဆင်သေချောင်းနှင့် ငလိုက်ချောင်းများသို့သွားရောက်၍ မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ရေဝင်ရောက်မှုများဖြစ်ပေါ်နေမှုကို ထိန်းသိမ်းစီမံဆောင်ရွက်နေမှု၊ တမံများ၏ကြံ့ခိုင်မှုအခြေအနေ စောင့်ကြည့်စီမံနေမှုနှင့် ချောင်းများ၏ ရေစီးဆင်းမှုအခြေအနေတို့ကို ကွင်းဆင်းကြည့်ရှုစစ်ဆေးပြီး ချောင်းရေမြင့်တက်လာမှုကြောင့် ချောင်းဇရိယာအတွင်းနှင့် အနိမ့်ပိုင်းနေရာများတွင် ရေဝင်ရောက်မှုများရှိနိုင်ပါက ကြိုတင်အသိပေးကြေညာမှုများဆောင်ရွက်ရန်၊ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို ဆက်စပ်ဌာနအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်ရန်တို့ကို တာဝန်ရှိသူများအား မှာကြားသည်။

ယနေ့နံနက် ၆ နာရီ ရေမှတ်တိုင်းတာမှုများအရ ပြည်ထောင်စုနယ်မြေ နေပြည်တော်ရှိ ရေလှောင်တမံများအနက် ပေါင်းလောင်းရေလှောင်တမံတစ်ခုသာ ရေပိုလွှဲမှ ၆ ဒသမ ဂ၆ ပေ ရေကျော်စီးဆင်းနေပြီး အဓိကရေလှောင်တမံများဖြစ်သော ဆင်သေရေလှောင်တမံတွင် ၁၉ ပေခန့်၊ ချောင်းမငယ်ရေလှောင်တမံတွင် ၅ ပေခန့်၊ မဒန်းရေလှောင်တမံတွင် ၁၁ ပေခန့်၊ ရေဆင်းရေလှောင်တမံတွင် ၈ ပေခန့်ရှိကာ ကန်ရေပြည့်အမှတ်သို့ရောက်ရှိရန် လိုအပ်နေပြီး ငလိုက်တမံတွင် ကန်ရေပြည့်အမှတ်သို့ ရောက်ရှိနေကြောင်း သိရသည်။

ပြည်ထောင်စုဝန်ကြီးက ယခုရက်များအတွင်း မိုးသည်းထန်စွာရွာသွန်းခြင်း၊ တောင်ကျရေများ စီးဝင်လာနိုင်ခြင်းတို့ကြောင့် ရေလှောင်ပမာဏ သေးငယ်သော တမံငယ်များတွင် ရုတ်တရက် ရေအလုံးအရင်းဖြင့် ဝင်ရောက်မှုများဖြစ်လာနိုင်သဖြင့် တာဝန်ရှိသူများက အနီးကပ်စဉ်ဆက်မပြတ်စောင့်ကြည့်စီမံမှုများဆောင်ရွက်ရန်နှင့် ရေလှောင်တမံများအတွင်း ရေဝင်ရောက်မှုကို အချိန်နာရီစဉ်အလိုက် ရုံးချုပ်သို့တင်ပြရန် မှာကြားသည်။

အလားတူ ဒုတိယဝန်ကြီး ဦးဗိုလ်ဗိုလ်ကျော်သည် ရှမ်းကုန်းပြင်မြင့်နှင့် ဆက်စပ်တည်ရှိနေသော ရမည်းသင်းခရိုင်ရှိ ကျီးနီကန်နှင့် ကတင်ကန်တို့၏ ရေဝင်ရောက်မှုများ၊ မိတ္ထီလာခရိုင်အတွင်းရှိဆည်ကန်များ၏ ရေဝင်ရောက်မှုများ၊ ဆည်ကန်များတွင် ထိန်းသိမ်းစီမံဆောင်ရွက်နေမှုများကို ကွင်းဆင်းစစ်ဆေးပြီး ဆည်တမံများအလိုက်၊ တူးမြောင်းများအလိုက် တာဝန်ရှိသူအဆင့်ဆင့်ကို စောင့်ကြည့်တာဝန်ပေးအပ်ထားသည်။



လတ်တလောဖြစ်ပေါ်နေသည့် လေပွေလှိုင်းများဖြတ်သန်းရာဒေသများနှင့် မြန်မာနိုင်ငံ တစ်ဝန်းလုံးတွင် မိုးသည်းထန်စွာ ရွာသွန်းမှုများကြောင့် မြစ်များ၊ ချောင်းများတွင် ရေစီးဆင်းမှုများပြားခြင်း၊ ရေလှောင်တမံများတွင် ရေဝင်ရောက်မှုများလာခြင်းတို့ကြောင့် သဘာဝဘေးအန္တရာယ်ဖြစ်ပေါ်လာနိုင်ခြင်းအပေါ် ဆည်မြောင်းနှင့် ရေအသုံးချမှုစီမံခန့်ခွဲရေးဦးစီးဌာနမှ တာဝန်ရှိသူများက အနီးကပ်စောင့်ကြည့်စီမံမှုများ ဆောင်ရွက်လျက်ရှိပြီး ရေကြီးရေလျှံမှုအခြေအနေများဖြစ်ပေါ်နိုင်သည့် ဒေသများ၌ ဒေသခံပြည်သူများသို့ ကြိုတင်အသိပေးကြေညာခြင်း၊ ရေဘေးကာကွယ်ရေးလုပ်ငန်းများ ဆောင်ရွက်ခြင်းတို့ကို အချိန်နှင့်တစ်ပြေးညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင် သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်အဆင့် နည်းပြသင်တန်းများ ဖွင့်လှစ်ပို့ချနေမှုကြည့်ရှု

**နေပြည်တော် စက်တင်ဘာ ၁၁**

ဗဟိုသန်းခေါင်စာရင်းကော်မရှင်ဥက္ကဋ္ဌ၊ လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမြင့်ကြိုင်သည် ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးစိုးသိန်း၊ တာဝန်ရှိသူများနှင့်အတူ ယနေ့နံနက် ၁၁ နာရီခွဲတွင် ရန်ကုန်တိုင်းဒေသကြီး အင်းစိန်မြို့နယ်ခန်းမ၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာသန်းခေါင်စာရင်းကောက်ယူရေးအတွက် ဖွင့်လှစ်လျက်ရှိသည့် ခရိုင်အဆင့် နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးသည်။



ထိုသို့ကြည့်ရှုစဉ် ပြည်ထောင်စုဝန်ကြီးက သန်းခေါင်စာရင်း အောင်မြင်စွာ ကောက်ယူနိုင်ရန် နည်းပြသင်တန်းသားများသည် အရေးကြီးသည့် အခန်းကဏ္ဍမှ ပါဝင်ဆောင်ရွက်ကြရမည်ဖြစ်ပြီး သင်တန်းပြီးဆုံးသည်နှင့် မြို့နယ်စာရင်းစစ်၊ စာရင်းကောက် သင်တန်းများတွင် ဆက်လက်ပို့ချနိုင်ရေး ဆောင်ရွက်ကြရန်၊ သန်းခေါင်စာရင်းအချက်အလက်များ၏ အသုံးဝင်မှုနှင့် မေးမြန်းရမည့် မေးခွန်းများ၏အရေးပါမှုကို သိရှိနားလည်ပြီး သင်တန်းမှ ပို့ချချက်များကို မိမိတို့၏အတွေ့အကြုံများနှင့်ပေါင်းစပ်ကာ မြေပြင်တွင် ကြုံတွေ့ရမည့် အခက်အခဲများကို ကျော်လွှားဖြေရှင်းနိုင်ရေး အလေးထား ဆောင်ရွက်ကြရန်၊ နည်းပညာ အသုံးပြုမေးမြန်းကောက်ယူမည်ဖြစ်သည့်အတွက် လုပ်ငန်းစဉ် အဆင့်ဆင့်နှင့် ထုတ်ပြန် ပြဋ္ဌာန်းထားသည့် သန်းခေါင်စာရင်းဥပဒေကို သိရှိနားလည်ပြီး စာရင်းစစ်၊ စာရင်းကောက်များနှင့် ပြည်သူများအတွက် အကာအကွယ်ပေးထားသည့် ဥပဒေပြဋ္ဌာန်းချက်များကို ရှင်းလင်းချပြကြရန် လိုအပ်ကြောင်း၊ သန်းခေါင်စာရင်း လုပ်ငန်းစဉ်သည် ပြည်သူအားလုံး ပူးပေါင်းပါဝင်မှသာ အောင်မြင်နိုင်မည်ဖြစ်သည့်အတွက် ပြည်သူများ သိရှိနားလည်ပြီး လိုက်ပါပူးပေါင်း ဆောင်ရွက်နိုင်ရေး ကြိုးပမ်း ဆောင်ရွက်ကြရန် ရှင်းလင်းပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က သင်တန်းဖွင့်လှစ်ရခြင်းနှင့် သန်းခေါင်စာရင်း လုပ်ငန်းစဉ်များ အောင်မြင်အောင် ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်နိုင်ရေးတို့ကို ရှင်းလင်းပြောကြားပြီး သင်တန်းနည်းပြများက သန်းခေါင်စာရင်းဆိုင်ရာများကို ပို့ချဆွေးနွေးကြသည်။

ဆက်လက်၍ ပြည်ထောင်စုဝန်ကြီးသည် အဖွဲ့ဝင်များနှင့်အတူ မရမ်းကုန်းမြို့နယ် အမှတ် (၃) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ဖွင့်လှစ်လျက်ရှိသည့် သန်းခေါင်စာရင်းဆိုင်ရာ ခရိုင်အဆင့် နည်းပြသင်တန်းသို့ သွားရောက်ကြည့်ရှုအားပေးကာ သင်တန်းသားများနှင့် တွေ့ဆုံ၍ ကောက်ယူရရှိသည့် အချက်အလက်များ၏ အရေးပါမှုကို သိရှိနားလည်ပြီး စနစ်တကျ မေးမြန်း ကောက်ယူနိုင်ရေး၊ အမျိုးသားရေး လုပ်ငန်းတစ်ရပ်အဖြစ်ခံယူကာ လုပ်ငန်းများ အောင်မြင်ရေးအတွက် အားလုံးက တက်ညီလက်ညီ ဝိုင်းဝန်းကြိုးပမ်းဆောင်ရွက်ရေး မှာကြားသည်။

ထို့နောက် ပြည်ထောင်စုဝန်ကြီးနှင့် တိုင်းဒေသကြီးဝန်ကြီးချုပ်တို့က သင်တန်းသားများထံ သန်းခေါင်စာရင်း အထောက်အကူပြုပစ္စည်းများ ပေးအပ်ကြပြီး နည်းပြများ၏ သင်ခန်းစာပို့ချနေမှုများကို ကြည့်ရှုအားပေးကြသည်။

၂၀၂၄ ခုနှစ် လူဦးရေနှင့် အိမ်အကြောင်းအရာ သန်းခေါင်စာရင်းကောက်ယူခြင်းကို လာမည့် အောက်တိုဘာ ၁ ရက်မှ ၁၅ ရက်အတွင်း တစ်နိုင်ငံလုံးအတိုင်းအတာဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ယခုအခါ သန်းခေါင်စာရင်း အောင်မြင်စွာကောက်ယူနိုင်ရေးအတွက် ခရိုင်အဆင့် သင်တန်းများကို တိုင်းဒေသကြီး၊ ပြည်နယ်အလိုက်၊ ခရိုင်အဆင့် မြို့ကြီးများတွင် တစ်ပြိုင်တည်း ဖွင့်လှစ်လျက်ရှိပြီး သင်တန်းပြီးဆုံးပါက မြို့နယ်အလိုက် မြို့နယ်စာရင်းစစ်၊ စာရင်းကောက် သင်တန်းများ ဆက်လက်ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ပျော်ဘွယ်မြို့နယ်၌ နွားနှင့် ဆိတ် မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်လှစ်

**ပျော်ဘွယ် စက်တင်ဘာ ၉**

မန္တလေးတိုင်းဒေသကြီး ပျော်ဘွယ်မြို့နယ်တွင် နွားနှင့်ဆိတ်မေထုန်မဲ့သားစပ်နည်းသင်တန်းဖွင့်ပွဲကို စက်တင်ဘာ ၉ ရက်က မြို့နယ် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဦးစွာ ရမည်းသင်းခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမြင့်ထွန်းက သင်တန်းသားများအနေဖြင့် စာတွေ့လက်တွေ့ပို့ချသည့် သင်ခန်းစာများကို သေချာစွာလေ့လာသင်ယူပြီး မိမိဒေသအတွက် အကျိုးပြုသောသူများဖြစ်လာရန်လိုအပ်ပါကြောင်း၊ မန္တလေးတိုင်းဒေသကြီး မွေးမြူရေးနှင့် ကုသရေးဦးစီးဌာန ဒုတိယတိုင်းဒေသကြီး ဦးစီးမှူး ဒေါက်တာမောင်မောင်စိုးက ယခုဖွင့်လှစ်သည့်သင်တန်းသည် ဒေသခံပြည်သူများအတွက် များစွာ အကျိုးရှိသည့် သင်တန်းတစ်ခုဖြစ်ပါကြောင်း ရှင်းလင်းပြောကြားသည်။

အဆိုပါသင်တန်းကို ပျော်ဘွယ်မြို့နယ်တွင် စက်တင်ဘာ ၉ ရက်မှ ၁၃ ရက်အထိနှင့် ရမည်းသင်းမြို့နယ်တွင် စက်တင်ဘာ ၁၆ ရက်မှ ၂၀ ရက်အထိ သင်ကြားပို့ချသွားဖြစ်ပြီး ပျော်ဘွယ်မြို့နယ်တွင် သင်တန်းသား ၂၅ ဦး၊ ရမည်းသင်းမြို့နယ်တွင် သင်တန်းသား ၁၅ ဦး တက်ရောက်မည်ဖြစ်ကြောင်း သိရသည်။



**မင်းမင်းထွေး(ပျော်ဘွယ်)**

# မကြာခင် တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ၂၀၂၃ - ၂၀၂၄ ပညာသင်နှစ် စာမေးပွဲများ ကျင်းပပြုလုပ်တော့မည်

## စာမေးပွဲလုပ်ထုံးထုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပဆောင်ရွက်နိုင်ရန် အလေးထားပြင်ဆင်ဆောင်ရွက်

နေပြည်တော် စက်တင်ဘာ ၁၁

**ပညာရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာညွန့်ဖေသည် ယနေ့နံနက်ပိုင်းတွင် နေပြည်တော် ပညာရေးဝန်ကြီးဌာန ရုံးအမှတ် (၁၃)ရှိ အစည်းအဝေးခန်းမ၌ တက္ကသိုလ် ပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် တွေ့ဆုံသည်။**



တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်း၊ ပညာရေးဝန်ကြီးဌာနရှိ ဦးစီးဌာနများမှ ညွှန်ကြားရေးမှူးချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယညွှန်ကြားရေးမှူးချုပ်နှင့် တာဝန်ရှိသူများ တက်ရောက်ကြပြီး တက္ကသိုလ် ပါမောက္ခချုပ်များ၊ ဒုတိယအမြဲတမ်းအတွင်းဝန်များ၊ ဒုတိယပါမောက္ခချုပ်များ၊ ပညာရေးဒီဂရီကောလိပ် ကျောင်းအုပ်ကြီးများ၊ တိုင်းဒေသကြီး၊ ပြည်နယ် ပညာရေးမှူးများနှင့် ဖိတ်ကြားထားသူများက အွန်လိုင်းဖြင့် တက်ရောက်ကြသည်။

တွေ့ဆုံပွဲတွင် ပြည်ထောင်စုဝန်ကြီးက မကြာခင် အဆင့်မြင့်ပညာဦးစီးဌာနနှင့် ဆရာအတတ်ပညာဦးစီးဌာနအောက်ရှိ တက္ကသိုလ်၊ ဒီဂရီကောလိပ်များ ၂၀၂၃-၂၀၂၄ ပညာသင်နှစ် စာမေးပွဲများ ကျင်းပပြုလုပ်တော့မည်ဖြစ်၍ စာမေးပွဲအောင်မြင်စွာ ကျင်းပပြုလုပ်နိုင်ရေးနှင့် စာမေးပွဲလုပ်ထုံးထုပ်နည်းများနှင့်အညီ စနစ်တကျကျင်းပဆောင်ရွက်နိုင်ရန် အလေးထား ပြင်ဆင်ဆောင်ရွက်ထားကြရန် လိုအပ်ကြောင်း၊ စာမေးပွဲမေးခွန်းများ ပြုစုဆောင်ရွက်ရာတွင်လည်း သက်ဆိုင်ရာ ပါမောက္ခများက သေချာစွာ ကြီးကြပ်၍ အမှားအယွင်းများကင်းအောင် အလေးထား ဆောင်ရွက်ကြရန်နှင့် စာမေးပွဲများ ကျင်းပပြုလုပ်ရာတွင် စာမေးပွဲလုပ်ထုံးလုပ်နည်းများနှင့်အညီ ကျင်းပပြုလုပ်နိုင်အောင် သက်ဆိုင်ရာ ပါမောက္ခချုပ်များ၏ ကြီးကြပ်မှုဖြင့် တာဝန်ရှိသူ ဆရာ ဆရာမများ၊ ဝန်ထမ်းများအားလုံး ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ရန် လိုအပ်ကြောင်း၊ ကျောင်းသားကျောင်းသူများ စာမေးပွဲ စစ်ဆေးခြင်းကိစ္စနှင့် စပ်လျဉ်း၍ ၎င်းတို့၏ ကျောင်းတက်ရောက်မှု၊ လက်တွေ့ခန်းဝင်ရောက်မှု၊ နောက်ဆုံးနှစ် ကျောင်းသားများ၊ ဘွဲ့လွန်ကျောင်းသားများ၏ Project Paper၊ Term Paper များ ဆောင်ရွက်မှု၊ စာမေးပွဲအဖြေလွှာ စစ်ဆေးမှုစသည့် ကိစ္စရပ်များဆောင်ရွက်ရာတွင်လည်း ဘက်လိုက်မှုမရှိစေရေး သမာသမတ်ရှိစေရေး စောင့်ထိန်းလိုက်နာ ဆောင်ရွက်ကြရန် အရေးကြီးကြောင်း ပြောကြားသည်။

ထို့နောက် ဒုတိယဝန်ကြီး ဒေါက်တာမိုးဇော်ထွန်းက ပညာရေးလုပ်ငန်းများဆောင်ရွက်ရာတွင် နေရာဒေသအလိုက် မိုးလေဝသသတင်းအခြေအနေကို ဂရုစိုက် ဆောင်ရွက်ရန်၊ မိုးတွင်းကာလဖြစ်၍ ကျောင်းသား ကျောင်းသူများ ရာသီတုပ်ကွေးအန္တရာယ်မှ ကင်းဝေးစေရေး အထူးဂရုစိုက် ဆောင်ရွက်ရန် ပြောကြားသည်။

ယင်းနောက် အဆင့်မြင့်ပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဒေါက်တာဝင်းထွန်းနှင့် အခြေခံပညာဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးကျော်စွာသွင်တို့က တက္ကသိုလ်များ၊ အခြေခံပညာကျောင်းများတွင် ဆောင်ရွက်ရမည့် လုပ်ငန်းတာဝန်များနှင့်စပ်လျဉ်း၍ ရှင်းလင်းပြောကြားကြပြီး ပြည်ထောင်စုဝန်ကြီးက နိဂုံးချုပ် အမှာစကားပြောကြားကာ အစည်းအဝေးကို ရုပ်သိမ်းခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

# ကယားပြည်နယ်ဝန်ကြီးချုပ် လွိုင်ကော်မြို့ ဘီလူးချောင်းရေမြင့်တက်မှုကြောင့် ရေဝင်ရောက်သည့် နေရာများသို့ ကွင်းဆင်းကြည့်ရှု၊ ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် ထောက်ပံ့ငွေများပေးအပ်

**လွိုင်ကော် စက်တင်ဘာ ၁၁**

ကယားပြည်နယ် ဝန်ကြီးချုပ် ဦးဇော်မျိုးတင်သည် ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများနှင့်အတူ ယနေ့ နံနက်ပိုင်းက ဘီလူးချောင်း ရေမြင့်တက်မှုကြောင့် ရေဝင်ရောက်လျက်ရှိသည့် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်များ၊ ရေစီးကွေ့၊ ကန္ဒရဝတီတံတားတို့၌ ဘီလူးချောင်းရေမြင့်တက်မှု အခြေအနေများကို သွားရောက်ကြည့်ရှု စစ်ဆေးကြသည်။ (ယာပုံ)



ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့်တာဝန်ရှိသူများသည် နမ့်ကွတ်ရပ်ကွက်အတွင်းရှိ နေအိမ်အချို့၌ ဘီလူးချောင်း ရေဝင်ရောက်မှု အခြေအနေများ၊ သက်ဆိုင်ရာ တာဝန်ရှိသူများနှင့် ရပ်ကွက်နေပြည်သူများက နေအိမ်များအတွင်း ရေထပ်မံမဝင်ရောက်နိုင်ရေးအတွက် စီမံဆောင်ရွက်ထားရှိမှုများကို ကြည့်ရှုစစ်ဆေးကြပြီး ကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးနေသည့် တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များနှင့် မီးသတ်တပ်ဖွဲ့ဝင်များအား ထောက်ပံ့ငွေများ ပေးအပ်ခဲ့သည်။ ဆက်လက်၍ နမ့်ကွက်ရပ်ကွက် ရေစီးကွေ့၊ ကန္ဒရဝတီတံတားနှင့် မင်းကျောင်းကန်သာများရှိ ဘီလူးချောင်းရေမြင့်တက်မှု အခြေအနေကို ကြည့်ရှု၍ ရေနစ်မြုပ်မှုမရှိရန် ကာရံထားသည့် မြေထိန်းနံရံများ ကြံ့ခိုင်မှု ရှိ မရှိ၊ မြေထိန်းနံရံနေရာများနှင့် နေအိမ်များတွင် ဘီလူးချောင်းရေ ထပ်မံဝင်ရောက်မှု မရှိစေရေးအတွက် တပ်မတော် တပ်ရင်းတပ်ဖွဲ့များ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့များ၊ မီးသတ်တပ်ဖွဲ့များနှင့် ရပ်ကွက်နေပြည်သူများက သဲအိတ်များကာရံခြင်း၊ မြေထိန်းနံရံများပြုလုပ်ပေးခြင်း စုပေါင်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးပြီး (၂၄)နာရီ ရေကင်းစောင့်ကြည့်နိုင်ရေး၊ စိုးရိမ်ရေမှတ်ကျော်လွန်သည့် အခြေအနေရှိပါက အမိန့်စောင့်ဆိုင်းရန်မလိုဘဲ အချိန်နှင့်တစ်ပြေးညီ ပြည်သူများသို့ ကြေညာချက်ထုတ်ပြန် အသိပေး၍ ကူညီကယ်ဆယ်ရေး လုပ်ငန်းများကို ချက်ချင်းတုံ့ပြန် ဆောင်ရွက်သွားရန် တာဝန်ရှိသူများအား မှာကြားသည်။

ဘီလူးချောင်း ရေမြင့်တက်မှုကြောင့် ရပ်ကွက်များရှိ နေအိမ်များအတွက် ယာယီခိုလှုံရေးစခန်းလေးခု စီမံဆောင်ရွက်ထားရှိပြီး ရေဘေးအန္တရာယ် ကျရောက်လာပါက စီမံခန့်ခွဲမှုဆိုင်ရာ လုပ်ငန်းများ ကြိုတင်ပြင်ဆင် ဆောင်ရွက်နိုင်ရန် ဘဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့ရုံးကို ပြည်နယ် အစိုးရအဖွဲ့ရုံးဝင်း အတွင်း၌ ဖွင့်လှစ်ထားရှိကြောင်းနှင့် အရေးပေါ်အခြေအနေ ကျရောက်လာပါက ချက်ချင်းတုံ့ပြန် ဆောင်ရွက်ပေးနိုင်ရန် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ ယနေ့မွန်းလွဲပိုင်းက ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများသည် နယ်စပ်ဒေသတိုင်းရင်းသား လူငယ်များဖွံ့ဖြိုးရေး သင်တန်းကျောင်းခန်းမ၌ ဒေါနိုးကူး၊ မင်းစု၊ နမ့်ကွတ်နှင့် ရှမ်းစုရပ်ကွက်တို့မှ ရေဘေးသင့် အိမ်ထောင်စုများအား ဆန်၊ ဆီနှင့် ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ ဆန်ဖိုး ထောက်ပံ့ငွေကျပ် ၁၃၄၁၈၀၀ တို့ကို ထောက်ပံ့ပေးအပ်ခဲ့ပြီး ရေဘေးသင့် ပြည်သူများအား ရင်းရင်းနှီးနှီး အားပေးစကား ပြောကြားခဲ့ကြောင်း သိရသည်။

**ပြည်နယ်(ပြန်/ဆက်)**

# နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်း

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်မြို့တွင် ၂၀၂၄ ခုနှစ် အောက်တိုဘာလ ၁ ရက်တွင် ကျရောက်မည့် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် စုပေါင်းသွေးလှူဒါန်းပွဲကို ယမန်နေ့က ရပ်ကွက်ကြီး (၅)၊ ခုတင် (၃၀၀) ဆံ့ ပြည်သူ့ဆေးရုံကြီးရှိ သွေးလှူဘဏ်၌ ကျင်းပပြုလုပ်သည်။



### ကျန်းမာရေးစစ်ဆေး

အဆိုပါ စုပေါင်းသွေးလှူဒါန်းပွဲတွင် ပြင်ဦးလွင်ခရိုင်ရဲတပ်ဖွဲ့ မှူးရုံး၊ ပြင်ဦးလွင်မြို့နယ် ရဲတပ်ဖွဲ့မှူးရုံး၊ ပြင်ဦးလွင်မြို့မရဲစခန်း၊ ပြင်စာနယ်မြေရဲစခန်း၊ ပိတ်ချင်းမြှောင်နယ်မြေရဲစခန်း၊ ဇီးပင်ကြီး (စံပြ) နယ်မြေရဲစခန်း၊ အမှတ်(၁၆) မူးယစ်တပ်ဖွဲ့စု၊ သတင်းရဲတပ်ဖွဲ့၊ ဝက်ဝံ X-ray မူးယစ်တပ်ဖွဲ့စု တို့မှအရာရှိ ငါးဦး၊ အခြားဆင့် ၃၈ ဦးတို့အား သွေးလှူဘဏ် တာဝန်ခံ ဒေါက်တာ ဇွန်ဇာဦးနှင့် ကျန်းမာရေးဝန်ထမ်းများက သွေးပေါင်ချိန်ခြင်းနှင့် ကျန်းမာရေး စစ်ဆေးခြင်းတို့ကို စနစ်တကျ ဆောင်ရွက်ပေးကြသည်။

### ပေးအပ်လှူဒါန်း

ထို့နောက် နှစ် (၆၀) ပြည့် မြန်မာနိုင်ငံရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ရဲတပ်ဖွဲ့ဝင်များ၏ စုပေါင်းသွေးလှူဒါန်းနေမှုကို ခရိုင်/မြို့နယ်ရဲတပ်ဖွဲ့မှူးများက လိုက်လံကြည့်ရှုအားပေးကြပြီး အားဆေးနှင့် အာဟာရ ဖြည့်စွက်စာအဖြစ် ကြက်ဥ၊ အချိုရည်များ ထောက်ပံ့လှူဒါန်းပေးပြီးနောက် ခရိုင်ရဲတပ်ဖွဲ့မှူး ဒုတိယရဲမှူးကြီး ရဲသူရဝဏ္ဏစိုးအောင်က သွေးအိတ်များ ပေးအပ်လှူဒါန်းခဲ့ရာ ဆေးရုံအုပ်ကြီး ဒေါက်တာ သင်းသင်းအိနှင့် တာဝန်ရှိသူများက လက်ခံရယူ၍ ဂုဏ်ပြုမှတ်တမ်းလွှာများ ပြန်လည် ပေးအပ်ခဲ့ကြကြောင်း သိရသည်။ **ခရိုင်(ပြန်/ဆက်)**

## မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

နေပြည်တော်၊ ရန်ကုန်မြို့နှင့် မန္တလေးမြို့တို့ အနီးတစ်ဝိုက်တွင် ယနေ့ မိုးအသင့်အတင့် ထစ်ချုန်းရွာပြီး တစ်ခါတစ်ရံ သည်းထန်နိုင်သည်။ မနက်ဖြန်အတွက် ခန့်မှန်းချက်မှာ ချင်းပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် မိုးပိုလာမည်။ **မိုး/ဇလ**

❍ *ကျောဖုံးမှ*

ထိုသို့ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် ချောင်းရေနှင့် မြစ်ရေများ အဆက်မပြတ် မြင့်တက်လာမှုနှင့်အတူ နေပြည်တော်ကောင်စီနယ်မြေအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်ခဲ့ပြီး တပ်ကုန်းမြို့နယ်တွင် ယနေ့နံနက်ပိုင်းမှစတင်၍ ရေများမြင့်တက်လာခဲ့မှုကြောင့် ဘုရင့်နောင်ရပ်ကွက်၊ အနော်ရထာရပ်ကွက်နှင့် ကျေးရွာအချို့တွင် ရေကြီးရေလျှံမှုများ ဖြစ်ပေါ်ခြင်း၊ တံတားအချို့ရေတိုက်စားပျက်စီးခြင်း၊ ရန်ကုန်-မန္တလေးလမ်းဟောင်း အချို့နေရာများတွင် ရေကျော်ခြင်းများ ဖြစ်ပေါ်လျက်ရှိသည်။

အလားတူ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်ရေမြင့်တက်လာမှုကြောင့် ဇေယျာသီရိမြို့နယ်နှင့် ပုဗ္ဗသီရိမြို့နယ်အတွင်းရှိ လူနေရပ်ကွက်များနှင့် ကျေးရွာများတွင် ရေကြီးရေလျှံခြင်းများ ဖြစ်ပေါ်ခြင်းနှင့် ရန်ကုန် – မန္တလေးလမ်းဟောင်းတစ်လျှောက် ရေကျော်မှုများ ဖြစ်ပေါ်မှုကြောင့် မော်တော်ယာဉ်များသွားလာ၍မရကြောင်း သိရသည်။ အဆိုပါ ရေကြီးရေလျှံမှုများကြောင့် ရပ်ကွက်၊ ကျေးရွာများမှ လူနှင့် တိရစ္ဆာန်များ ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးနိုင်ရေး သက်ဆိုင်ရာနေပြည်တော်ကောင်စီ၊ မြို့နယ်၊ ရပ်ကွက်များနှင့် ကျေးရွာများအလိုက် တာဝန်ရှိသူများ၊ တပ်မတော်သားများနှင့် မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများကို အင်တိုက်အားတိုက်ဖြင့် တက်ကြွစွာ ဆောင်ရွက်ပေးလျက်ရှိသည်။



တပ်ကုန်းမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ပြည်သူများကို ရေဘေးလွတ်ရာသို့ ကူညီဆောင်ရွက်ပေးစဉ်။

အလားတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် မိုးသည်းထန်စွာရွာသွန်းမှုကြောင့် ကော့ထင်းကျေးရွာအုပ်စု ရန်ကုန်-မော်လမြိုင်သွား ကားလမ်း ရေကျော်မှုဖြစ်ပွားခဲ့သည်။ အဆိုပါ ကားလမ်း ရေကျော်နေမှုကြောင့် ယာဉ်များပုံမှန်သွားလာနိုင်ရေး၊ ပိတ်ဆို့မှုမဖြစ်ပေါ်စေရေး၊ လမ်းကြောင်းရှင်းလင်းရေးနှင့် ရေလမ်းကြောင်းပြသရန်အတွက် ဌာနဆိုင်ရာအဖွဲ့အစည်းများနှင့် ပရဟိတအဖွဲ့များက ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းသိရသည်။

ထို့အတူ မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် စက်တင်ဘာ ၇ ရက်မှစတင်ပြီး မိုးသည်းထန်စွာ ရွာသွန်း၍ တောင်ကျရေများ စီးဆင်းလာမှုကြောင့် ကဒတ်ချောင်းရေ မြင့်တက်လာကာ ကျိုက်ထိုမြို့ ရပ်ကွက်အချို့ရှိ မြေနိမ့်ပိုင်းနေအိမ်များအတွင်းသို့ ရေများဝင်ရောက်ခဲ့ရာ ရေဘေးကယ်ဆယ်ရေးစခန်းသို့ ပြောင်းရွှေ့နေရာချထားပေးကြောင်း သိရသည်။

ထို့အပြင် ပျော်ဘွယ်မြို့နယ်တွင်လည်း မိုးသည်းထန်စွာရွာသွန်းလျက်ရှိပြီး ရပ်ကွက်၊ ကျေးရွာများတွင် ရေဝင်ရောက်မှုများ ဖြစ်ပေါ်လျက်ရှိကာ ပျော်ဘွယ်မြို့၏ တောင်ဘက် သုံးမိုင်ခန့်အကွာ ကျောင်းကုန်းကျေးရွာအနီး ရန်ကုန်-မန္တလေး မီးရထားသံလမ်း မိုင်တိုင်အမှတ်(၂၈၅/၅ နှင့် ၂၈၅/၈) အကြား အမှတ်(၁)သံလမ်းပေါ်ရှိ သံပေါင်တံတားထောက်တိုင်မှာ ရေတိုက်စားမှုကြောင့် ပြုတ်ထွက်သွားသဖြင့် မီးရထားလိုင်းများ ပြေးဆွဲခြင်းကို ယာယီရပ်နားထားကြောင်း၊ မီးရထားများ ပုံမှန်ပြေးဆွဲနိုင်ရန်အတွက် သံပေါင်တံတားအား သက်ဆိုင်ရာတာဝန်ရှိသူများက အမြန်ဆုံးပြင်ဆင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အလားတူ ရှမ်းပြည်နယ် (တောင်ပိုင်း) ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ ဟိုပုံးမြို့နယ်တွင် မိုးအဆက်မပြတ်ရွာသွန်းမှုကြောင့် ရေကြီးရေလျှံမှုဖြစ်ပွားကာ အခြေခံပညာစာသင်ကျောင်းအချို့ ယာယီပိတ်ထားရကြောင်း သိရသည်။

ထိုသို့ ရေကြီးရေလျှံမှုများဖြစ်ပေါ်နေသည့်နေရာများသို့ ဒေသအလိုက် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ တပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ကြက်ခြေနီတပ်ဖွဲ့ဝင်များနှင့် ပရဟိတအသင်းအဖွဲ့များက ကူညီကယ်ဆယ်ရွှေ့ပြောင်းရေးလုပ်ငန်းများကို အချိန်နှင့်တစ်ပြေးညီ တက်တက်ကြွကြွ ကူညီဆောင်ရွက်ပေးလျက်ရှိသည်။

ယခုကဲ့သို့ မိုးအဆက်မပြတ် ရွာသွန်းမှုများကြောင့် မြစ်ချောင်းများအတွင်း ရေကြီးရေလျှံမှုများဖြစ်ပေါ်လာနိုင်သဖြင့် မြစ်ချောင်းများတစ်လျှောက်ရှိ မြေနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများတွင် နေထိုင်ကြသော ဒေသခံပြည်သူများအနေဖြင့် ရေဘေးအန္တရာယ် သတိပြုနေထိုင်နိုင်ရေး အသိပေးနှိုးဆော်တိုက်တွန်းထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



ပုဗ္ဗသီရိမြို့နယ် ဆင်တဲကြီးရွာနှင့် ဇေယျာသီရိမြို့နယ် သိုက်ချောင်းကျေးရွာသို့ ဆက်သွယ်ထားသော ကွန်ကရစ်လမ်း(မြို့ပတ်လမ်း) ရေကျော်သဖြင့် နယ်မြေခံတပ်မတော်သားများက ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးစဉ်။



ကျိုက်ထိုမြို့နယ်တွင် ရေကြီးရေလျှံမှုကြောင့် ဒေသခံပြည်သူများကို ရေဘေးလွတ်ရာသို့ ပြောင်းရွှေ့ကူညီဆောင်ရွက်ပေးစဉ်။

## ပြင်ဦးလွင်မြို့၌ ခရိုင်နှင့်မြို့နယ်မီးသတ်ဦးစီးဌာနမှ မီးဘေးလုံခြုံရေး အသိပညာပေးဟောပြောခြင်းနှင့် လက်တွေ့သရုပ်ပြမီးငြိမ်းသတ်ခြင်း ဆောင်ရွက်

**ပြင်ဦးလွင် စက်တင်ဘာ ၁၁**

မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာနမှ ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး (၁) မြို့ပတ်လမ်းရှိ NPS Private School ၌ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောခြင်းနှင့် မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်က မီးသတ်ဆေးဘူးဖြင့် လက်တွေ့သရုပ်ပြ မီးငြိမ်းသတ်ခြင်း Gasမီးအန္တရာယ်နှင့်ပတ်သက်၍ လက်တွေ့ငြိမ်းသတ်နည်းကို ယနေ့ နံနက်ပိုင်းက ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

ထိုသို့ ဆောင်ရွက်ရာတွင် ပြင်ဦးလွင်ခရိုင် မီးသတ်ဦးစီးမှူး ဦးကျော်ဆန်းနှင့် ပြင်ဦးလွင်မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်၊ မီးသတ်တပ်ဖွဲ့ဝင်များက NPS Private School ရှိ ဆရာ ဆရာမများ၊ ကျောင်းသား ကျောင်းသူများ၊ ဝန်ထမ်းများ စုစုပေါင်း ၈၆၈ ဦးတို့အား မီးဘေးလုံခြုံရေးအတွက် ကြိုတင်ကာကွယ်ရမည့် နည်းလမ်းများ၊ မီးလောင်မှုဖြစ်ပွားပါက အရေးပေါ်ဆောင်ရွက်ရမည့် လုပ်ငန်းစဉ်များ၊ မီးငြိမ်းသတ်ခြင်းနည်းစနစ်များကို ပရိုဂျက်တာဖြင့် ရှင်းလင်းကာ မီးဘေးလုံခြုံရေး အသိပညာပေး ဟောပြောပြီး မြို့နယ်မီးသတ်ဦးစီးမှူး ဦးငြိမ်းချမ်းအောင်က မီးသတ်ဆေးဘူးဖြင့် မီးငြိမ်းသတ်ရေး သရုပ်ပြလေ့ကျင့်ခြင်း၊ Gas မီးအန္တရာယ်နှင့်ပတ်သက်၍ လက်တွေ့သရုပ်ပြငြိမ်းသတ်ခြင်း၊ ရှာဖွေကယ်ဆယ်ရေးသုံး ပစ္စည်းများဖြင့် ကယ်ဆယ်သရုပ်ပြသခဲ့ကြောင်း သိရသည်။

**မောင်မွေး**




▼ *ကျောဖုံးမှ*

ယခုရာသီမှ MNL-2 ပြိုင်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ခွင့်ရသည့် ရာမညယူနိုက်တက်အသင်းသည် ပထမအကျော့ပြီးခါနီးတွင် နိုင်ပွဲဆက်တိုက်ရယူကာ ရာသီဝက်ချန်ပီယံအဖြစ် ရပ်တည်နိုင်ခဲ့သည်။ ရာမညယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို ၃၇ မိနစ်တွင် ညီညီအောင်၊ ၄၇ မိနစ်တွင် ဘုန်းခန့်အောင်၊ ၅၂ မိနစ်တွင် ဝင်းထိုက်၊ ၇၃ မိနစ်တွင် ချမ်းဦး၊ ၇၈ မိနစ်တွင် ဖူးခန့်ကျော်တို့က သွင်းယူပြီး ရှောဝတီရိန်းဂျားအသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၆၆ မိနစ်တွင် ထိုက်သူဟန်က သွင်းယူသည်။ စလင်းကွင်း၌ ကျင်းပသည့်ပွဲတွင် ကချင်ယူနိုက်တက်အသင်းက ငွေကြယ်ပွင့်အသင်းကို သုံးဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ ကချင်ယူနိုက်တက်အသင်းအတွက် အနိုင်ဂိုးများကို တိုက်စစ်မှူး အက်စ် ဂွန်လမ်က ၂၀၊ ၄၀၊ ၈၆ မိနစ်တွင် ဟက်ထရစ်သွင်းယူပြီး ငွေကြယ်ပွင့်အသင်းအတွက် ချေပဂိုးတစ်ဂိုးကို ၂၃ မိနစ်တွင် ပယ်နယ်တီမှတစ်ဆင့် ကျော်ဇေယျက သွင်းယူခဲ့သည်။ ပွဲစဉ် (၇) မှ Chinland အသင်းနှင့် Glory Goal အသင်းပွဲကို ရွှေ့ဆိုင်းထားသည်။

စက်တင်ဘာ ၁၁ ရက် ပွဲစဉ်အပြီးတွင် ရာမညယူနိုက်တက်အသင်းက ရမှတ် ၁၇ မှတ်ဖြင့် ရာသီဝက်ချန်ပီယံဖြစ်ခဲ့ပြီး တက္ကသိုလ်အသင်းက ၁၆ မှတ်၊ Chinland အသင်းက ၁၂ မှတ်၊ ကချင်ယူနိုက်တက်အသင်းက ၁၀ မှတ်၊ Glory Goal အသင်းက ရှစ်မှတ်၊ ရွှေပြည်သာယူနိုက်တက်အသင်းက ခုနစ်မှတ်၊ ငွေကြယ်ပွင့်အသင်းက ငါးမှတ်၊ ရှောဝတီရိန်းဂျားအသင်းက တစ်မှတ်ရရှိထားသည်။ Chin-land နှင့် Glory Goal အသင်းမှာ ခြောက်ပွဲစီသာ ကစားရသေးပြီး ကျန်ခြောက်သင်းမှာမူ ပထမအကျော့ပွဲကုန် ခုနစ်ပွဲစလုံး ကစားထားပြီးဖြစ်သည်။

**ရဲရင့်လွင်၊ ဓာတ်ပုံ-MNL**

## မှတ်သားဖွယ်ရာ မိုးရေချိန်များ

**နေပြည်တော် စက်တင်ဘာ ၁၁** – မှတ်သားဖွယ်ရာ မိုးရေချိန်များမှာ သာစည် (လှိုင်းတက်) တွင် ၁၁ ဒသမ ၈၉ လက်မ၊ ရမည်းသင်းမြို့တွင် ၁၁ ဒသမ ၂၂ လက်မ၊ ပျော်ဘွယ်မြို့တွင် ၁၀ ဒသမ ၅၆ လက်မ၊ ပင်လောင်းမြို့တွင် ၈ ဒသမ ၅၈ လက်မ၊ ကြာအင်းဆိပ်ကြီးမြို့တွင် ၇ ဒသမ ၉၆ လက်မ၊ ဘားအံမြို့တွင် ၇ ဒသမ ၃၆ လက်မ၊ လှိုင်လင်မြို့တွင် ၆ ဒသမ ၅၀ လက်မ၊ တောင်ကြီးမြို့တွင် ၆ ဒသမ ၁၁ လက်မ၊ ကျိုက်မရောမြို့တွင် ၅ ဒသမ ၆၃ လက်မနှင့် ပေါတောမြို့တွင် ၅ ဒသမ ၄၃ လက်မတို့ ဖြစ်ကြသည်။

**မိုး/ဇလ**

# နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)

မအေးစု(ဥပဒေ)

**တရားသောစစ်မှုသဘောတရား(Just War Theory)အရ နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာပိုင်လွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာတဲ့အခါမှာ အဲဒီနိုင်ငံအနေနဲ့ ကာကွယ်ခုခံနိုင်တဲ့ အခွင့်အရေးရှိပါတယ်။ ဒီမူသဘောတရားကပဲ နိုင်ငံတစ်နိုင်ငံရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးလွတ်လပ်မှုကို မပြိုကွဲမပျက်စီးစေဖို့အတွက် ကာကွယ်ခုခံပိုင်ခွင့် အခွင့်အရေးကို ခွင့်ပြုထားတာပဲဖြစ်ပါတယ်။**

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence) ဆိုတာဟာ နိုင်ငံတော်ကို ကာကွယ်ဖို့နဲ့ ကျရောက်လာမယ့် အန္တရာယ်တွေကို တိုက်ဖျက်ဖို့ ဖြစ်ပါတယ်။ တစ်နည်းအားဖြင့်ဆိုရရင် နိုင်ငံတစ်နိုင်ငံရဲ့ အချုပ်အခြာအာဏာ၊ အခြေခံအဆောက်အအုံ၊ နိုင်ငံသားတွေရဲ့ လူမှုဘဝနဲ့ အကျိုးစီးပွားတွေကို ကာကွယ်ဖို့ပဲ ဖြစ်ပါတယ်။ နိုင်ငံတစ်ခုရဲ့ အတွင်းရန်နဲ့ အပြင်ရန်တွေကို ကာကွယ်ဖို့ လုပ်ဆောင်တာလို့လည်း အဓိပ္ပာယ်ရပါတယ်။

### ပြည်ပနိုင်ငံတစ်ခု ထိပါးနှောင့်ယှက်လာတာတွေကို ကာကွယ်ဖို့

နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံတစ်ခုရဲ့ အတွင်းရန်ကို ကာကွယ်တယ်ဆိုတာကတော့ နိုင်ငံအတွင်းမှာရှိတဲ့ အကြမ်းဖက်အဖွဲ့တွေ၊ အကြမ်းဖက်လုပ်ရပ်တွေ၊ လက်နက်ကိုင်တိုက်ခိုက်လာတာတွေကြောင့် နိုင်ငံတော်ရဲ့ လုံခြုံရေးနဲ့ တည်ငြိမ်မှုကို ထိပါးလာတဲ့အခါ ကာကွယ်ဖို့ အခွင့်အရေးဖြစ်တဲ့ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ကို ကျင့်သုံးတာဖြစ်ပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်မှာ အပြင်ရန်တွေဖြစ်တဲ့ ပြည်ပနိုင်ငံတစ်ခုခုက နည်းလမ်းတစ်မျိုးမျိုးနဲ့ ထိပါးနှောင့်ယှက်လာတာတွေကို ကာကွယ်ဖို့လည်း လိုအပ်ပါတယ်။

စာရေးသူတို့နိုင်ငံဟာ လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင်နိုင်ငံဖြစ်ပြီး နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာဟာ နိုင်ငံသားတွေထံက ဆင်းသက်ပြီး နိုင်ငံတော်တစ်ဝန်းလုံးမှာ တည်တယ်ဆိုတဲ့မှုကို ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ (၂၀၀၈ ခုနှစ်)မှာ ပြဋ္ဌာန်းထားပါတယ်။ ဒ့ါအပြင် တပ်မတော်ဟာ နိုင်ငံတော်လုံခြုံရေးနဲ့ ကာကွယ်ရေးမှာ ပြည်သူတစ်ရပ်လုံး ပါဝင်ရေးအတွက် စီမံဆောင်ရွက်ခွင့်ရှိတယ်လို့လည်း ပြဋ္ဌာန်းထားပါတယ်။

### နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေ လွတ်လပ်မှုကို ထိပါးလာ

**လွတ်လပ်တဲ့ အချုပ်အခြာအာဏာပိုင် နိုင်ငံတစ်နိုင်ငံဖြစ်တာနဲ့အညီ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေတည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရ လွတ်လပ်မှုကို ပြိုကွဲပျက်စီးအောင် လုပ်ဆောင်လာတာတွေကို နိုင်ငံတစ်နိုင်ငံရဲ့ အခွင့်အရေးဖြစ်တဲ့ ကာကွယ်ခုခံပိုင်ခွင့်အနေနဲ့ တုံ့ပြန်ဆောင်ရွက်ခွင့် အပြည့်အဝရှိပါတယ်။** နိုင်ငံတော်အစိုးရအနေနဲ့ ထာဝရငြိမ်းချမ်းရေး၊ ဒီမိုကရေစီနဲ့ဖက်ဒရယ်စနစ်ကို အခြေခံတဲ့ ပြည်ထောင်စုတည်ဆောက်ရေးဆိုတာတွေကို ရှေးရှုဆောင်ရွက်နေချိန်မှာ တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အချို့အနေနဲ့ နိုင်ငံတော်မှာဖြစ်ပေါ်နေတဲ့ နိုင်ငံရေးအကျပ်အတည်းကို အခွင့်ကောင်းယူပြီး နယ်မြေချဲ့ထွင်ဖို့ လုပ်ဆောင်လာတာတွေဟာ နိုင်ငံတော်ရဲ့ ပိုင်နက်နယ်မြေ တည်တံ့ခိုင်မြဲမှုနဲ့ နိုင်ငံရေးအရ လွတ်လပ်မှုကို ထိပါးနှောင့်ယှက်လာကြတာပဲ ဖြစ်ပါတယ်။

အဲဒီလို ထိပါးနှောင့်ယှက်လာကြတဲ့နေရာမှာလည်း အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေရဲ့ သတ်မှတ်ပြဋ္ဌာန်းချက်တွေအရ အကြမ်းဖက်လုပ်ရပ်တွေလို့ သတ်မှတ်ထားတဲ့ အများပြည်သူရဲ့ လုံခြုံရေး၊ အသက်အိုးအိမ်စည်းစိမ်၊ အများပြည်သူနဲ့ တစ်ဦးတစ်ယောက်ချင်းစီအတွက် အရေးကြီးတဲ့ အခြေခံအဆောက်အအုံတွေ၊ နိုင်ငံပိုင်အဆောက်

> ❖ **နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေး ကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့ လိုအပ်လာပါတယ်**

အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ပြင်းထန်စွာ ထိခိုက်ဆုံးရှုံးစေအောင် ပြုလုပ်မှုတွေဖြစ်တဲ့ အများပြည်သူအသုံးပြုနေတဲ့ လမ်း၊ တံတားတွေကို မိုင်းထောင်ဖောက်ခွဲ ဖျက်ဆီးတာတွေ၊ လျှပ်စစ်တာဝါတိုင်တွေကို ဖောက်ခွဲဖျက်ဆီးတာတွေ၊ လူနေထူထပ်တဲ့ မြို့ရွာတွေကို အဝေးကနေ လက်နက်ကြီးတွေနဲ့ ပစ်ခတ်တိုက်ခိုက်တာတွေ၊ Drop Bomb တွေချပြီး တိုက်ခိုက်တာတွေ၊ အပြစ်မဲ့ပြည်သူတွေကို အကြောင်းမဲ့သတ်ဖြတ်တာတွေ၊ ကျေးရွာအုပ်ချုပ်ရေးမှူးတွေကို ဖမ်းဆီးသတ်ဖြတ်တာတွေ၊ ကျောင်းဆရာမ စတဲ့အမျိုးသမီးတွေကို ဖမ်းဆီးပြီး အရှက်သိက္ခာအတွက် ငွေကြေးပေးမှ ပြန်လွှတ်ပေးတာတွေ၊ အတင်းအဓမ္မလူသစ်စုဆောင်းတာတွေ၊ နိုင်ငံတော်ပိုင်အဆောက်အအုံ၊ ယာဉ်၊ စက်ပစ္စည်းကိရိယာနဲ့ အသုံးအဆောင်ပစ္စည်းတွေကို ဖျက်ဆီးတာတွေ စတဲ့အကြမ်းဖက်လုပ်ရပ်တွေကို လက်နက်ကိုင်တိုင်းရင်းသား အကြမ်းဖက်သောင်းကျန်းသူအချို့နဲ့ PDF အမည်ခံအကြမ်းဖက်သမားတွေက လုပ်ဆောင်လာခဲ့ကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။

### နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာ

ဒီလုပ်ရပ်တွေဟာ နိုင်ငံတော်အတွင်း အခြေပြုပြီး နိုင်ငံတော်နဲ့ ပြည်သူတွေကို အကြမ်းဖက်မှုကျူးလွန်နေတာဖြစ်ပါတယ်။ ဒါကြောင့်လည်း တိုင်းရင်းသားလက်နက်ကိုင်သောင်းကျန်းသူ အဖွဲ့အချို့ကို အကြမ်းဖက်အုပ်စုအဖြစ် ကြေညာခဲ့တာဖြစ်ပါတယ်။ ဒီလို **နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ နိုင်ငံတော်နဲ့ ပြည်သူတွေအပေါ် အကြမ်းဖက်လာတာတွေကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်ဆိုတဲ့ အခွင့်အရေးတစ်ရပ်အနေနဲ့ တုံ့ပြန်ဆောင်ရွက်သွားရမှာပဲ ဖြစ်ပါတယ်။ ဒီကိစ္စဟာ တပ်မတော်အရေးကိစ္စသာမဟုတ်ဘဲ အမျိုးသားရေးကိစ္စတစ်ရပ်အနေနဲ့ ဖြစ်ပေါ်လာခဲ့ပါတယ်။ အမျိုးသားရေးကိစ္စမှာ အမျိုးသားအကျိုးစီးပွားကို ကာကွယ်ဖို့အတွက် နိုင်ငံသားတိုင်းမှာ တာဝန်ရှိလာပါတယ်။ နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့်အတွက် နိုင်ငံသားတိုင်းဟာ ကျရာအခန်းကဏ္ဍက ပါဝင်လာကြဖို့ လိုအပ်လာပါတယ်။**

တိုင်းရင်းသားလက်နက်ကိုင် အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အကြမ်းဖက်လုပ်ရပ်တွေကြောင့် ဒေသခံတိုင်းရင်းသားပြည်သူတွေအနေနဲ့ ယာယီနေရပ်စွန့်ခွာရမှုတွေနဲ့ ရင်ဆိုင်ကြုံတွေ့နေရတဲ့အပြင် အဲဒီအကြမ်းဖက်သောင်းကျန်းသူတွေဟာ မြို့ရွာတွေမှာ အဓမ္မဝင်ရောက်နေထိုင်လာကြပြီး အဲဒီလို နေထိုင်မှုအပေါ် တပ်မတော်က တန်ပြန်ထိုးစစ်ဆင်မှုကို ကာကွယ်ဖို့အတွက် ပြည်သူတွေရဲ့ နေအိမ်အဆောက်အအုံတွေ၊ အရပ်ဘက်အဆောက်အအုံတွေကို အသုံးပြုလာတာတွေ၊ လူသားတံတိုင်းအဖြစ် အသုံးပြုနိုင်ဖို့အတွက် ယာယီနေရပ်စွန့်ခွာသူတွေကို မြို့၊ ရွာတွေမှာ ပြန်လည်နေထိုင်ဖို့ ဆွဲဆောင်စည်းရုံးတာတွေကို လုပ်ဆောင်လာကြတာကို တွေ့ရှိရမှာဖြစ်ပါတယ်။ ဒီနေရာမှာ **ပြည်သူတွေအနေနဲ့ တစ်ခုသတိထားရမှာက အကြမ်းဖက်သောင်းကျန်းသူတွေရဲ့ အသုံးချခံမဖြစ်ဖို့ဆိုတာနဲ့ အကြမ်းဖက်သောင်းကျန်းသူတွေကို ဆက်နွှယ်ပတ်သက်မိရင် အကြမ်းဖက်အားပေးဖြစ်သွားနိုင်တယ်ဆိုတာပဲ ဖြစ်ပါတယ်။ နိုင်ငံတော်နဲ့ တပ်မတော်က နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေ တုံ့ပြန်ဆောင်ရွက်သွားမှာဖြစ်တဲ့အတွက် ပြည်သူတွေအနေနဲ့ မြေဇာပင်မဖြစ်ရအောင် သတိပေးလိုခြင်းဖြစ်ပါတယ်။ အကြမ်းဖက်မှုကို ပြည်သူတစ်ရပ်လုံး ဆန့်ကျင်သွားရမှာပဲ ဖြစ်ပါတယ်။**

နိုင်ငံတော်ရဲ့အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို တုံ့ပြန်ဆောင်ရွက်တဲ့နေရာမှာ တပ်မတော်တစ်ရပ်ထဲသာမက နိုင်ငံချစ်စိတ်၊ မျိုးချစ်စိတ်နဲ့ အမျိုးဘာသာ သာသနာကို **ထိန်းသိမ်းကာကွယ် စောင့်ရှောက်လိုစိတ်ရှိတဲ့ ပြည်သူတွေကပါ အမျိုးသားရေးတာဝန်တစ်ရပ်အနေနဲ့ နိုင်ငံတော်အပေါ် ကျရောက်လာတဲ့ လက်နက်ကိုင်အကြမ်းဖက်တိုက်ခိုက်မှု အန္တရာယ်ကို နိုင်ငံတော်ကာကွယ်ခုခံပိုင်ခွင့် (National Self Defence)အနေနဲ့ ကျင့်သုံးဆောင်ရွက်ရာမှာ တာဝန်သိစွာဖြင့် ပါဝင်လာဖို့လိုပါတယ်။** လက်ရှိအချိန်မှာ တာဝန်သိပြည်သူတွေအနေနဲ့ တပ်မတော်နဲ့လက်တွဲပြီး ပြည်သူ့စစ်အဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်တာတွေ၊ ပြည်သူ့လုံခြုံရေးအဖွဲ့တွေမှာ ပါဝင်တာဝန်ထမ်းဆောင်လာတာတွေဟာ နိုင်ငံတော် ကာကွယ်ခုခံပိုင်ခွင့်အတွက် အားတက်ဖွယ်မြင်ကွင်းတွေပဲ ဖြစ်ပါတယ်။ ဒီကဏ္ဍရပ်တွေအပြင် အခြားကဏ္ဍရပ်တွေမှာလည်း ပြည်သူတွေပါဝင်လာကြဖို့ လိုအပ်ပါတယ်။ ဖြစ်ပေါ်လာတဲ့ အခြေအနေတွေအရ နိုင်ငံတော်အတွက် စစ်မှုထမ်းခြင်းနဲ့ အခြားသော လုံခြုံရေးအဖွဲ့အစည်းတွေမှာ ပါဝင်ခြင်းဟာ ပြည်သူတွေရဲ့ တာဝန်တစ်ခုအဖြစ် အရေးတကြီးတည်ရှိလာပါတယ်။

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)ရဲ့ပြဋ္ဌာန်းချက်တွေထဲမှာဆိုရင် “ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ လွတ်လပ်ရေး၊ အချုပ်အခြာအာဏာနဲ့ နယ်မြေတည်တံ့ခိုင်မြဲရေးတို့ကို ကာကွယ်စောင့်ရှောက်ရေးဟာ နိုင်ငံသားတိုင်းရဲ့ တာဝန်ဖြစ်တယ်” လို့ ဆိုတဲ့အချက်၊ “နိုင်ငံသားတိုင်းဟာ ဥပဒေပြဋ္ဌာန်းချက်တွေနဲ့အညီ စစ်ပညာသင်ကြားဖို့နဲ့ နိုင်ငံတော်ကာကွယ်ရေးအတွက် စစ်မှုထမ်းဆောင်ဖို့ တာဝန်ရှိတယ်” လို့ ဆိုတဲ့အချက်တွေကို အတိအလင်း ပြဋ္ဌာန်းထားပါတယ်။

ပြည်သူတွေအနေနဲ့ ကိုယ့်နိုင်ငံအပေါ် **ရိုးသားစွာသစ္စာရှိပြီး ဥပဒေ၊ စည်းမျဉ်းစည်းကမ်းတွေကို လိုက်နာဖို့၊ လုံခြုံရေးနဲ့ဆိုင်တဲ့ ဘယ်ဥပဒေကိုမဆို လိုက်နာဖို့ဆိုတာတွေဟာ နိုင်ငံတစ်ခုရဲ့ လုံခြုံရေးစနစ်ကို ပြည့်ပြည့်ဝဝ တည်ဆောက်တဲ့နေရာမှာ လွန်စွာအရေးပါလှပါတယ်။ ပြည်သူတွေအနေနဲ့ သတင်းအချက်အလက်တွေကို အမှားအမှန် ခွဲခြားတတ်ပြီးတော့ သတင်းမှားတွေကို ကာကွယ်ဖို့၊ သတင်းမှားတွေ၊ အဖြစ်မှန်နဲ့ ကွဲလွဲချက်တွေဟာ နိုင်ငံတော်ရဲ့လုံခြုံရေးကို ထိခိုက်စေနိုင်တာကြောင့် သတင်းမှားတွေ ပျံ့နှံ့မှုက ကာကွယ်ဖို့အတွက် စောင့်ကြည့်သတိထားပြီး မှန်ကန်တဲ့ သတင်းအချက်အလက်တွေကို အသုံးပြုကြဖို့ လိုအပ်ပါတယ်။** ဒ့ါအပြင် လူမှုရေး၊ ယဉ်ကျေးမှုနဲ့ အခြေခံတန်ဖိုးတွေကို လိုက်နာပြီး ပတ်ဝန်းကျင်၊ မြို့ရွာတွေ တည်ငြိမ်ရေးနဲ့ ငြိမ်းချမ်းရေးကို ထိန်းသိမ်းဖို့ သတ်မှတ်ထားတဲ့ စည်းမျဉ်းစည်းကမ်းတွေနဲ့ လုပ်ငန်းစဉ်တွေကို လိုက်နာဆောင်ရွက်ဖို့ လိုအပ်ပါတယ်။ **အရေးပေါ်အခြေအနေတွေ၊ ခြိမ်းခြောက်မှုတွေနဲ့ လုံခြုံရေးထိခိုက်မှုတွေ ဖြစ်ပေါ်လာတဲ့အခါ အစိုးရနဲ့ လုံခြုံရေးအဖွဲ့တွေထံကို သတိပေးတာတွေ၊ သတင်းပို့တာတွေကို ပြည်သူတွေအနေနဲ့ တာဝန်သိစွာ ဆောင်ရွက်ကြဖို့လိုပါတယ်။ ဒါမှသာ လုံခြုံရေးနဲ့ ကာကွယ်ရေးစနစ်အတွင်းမှာ ပြည်သူတွေ ပူးပေါင်းပါဝင်လာပြီး နိုင်ငံတော် ကာကွယ်ခုခံပိုင်ခွင့်ကို ထိရောက်စွာ ဆောင်ရွက်နိုင်မှာဖြစ်**သလို နိုင်ငံတော်ရဲ့ အချုပ်အခြာအာဏာကို ထိပါးလာမှုနဲ့ အကြမ်းဖက်မှုတွေကို မလွဲမသွေ တုံ့ပြန်မှုပြုကြရတဲ့အခါမှာ ပြည်သူများရဲ့ ပူးပေါင်းပါဝင်မှုအားနဲ့ ဆောင်ရွက်ကြပါစို့လို့ တိုက်တွန်းရေးသားလိုက်ရပါတယ်။ ။

# ပဲခူးတက္ကသိုလ်၌ အခြေခံပညာ/အဆင့်မြင့်ပညာကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေး ဟောပြော

ပဲခူး စက်တင်ဘာ ၁၁

**ပဲခူးတိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် အခြေခံပညာ/အဆင့်မြင့်ပညာ ကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲကို စက်တင်ဘာ ၁၁ ရက်က ပဲခူးတက္ကသိုလ် စုဝေးခန်းမ၌ ပြုလုပ်ရာ တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။**

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်က နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များ၌ လူငယ်များအနေဖြင့် အဓိကစွမ်းအားစုအဖြစ် ပါဝင်နိုင်ရေး၊ ဗလငါးတန်နှင့် ပြည့်စုံသောလူငယ်များဖြစ်စေရေး လူငယ်ကဏ္ဍကို မြှင့်တင်ဆောင်ရွက်ရေးကို အလေးထားပံ့ပိုး ဖြည့်ဆည်းဆောင်ရွက်ပေးလျက်ရှိကြောင်း၊ ဥပဒေ၏ အခြေခံသည် စည်းကမ်းဖြစ်ပြီး အခြေခံဥပဒေဆိုင်ရာ အသိအမြင်ရရှိစေရေး ပညာပေးမှုနှင့် ထိန်းကျောင်းမှုများကို ဆောင်ရွက်ရန် လိုအပ်မည်ဖြစ်ကြောင်း၊ ဥပဒေပညာရပ်များကို သင်ကြားတတ်မြောက်ပြီးသည့်အခါမှာလည်း လိုက်နာရမည့်အချက်များ ရှောင်ရှားရမည့်အချက်များကို သိရှိပြီး စည်းကမ်းရှိစွာနေထိုင်တတ်သည့် အလေ့အကျင့်ကောင်းများ ပျိုးထောင်ပေးရမည်ဖြစ်ပြီး ပညာတော်ပြီး ကိုယ်ကျင့်တရားမကောင်းပါက လူတော်လူကောင်းမဖြစ်နိုင်သည်ကို သတိချပ်စေလိုကြောင်း။

ဥပဒေကိုမသိ၍ ပြစ်မှုကျူးလွန်ခဲ့သည်ဆိုသည့် အဖြစ်မျိုးမဖြစ်စေရေးအတွက် လူတိုင်းဥပဒေနှင့် စပ်လျဉ်းသည့် အသိပညာဗဟုသုတရရှိစေရန် လိုအပ်မည်ဖြစ်ပြီး အခြေခံအားဖြင့် မိမိတို့နိုင်ငံတွင် ပြဋ္ဌာန်းကျင့်သုံးနေသည့် ဥပဒေများအနက် သိသင့်သိထိုက်သည့် ဥပဒေများ၏ အဓိကအရေးကြီးသော သတ်မှတ်ပြဋ္ဌာန်းချက်များကို မှတ်သားသိရှိစေရန် ဟောပြောပေးမည်ဖြစ်ကာ အထောက်အကူပြု လေ့လာနိုင်စေရေး ဥပဒေအနှစ်ချုပ်စာအုပ်များကို ဖြန့်ဝေပေးထားပြီးဖြစ်ကြောင်း၊ ကျောင်းသားလူငယ်များအနေဖြင့် ဥပဒေဘောင်အတွင်း အေးချမ်းစွာနေနိုင်ရေး တရားဥပဒေစိုးမိုးရေးတို့အတွက် ဥပဒေအသိရှိသူများ၊ ပညာတတ်သူငယ်များ ပေါ်ထွန်းလာစေရေး ဟောပြောမှုများကို အလေးထားမှတ်သားကြရန်နှင့် "ဥပဒေဘောင်အတွင်းနေထိုင်ခြင်း၊ ဘေးကင်းရန်ကွာ ပြည်သာယာ" ဆိုသည့် ဆောင်ပုဒ်နှင့်အညီ ကျင့်ကြံနေထိုင်သူများ ဖြစ်ကြစေလိုကြောင်း ပြောကြားခဲ့သည်။

ထို့နောက် ပဲခူးတိုင်းဒေသကြီး ဥပဒေချုပ်ရုံးမှ ရုံးအဖွဲ့မှူး ဦးကျော်နန္ဒနှင့် ဒုတိယတိုင်းဥပဒေအရာရှိ ဒေါ်မို့မို့ဝင်းရွှေတို့က ၂၀၀၈ ခုနှစ်၊ ဖွဲ့စည်းပုံအခြေခံဥပဒေမှ သိမှတ်ဖွယ်ရာများ၊ ရွေးကောက်ပွဲဆိုင်ရာဥပဒေမှ သိမှတ်ဖွယ်ရာများ၊ မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေမှ သိမှတ်ဖွယ်ရာများ၊ လူကုန်ကူးမှုတားဆီးနှိမ်နင်းရေးဥပဒေမှ သိမှတ်ဖွယ်ရာများနှင့် လောင်းကစားဥပဒေမှ သိမှတ်ဖွယ်ရာများအား ရှင်းလင်းဟောပြောသည်။



ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း ဥပဒေအသိပညာပေးဟောပြောပွဲတွင် အမှာစကားပြောကြားစဉ်။

အဆိုပါ အခြေခံပညာ/အဆင့်မြင့်ပညာကျောင်းသားများနှင့် လူငယ်များအတွက် ဥပဒေအသိပညာပေးဟောပြောပွဲအား တိုင်းဒေသကြီးအစိုးရအဖွဲ့၏ အစီအစဉ်ဖြင့် ကျောင်းသားလူငယ်များ မိမိတို့နိုင်ငံ၌ ပြဋ္ဌာန်းကျင့်သုံးနေသည့် ဥပဒေများကို သိရှိနားလည်ပြီး ရှောင်ရှားသင့်သည့် အလေ့အကျင့်၊ အမူအကျင့်များ လိုက်နာဆောင်ရွက်ကြမည့် အချက်များကို လူငယ်ဘဝကတည်းကသိရှိပြီး စည်းကမ်းရှိသည့် လူငယ်လူရွယ်များဖြစ်စေရန် မျှော်မှန်းကျင်းပခြင်းဖြစ်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## တိုင်းဒေသကြီးအစီအစဉ်ဖြင့် စိုက်ပျိုးရေးတောင်သူများအား ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ အခမဲ့ပေးအပ်

မိတ္ထီလာ စက်တင်ဘာ ၁၁

မန္တလေးတိုင်းဒေသကြီး မိတ္ထီလာမြို့နယ်တွင် သတ်မှတ်လျာထားစိုက်ကွက်များပြည့်မီရေး တိုင်းဒေသကြီးအစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ အခမဲ့ပေးအပ်ပွဲကို စက်တင်ဘာ ၁၀ ရက်က ပျော်ကုန်းကျေးရွာ ဘုန်းတော်ကြီးကျောင်း၌ ကျင်းပသည်။

ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ အခမဲ့ပေးအပ်ပွဲတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးဇော်အောင်လေးနှင့် ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူး ဒေါ်စန္ဒာလင်းတို့က အမှာစကား ပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဦးသက်နိုင်အေးက ၂၀၂၄-၂၀၂၅ ခုနှစ်တွင် သတ်မှတ်လျာထား စိုက်ပျိုးကွက်များပြည့်မီရေး တိုင်းဒေသကြီး အစီအစဉ်ဖြင့် ဝါမျိုးစေ့နှင့် နေကြာမျိုးစေ့များ ပေးအပ်ရခြင်း အကြောင်းကို ရှင်းလင်းပြောကြားခဲ့သည်။ ယင်းနောက် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး၊ ခရိုင်စိုက်ပျိုးရေးဦးစီးဌာန ခရိုင်ဦးစီးမှူးနှင့် မြို့နယ် စိုက်ပျိုးရေးဦးစီးဌာန မြို့နယ်ဦးစီးမှူးတို့က ဝါမျိုးစေ့နှင့်



နေကြာမျိုးစေ့များကို ပျော်ကုန်းကျေးရွာရှိ စိုက်ပျိုးရေးတောင်သူများအား ပေးအပ်သည်။

၂၀၂၄-၂၀၂၅ ခုနှစ်တွင် သတ်မှတ်လျာထား စိုက်ပျိုးကွက်များပြည့်မီရေး တိုင်းဒေသကြီး အစီအစဉ်ဖြင့် မိတ္ထီလာမြို့နယ်အတွင်းရှိ ကျေးရွာများမှ စိုက်ပျိုးရေးတောင်သူများအား တစ်ဧကလျှင် နှစ်ပိဿာအိတ် တစ်အိတ်နှုန်းဖြင့် ဝါစိုက်ဧက ၃၀၀ အတွက် ရွှေတောင်(၁၀) ဝါမျိုးစေ့အိတ် ၃၀၀ နှင့် တစ်ဧကလျှင် သုံးကီလိုအိတ် တစ်အိတ်နှုန်းဖြင့် နေကြာစိုက်ဧက ၅၀ အတွက် ရေဆင်း(၁)(စပ်မျိုး)နေကြာမျိုးစေ့အိတ် ၅၀ တို့ကို အခမဲ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**သိန်းမြင့်ကျော်(မိတ္ထီလာ)**

## ကမ္ဘာ့အိုဇုန်းလွှာအထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကျင်းပ

မိတ္ထီလာ စက်တင်ဘာ ၁၁

မိတ္ထီလာမြို့ လူထုမြို့လူထုအခြေပြုဗဟိုဌာန၌ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန၏ ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့( World Ozne Day )နေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲကို ယနေ့ ပိုင်းက ကျင်းပသည်။

ဦးစွာ ခရိုင်ပတ်ဝန်းကျင်ထိန်းသိမ်းရေးဦးစီးဌာန လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်အေးစန္ဒာက ပြိုင်ပွဲကျင်းပရခြင်း ရည်ရွယ်ချက်နှင့် ပြိုင်ပွဲစည်းကမ်းချက်များကို ရှင်းလင်းပြောကြားကာ ပြိုင်ပွဲကို ကျင်းပရာ မြို့နယ်အတွင်းရှိ အခြေခံပညာကျောင်းများနှင့် ကိုယ်ပိုင်ကျောင်းများမှ ကျောင်းသား ကျောင်းသူပြိုင်ပွဲဝင် ၁၈ ဦးက မွန်ထရီရယ်နောက်ဆက်တွဲစာချုပ် ရည်မှန်းချက်အောင်မြင်ဖို့ ရာသီဥတုပြောင်းလဲမှုတိုက်ဖျက်ရေးတို့မြှင့်ဆောင်ရွက်စို့ ခေါင်းစဉ်ဖြင့် ဝင်ယှဉ်ပြိုင်ကြပြီး ပြိုင်ပွဲတွင် ဆုရရှိသည့်ကျောင်းသား ကျောင်းသူများအား စက်တင်ဘာ ၁၆ ရက်တွင် ကျင်းပမည့် ၂၀၂၄ ခုနှစ် ကမ္ဘာ့အိုဇုန်းလွှာထိန်းသိမ်းရေးနေ့အခမ်းအနားတွင် ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်မည်ဖြစ်ကြောင်း သိရသည်။

**ချမ်းသာ(မိတ္ထီလာ)**

## ၂၀၂၄ ခုနှစ် စက်တင်ဘာလ ဒုတိယ(၁၀)ရက်ပတ်အတွက် မိုးလေဝသနှင့် ဇလဗေဒခန့်မှန်းချက်

**ဘင်္ဂလားပင်လယ်အော်အခြေအနေ**

ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် လေဖိအားနည်းရပ်ဝန်း နှစ်ကြိမ်ဖြစ်ပေါ်နိုင်ပြီး တစ်ကြိမ်တွင် ပိုမိုအားကောင်းလာကာ မုန်တိုင်းငယ်အဖြစ်သို့ ရောက်ရှိနိုင်သည်။ အနောက်တောင်မုတ်သုံလေသည် ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၅ ရက်မှ ၂၀ ရက်အတွင်း မြန်မာနိုင်ငံမြောက်ပိုင်းဒေသများမှ ဆုတ်ခွာသွားဖွယ်ရာရှိသည်။ အနောက်တောင်မုတ်သုံလေသည် ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် အားအသင့်အတင့်ရှိနိုင်ပါသည်။

**မိုးအခြေအနေနှင့် မိုးရွာရက်**

မိုးရွာသွန်းမှုအခြေအနေမှာ နေပြည်တော်၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အနောက်ပိုင်း)၊ ရှမ်းပြည်နယ်နှင့် ကယားပြည်နယ်တို့တွင် ရွာသွန်းမြဲထက်ပိုနိုင်ပြီး စစ်ကိုင်းတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး(အရှေ့ပိုင်း)၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန် ပြည်နယ်တို့တွင် ရွာသွန်းမြဲခန့် မိုးထစ်ချုန်းရွာနိုင်သည်။

နေပြည်တော်၊ ပဲခူးတိုင်းဒေသကြီး၊ ရန်ကုန်တိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(တောင်ပိုင်းနှင့် အရှေ့ပိုင်း)၊ ချင်းပြည်နယ်၊ ရခိုင်ပြည်နယ်၊ ကရင်ပြည်နယ်နှင့် မွန်ပြည်နယ်တို့တွင် ၈ ရက်မှ ၁၀ ရက်ခန့်နှင့် စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ရှမ်းပြည်နယ်(မြောက်ပိုင်း)နှင့် ကယားပြည်နယ်တို့တွင် ၄ ရက်မှ ၇ ရက်ခန့် မိုးထစ်ချုန်းရွာနိုင်သည်။

**မြစ်ရေအခြေအနေ**

ဧရာဝတီမြစ်ရေသည် မြစ်ကြီးနားမြို့၊ ဗန်းမော်မြို့၊ ရွှေကူမြို့နှင့် ကသာမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် သပိတ်ကျင်းမြို့၊ မန္တလေးမြို့၊ စစ်ကိုင်းမြို့၊ မြင်းမူမြို့၊ ပခုက္ကူမြို့၊ ညောင်ဦးမြို့၊ ချောက်မြို့၊ မင်းဘူးမြို့၊ မကွေးမြို့၊ အောင်လံမြို့၊ ပြည်မြို့၊ ဆိပ်သာမြို့၊ ဟင်္သာတမြို့နှင့် ဇလွန်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

ချင်းတွင်းမြစ်ရေသည် ခန္တီးမြို့၊ ဟုမ္မလင်းမြို့၊ ဖောင်းပြင်မြို့နှင့် မော်လိုက်မြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်နှင့် ကလေးဝမြို့၊ မင်းကင်းမြို့၊ ကနီမြို့နှင့် မုံရွာမြို့တို့တွင် ပေဝက်မှ တစ်ပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

မြစ်သာမြစ်ရေသည် ကလေးမြို့တွင် နှစ်ပေခန့်၊ ဒုဋ္ဌဝတီမြစ်ရေသည် သီပေါမြို့၊ ရွှေစာရံနှင့် မြစ်ငယ်မြို့တို့တွင် တစ်ပေမှ သုံးပေခန့်၊ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့နှင့် မဒေါက်မြို့တို့တွင် ပေဝက်မှ တစ်ပေခွဲခန့်၊ ရွှေကျင်မြစ်ရေသည် ရွှေကျင်မြို့တွင် နှစ်ပေခန့်၊ ပဲခူးမြစ်ရေသည် ဇောင်းတုမြို့နှင့် ပဲခူးမြို့တို့တွင် တစ်ပေခွဲမှ သုံးပေခန့်၊ သံလွင်မြစ်ရေသည် ဘားအံမြို့တွင် နှစ်ပေခန့်၊ သောင်ရင်းမြစ်ရေသည် မြဝတီမြို့တွင် နှစ်ပေခွဲခန့်၊ ဝေါမြစ်ရေသည် ငါးသိုင်းချောင်းမြို့၊ သာပေါင်းမြို့နှင့် ပုသိမ်မြို့တို့တွင် ပေဝက်မှ တစ်ပေခန့်၊ တိုးမြစ်ရေသည် မအူပင်မြို့တွင် တစ်ပေခွဲခန့်နှင့် ဘီးလင်းမြစ်ရေသည် ဘီးလင်းမြို့တွင် သုံးပေခန့် လက်ရှိရေမှတ်များအထက် မြင့်တက်လာနိုင်သည်။

**မိုး/ဇလ**

## ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ ကျေးရွာများ ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြရန်နှိုးဆော်

**ရန်ကုန် စက်တင်ဘာ ၁၁**

ရာဂိမုန်တိုင်းအရှိန်ကြောင့် နေပြည်တော်ဒေသနှင့် အရှေ့ဘက်ကုန်းမြင့်ဒေသများတွင် မိုးရွာသွန်းမှုများပြားလျက်ရှိပြီး ပျဉ်းမနားမြို့နယ်အတွင်း ဖြတ်သန်းစီးဆင်းလျက်ရှိသော ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့် ပေါင်းလောင်းမြစ်များတွင် ရေမြင့်တက်လျက်ရှိသည်။ သို့ပါ၍ ပျဉ်းမနားမြို့နယ်အတွင်း ငလိုက်ချောင်း၊ ဆင်သေချောင်းနှင့်ပေါင်းလောင်းမြစ်တစ်လျှောက်ရှိ အနိမ့်ပိုင်းဧရိယာများနှင့် ကျေးရွာများအနေဖြင့် ရေဘေးအန္တရာယ် သတိပြုနေထိုင်ကြပါရန် နှိုးဆော်တိုက်တွန်းထားသည်။

**သတင်းစဉ်**

## သန်လျင် ကျိုက်ခေါက်စေတီရှိ ကြေးသွန်း တန်ဆောင်းတော်ကြီး အသစ်တည်ဆောက်မည်

**ရန်ကုန် စက်တင်ဘာ ၁၁**

သန်လျင်ခရိုင် သန်လျင်မြို့ရှေးဟောင်းသမိုင်းဝင် ဆံတော်ရှင်ကျိုက်ခေါက်စေတီရှိ ကြေးသွန်းတန်ဆောင်းကြီးအား အသစ်ပြန်လည်တည်ဆောက်ရန် စေတီတော်မြတ်ဂေါပကအဖွဲ့နှင့် မြို့မဈေးကြီးဈေးသူဈေးသားများပါဝင်သော ပြုပြင်တည်ဆောက်ရေးအဖွဲ့က စီစဉ်လျက်ရှိသည်။

အဆိုပါ ကြေးသွန်းတန်ဆောင်းတော်ကြီးမှာ နှစ်ပေါင်းကြာမြင့်လာသည့်အတွက် ပျက်စီးယိုယွင်းမှုများကြောင့် အသစ်ပြန်လည်တည်ဆောက်ရခြင်းဖြစ်ကြောင်း၊ အလှူရှင်များ၏စုပေါင်းအားဖြင့် ဆောင်ရွက်သွားမည်ဖြစ်ကြောင်း တည်ဆောက်ရေးအဖွဲ့ ဘဏ္ဍာရေးမှူး ဦးဌေးဝင်း(နီလာမင်းရွှေဆိုင်၊ မြို့မဈေး)ထံမှ သိရသည်။

ပါဝင်ကုသိုလ်ပြုလှူဒါန်းလိုသူများအနေဖြင့် ဂေါပကအဖွဲ့ ဖုန်း ၀၉-၇၉၉၄၅၈၀၀၀၉၊ ဦးဌေးဝင်း (နီလာမင်းရွှေဆိုင်၊မြို့မဈေး) ၀၉-၅၀၁၅၀၂၁၊ ဒေါ်သန်းရွှေအထည်ဆိုင်၊မြို့မဈေး) ၀၉- ၉၆၅၀၀၇၉၄၄ တို့သို့ ဆက်သွယ်လှူဒါန်းနိုင်ကြောင်း သိရသည်။ **သန်းဝင်း(သန်လျင်)**

## နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးနှင့် ဦးမြင့်စိုး တပ်ကုန်းမြို့ ရေဘေးသင့်ပြည်သူများအား ပစ္စည်းများထောက်ပံ့ပေးအပ်

**တပ်ကုန်း စက်တင်ဘာ ၁၁**

နေပြည်တော်ကောင်စီ အဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုး၊ ဦးမြင့်စိုးနှင့် တာဝန်ရှိသူများသည် တပ်ကုန်းမြို့နယ်တွင် ရပ်ကွက်၊ ကျေးရွာများမှ ရေဘေးသင့်ပြည်သူများကို ယနေ့ ညနေပိုင်းက မြို့နယ်အထွေထွေ အုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။




အဆိုပါ ထောက်ပံ့ပေးအပ်ပွဲတွင် နေပြည်တော်ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုးက ရေဘေးသင့်ပြည်သူများအား အားပေးစကား ပြောကြားပြီးနောက် နေပြည်တော် ကောင်စီအဖွဲ့ဝင် ဗိုလ်မှူးကြီး ရဲမိုး၊ နေပြည်တော်ကောင်စီအဖွဲ့ဝင် ဦးမြင့်စိုးတို့က ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး အလှူရှင်များက လှူဒါန်းသည့် ထောက်ပံ့ပစ္စည်းများကို မြို့နယ်စီမံအုပ်ချုပ်ရေး အဖွဲ့ဥက္ကဋ္ဌ ဦးညီညီထွေးက လက်ခံရယူကြောင်းသိရပြီး ရေဘေးကြောင့် အခက်အခဲဖြစ်နေသည့် ပြည်သူများအား လူအင်အား၊ စက်လှေများဖြင့် လိုက်လံကယ်ဆယ်လျက်ရှိကြောင်း သိရသည်။

**တင်စိုးလွင်**

## တောင်ငူမြို့၌ စစ်တောင်းမြစ်ရေ စိုးရိမ်ရေမှတ်အထက်ရောက်ရှိ မြေနိမ့်ပိုင်းရှိပြည်သူများအား ရေဘေးလွတ်ရာရွှေ့ပြောင်းပေး

**တောင်ငူ စက်တင်ဘာ ၁၁**

ပဲခူးတိုင်းဒေသကြီး တောင်ငူမြို့၌ စစ်တောင်းမြစ်ရေစိုးရိမ်ရေမှတ်အထက် ရောက်ရှိနေပြီး ယနေ့ မွန်းလွဲပိုင်းတွင် မြေနိမ့်ပိုင်းများသို့ မြစ်ရေဝင်ရောက်လျက်ရှိကာ မြေနိမ့်ပိုင်းရှိ ပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်း ပေးလျက်ရှိသည်။

တောင်ငူမြို့ အမှတ်(၈)၊ (၉)၊ (၁၀)ရပ်ကွက်ရှိ မြေနိမ့်ပိုင်းများတွင် စစ်တောင်းမြစ်ရေဝင်ရောက်လျက်ရှိပြီး ရေဘေးသင့်ပြည်သူများအား ကုန်းမြင့်ပိုင်းရှိ ဘုန်းတော်ကြီးကျောင်းများနှင့် စာသင်ကျောင်းများတွင် ကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ထားလျက်ရှိကာ ယနေ့ မွန်းလွဲပိုင်းတွင် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးသိန်းဇော်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးဉာဏ်လင်းအောင်နှင့်အဖွဲ့ဝင်များ ဦးဆောင်၍ မီးသတ်တပ်ဖွဲ့ဝင်များနှင့် ပရဟိတလူမှုရေးအသင်းအဖွဲ့များဖြင့် မြေနိမ့်ပိုင်းရှိပြည်သူများအား ဘေးလွတ်ရာသို့ ရွှေ့ပြောင်းပေးလျက်ရှိကြောင်း သိရသည်။

**ဇော်ကိုကို(တောင်ငူ)**

## ပေါင်မြို့နယ်၌ နွားမေထုန်မဲ့သားစပ်သင်တန်းဖွင့်

**ပေါင် စက်တင်ဘာ ၁၁**

မွန်ပြည်နယ် ပေါင်မြို့နယ်၌ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာန၊ မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနက စီစဉ်ဖွင့်လှစ်သည့် နွားမေထုန်မဲ့သားစပ် သင်တန်းအမှတ်စဉ် (၂/၂၀၂၄ / မွန်) ဖွင့်ပွဲကို ပေါင်မြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ ယနေ့နံနက်ပိုင်းက ပြုလုပ်သည်။

ဦးစွာ သထုံခရိုင် မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒုတိယညွှန်ကြားရေးမှူး ဒေါက်တာသက်နိုင်က မေထုန်မဲ့သားစပ်ခြင်း၏ အကျိုးကျေးဇူးများနှင့် ဆိုးကျိုးများ၊ သင်တန်းဖွင့်လှစ်ရခြင်းရည်ရွယ်ချက်ကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်ဦးစီးမှူး ဒေါ်ဂျူးမြတ်ချယ်လင်းက အမှာစကားပြောကြားပြီး မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးမှူး ဦးကျော်စွာလှိုင်က နို့နှင့် နို့ထွက်ပစ္စည်းများသည် နိုင်ငံတော်အတွက် အရေးကြီးကြောင်း၊ လိုအပ်လျှင် နိုင်ငံတော်က ချေးငွေထုတ်ပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။



အဆိုပါသင်တန်းကို စက်တင်ဘာ ၁၁ ရက်မှ ၁၅ ရက်အထိ ငါးရက်ကြာ ဖွင့်လှစ်သွားမည်ဖြစ်ပြီး ပေါင်မြို့နယ်အတွင်းရှိ အခြေခံကျန်းမာရေး လုပ်သား (CAHW) ၁၀ ဦး တက်ရောက်သင်ကြားလျက်ရှိကြောင်း သိရသည်။

**မွန်မလေး (ပြန်/ဆက်)**



စက်တင်ဘာ ၁၁ ရက်က ရန်ကုန်တိုင်းဒေသကြီး စမ်းချောင်းမြို့နယ် ရဲတပ်ဖွဲ့မှူး ရဲမှူး ဝင်းနိုင်နှင့် မြို့မရဲစခန်းမှူး ဒုတိယရဲမှူး အောင်အောင်၊ ဦးစီး ရဲတပ်ဖွဲ့ဝင်များ နှစ်(၆၀)ပြည့် ရဲတပ်ဖွဲ့နေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် အောင်ချမ်းသာရပ်ကွက် ကံမြင့်ကျောင်းတိုက်အတွင်း သစ်ပင်ချုံနွယ်များ စုပေါင်းသန့်ရှင်းရေးဆောင်ရွက်စဉ်။

ကိုကြီးတင်

## သံလွင်မြစ်ရေ ဘားအံမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ နံနက် ၉ နာရီခွဲ တိုင်းထွာချက်အရ သံလွင်မြစ်ရေသည် ဘားအံမြို့ တွင် ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၄ ဒသမ ၆၁ ပေ (၇၅၀ စင်တီမီတာ)သို့ ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏စိုးရိမ်ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ဘားအံမြို့နယ်အတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်ပါသည်။

## စစ်တောင်းနှင့် ပဲခူးမြစ်ရေကြီးမှုအခြေအနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် တောင်ငူမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၁၉ ဒသမ ၆၉ ပေ (၆၀၀ စင်တီမီတာ)အောက် ပေဝက်ခန့် (၁၆ စင်တီမီတာ)တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏ စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

ပဲခူးမြစ်ရေသည် ပဲခူးမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၂၈ ဒသမ ၈၇ ပေ (၈၈၀ စင်တီမီတာ)အောက် တစ်ပေကျော် (၃၃ စင်တီမီတာ) တွင် ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း ယင်းမြို့၏စိုးရိမ်ရေမှတ်သို့ ရောက်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ တောင်ငူမြို့နယ်နှင့် ပဲခူးမြို့နယ်များအတွင်းရှိ မြစ်ကမ်းအနီးနှင့် မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြပါရန် အကြံပြုအပ်သည်။

## စစ်တောင်းမြစ်ရေ မဒေါက်မြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင် သောင်ရင်းမြစ်ရေ မြဝတီမြို့၌ စိုးရိမ်ရေမှတ်အထက် ဆက်ရှိနိုင်

**နေပြည်တော် စက်တင်ဘာ ၁၁**

ယနေ့ နံနက် ၇ နာရီခွဲ တိုင်းထွာချက်များအရ စစ်တောင်းမြစ်ရေသည် မဒေါက်မြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၅ ဒသမ ၁၀ ပေ (၁၀၇၀ စင်တီမီတာ)အထက်သို့ နှစ်ပေခွဲခန့် (၇၀ စင်တီမီတာ) ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါမြစ်ရေသည် နောက်တစ်ရက်အတွင်း တစ်ပေခွဲ ခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ်ရေမှတ်အထက် ဆက်လက် တည်ရှိနိုင်သည်။

သောင်ရင်းမြစ်ရေသည် မြဝတီမြို့၌ ယင်းမြို့၏ စိုးရိမ်ရေမှတ် ၃၁ ဒသမ ၅၉ ပေ (၉၆၃ စင်တီမီတာ) အထက်သို့ ၁၀ ပေခွဲခန့် (၃၁၉ စင်တီမီတာ)ကျော်လွန်ရောက်ရှိနေသည်။ အဆိုပါ မြစ်ရေသည် နောက် တစ်ရက်အတွင်း သုံးပေခန့် မြင့်တက်လာနိုင်ပြီး ယင်းမြို့၏ စိုးရိမ် ရေမှတ်အထက် ဆက်လက်တည်ရှိနိုင်သည်။

သို့ဖြစ်ပါ၍ မဒေါက်မြို့နှင့် မြဝတီမြို့နယ်တို့အတွင်းရှိ မြစ်ကမ်းအနီးနှင့်မြေနိမ့်ပိုင်းနေထိုင်သူများအနေဖြင့် အထူးသတိပြုနေထိုင်ကြရန် အကြံပြုအပ်သည်။

**မိုး/ဇလ**

# ဟားရစ်နှင့် ထရမ့်တို့ လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံစီးပွားရေး၊ ဂါဇာအရေး အကြိတ်အနယ် စကားစစ်ထိုး

**ဝါရှင်တန် စက်တင်ဘာ ၁၁**

အမေရိကန် ဒုတိယသမ္မတ ကာမလာဟားရစ်နှင့် အမေရိကန်သမ္မတဟောင်း ဒေါ်နယ်ထရမ့်တို့သည် ရုပ်မြင်သံကြားစကားစစ်ထိုးပွဲတစ်ခုတွင် လူဝင်မှုကြီးကြပ်ရေး၊ နိုင်ငံခြားရေးမူဝါဒနှင့် အမေရိကန်စီးပွားရေးအပါအဝင် အဓိကအကြောင်းအရာများကို ယှဉ်ပြိုင်စကားစစ်ထိုးခဲ့သည်။

အမေရိကန်ပြည်ထောင်စု ဖီလာဒယ်လ်ဖီးယားပြည်နယ်တွင် ပြုလုပ်သော အဆိုပါ စကားစစ်ထိုးပွဲသည် မိနစ် ၉၀ ကျော် ကြာမြင့်ခဲ့သည်။

အလယ်အလတ်လူတန်းစားများ၏ ဘဝကို မြှင့်တင်ပေးပြီး အမေရိကန်ပြည်သူများအတွက် အလုပ်ပေးမည့်သူသည် ယခုဤစင်မြင့်ထက်တွင် ရှိသည့် တစ်ဦးတည်းသောသူဖြစ်ကြောင်း ဟားရစ်က သူ့ကိုယ်သူ ကိုယ်ရည်သွေး ပြောကြားလိုက်ပြီး၊ ထရမ့်ကိုရည်ညွှန်းလျက် သူ၏အစီအစဉ်သည် သူယခင်ကလုပ်ခဲ့သည့် လမ်းဟောင်းကြီးအတိုင်းလုပ်ရန်ဖြစ်ကြောင်း၊ အမေရိကန်ပြည်ထောင်စု၏ လိုငွေအမေရိကန်ဒေါ်လာ ငါးထရီလီယံဖြစ်ပေါ်စေမည့် ဘီလီယံနာများနှင့် ကော်ပိုရေးရှင်းကြီးများအတွက် အခွန်ဖြတ်တောက်မှုကို ပံ့ပိုးလုပ်ဆောင်ရန်ဖြစ်ကြောင်း ဟားရစ်က ပြောကြားလိုက်သည်။

တိုင်းပြည်၏အဖျက်ရန်သူ၊ နိုင်ငံများကို ကွဲပြဲစေသူဟု လူသိများသည့် ငွေကြေးဖောင်းပွမှုကြောင့် မိမိတို့တွင် အလွန်ဆိုးရွားသည့် စီးပွားရေးနှင့် ကြုံတွေ့နေရကြောင်း၊ လူနည်းစုသာ တွေ့ကြုံဖူးသည့် ကြောက်မက်ဖွယ် ငွေကြေးဖောင်းပွမှု ဖြစ်ပေါ်နေကြောင်း၊ နိုင်ငံ့သမိုင်းတွင် အကောင်းဆုံးစီးပွားရေးကို ဖန်တီးပေးခဲ့ကြောင်း၊ ယခုလည်း ထိုသို့ အကောင်းဆုံးဖြစ်အောင် လုပ်ဆောင်သွားမည်ဖြစ်ကြောင်းနှင့် ယခင်ထက်ပင် ပိုကောင်းရမည်ဖြစ်ကြောင်း ထရမ့်က ပြောကြားလိုက်သည်။

ထို့အပြင် ပြိုင်ဘက်နှစ်ဦးသည် လူဝင်မှုကြီးကြပ်ရေးတွင်လည်း သူတင်ကိုယ်တင် အပြိုင်ကြဲခဲ့ကြသည်။ အမေရိကန်သမ္မတ ဘိုင်ဒင်လက်ထက်တွင် အမေရိကန်နယ်စပ်ကို ဖြတ်ကျော်ပြီး လူတွေအလုံးအရင်းနှင့် ဝင်လာသည်ဟု ထရမ့်က ပြစ်တင်ပြောကြားလိုက်သည်။ သူတို့က ရာဇဝတ်သမားတွေကို ဝင်ခွင့်ပြုခဲ့ကြောင်း၊ ရာဇဝတ်သမားတွေ အများကြီးဝင်ခွင့်ပြုခဲ့ကြောင်း၊ သူတို့က အကြမ်းဖက်သမားတွေကို ဝင်ခွင့်ပြုခဲ့ကြောင်း၊ သူတို့က လမ်းဘေးရာဇဝတ်မှုတွေကို ခွင့်ပြုခဲ့ကြောင်း၊ သူတို့က မူးယစ်ကုန်သည်တွေကို နိုင်ငံအတွင်း ဝင်ရောက်ခွင့်ပြုခဲ့ကြောင်း၊ ယခုတော့ ၎င်းတို့တစ်တွေ နိုင်ငံထဲမှာ ရောက်နေပြီဖြစ်ကြောင်း ထရမ့်က ပြောကြားလိုက်သည်။




ယခုနှစ်အစောပိုင်းတွင် နယ်စပ်ဥပဒေမူကြမ်းတစ်ခုကို ပိတ်ဆို့ဟန့်တားမှုနှင့်ပတ်သက်ပြီး ဟားရစ်က ထရမ့်ကို ပြန်လည်ဝေဖန်လိုက်သည်။

ပြိုင်ဘက်နှစ်ဦးသည် တစ်ဦးနှင့်တစ်ဦးမထောက်မညှာ စကားစစ်ထိုးခဲ့ကြသည်။ တစ်ဦးကို တစ်ဦး လူလိမ်တွေအဖြစ်လည်း ကင်ပွန်းတပ်ခဲ့ကြသည်။ ထို့အပြင် ၎င်းတို့နှစ်ဦးသည် ဂါဇာအရေးကိုလည်း မျက်နှာချင်းဆိုင် စကားစစ်ထိုးခဲ့ကြသည်။

အမေရိကန်သမ္မတ ရွေးကောက်ပွဲကျင်းပရန် သီတင်းပတ် ရှစ်ပတ်တောင်မလိုတော့သည့် အချိန်တွင် ထရမ့်နှင့် ဟားရစ်တို့ အကြိတ်အနယ် ယှဉ်ပြိုင်နေကြခြင်းဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## အမေရိကန်ပေါ့ပ် အဆိုတော် တေလာဆွစ်ဖ်က ကာမလာဟားရစ်ကို သမ္မတအဖြစ် ထောက်ခံအားပေး

**နယူးယောက် စက်တင်ဘာ ၁၁**

အမေရိကန် ပေါ့ပ်အဆိုတော် တေလာဆွစ်ဖ်သည် လက်ရှိဒုတိယသမ္မတ ကာမလာဟားရစ်ကို လာမည့်အမေရိကန်သမ္မတသစ်အဖြစ် ထောက်ခံအားပေးကြောင်း ဖော်ပြခဲ့သည်။

စက်တင်ဘာ ၁၀ ရက်က ဒီမိုကရက်တစ်သမ္မတလောင်း ကာမလာဟားရစ်နှင့် ရီပတ်ဘလီကင်သမ္မတလောင်း ဒေါ်နယ်ထရမ့်တို့ ရုပ်သံစကားစစ်ထိုးပွဲအပြီးတွင် တေလာဆွစ်ဖ်က ယခုကဲ့သို့သတင်းစကားကို အင်စတာဂရမ်ပေါ် တင်ခဲ့ခြင်းဖြစ်သည်။

၂၀၂၄ ခုနှစ် သမ္မတရွေးကောက်ပွဲတွင် ဟားရစ်ကိုထောက်ခံမဲပေးမည်ဖြစ်ကြောင်း တေလာဆွစ်ဖ်ကပြောသည်။ ကာမလာဟားရစ်သည် အခွင့်အရေးများအတွက် တိုက်ပွဲဝင်နေသည်ဟု ယုံကြည်သည့်အတွက် ၎င်းတို့ထောက်ခံမဲပေးမည်ဟု တေလာဆွစ်ဖ်က ပြောသည်။

ဟားရစ်သည် တည်ငြိမ်ပြီး ထူးချွန်သောခေါင်းဆောင်ဖြစ်သည့်အတွက် နိုင်ငံကို ပရမ်းပတာမဖြစ်ဘဲ တည်ငြိမ်အေးချမ်းစွာ ဦးဆောင်နိုင်မည်ဟု ယုံကြည်ကြောင်း တေလာဆွစ်ဖ်က ပြောသည်။

တေလာဆွစ်ဖ်သည် လူငယ်များကြားတွင် အထူးလွှမ်းမိုးမှုရှိသူဖြစ်ပြီး ၎င်း၏ အင်စတာဂရမ်တွင် ပရိသတ်ပေါင်း ၂၈၃ သန်းကျော်ရှိသည်။

**အင်န်အိတ်ချ်ကေ**

## အာကာသအတွင်း လမ်းလျှောက်နိုင်ရန် စီစဉ်ထားသည့် SpaceX ၏ အာကာသယာဉ်လွှတ်တင်

**ဖလော်ရီဒါ စက်တင်ဘာ ၁၁**

ပုဂ္ဂလိကကဏ္ဍမှ လေးဦးလိုက်ပါသည့် အာကာသယာဉ်ကို အမေရိကန်ပြည်ထောင်စု ဖလော်ရီဒါပြည်နယ်မှ လွှတ်တင်လိုက်ရာ အဆိုပါ အာကာသခရီးစဉ်တွင် ပထမဦးဆုံးအကြိမ်အဖြစ် စီးပွားဖြစ် အာကာသအတွင်း လမ်းလျှောက်နိုင်မည့် အစီအစဉ်လည်းပါဝင်သည်။



Dragon အာကာသယာဉ်ကို စက်တင်ဘာ ၁၀ ရက်က ကနေဒီအာကာသစင်တာမှ လွှတ်တင်ခဲ့ခြင်းဖြစ်သည်။ အာကာသယာဉ်ပေါ် လိုက်ပါသွားကြသူများထဲတွင် အမေရိကန်နည်းပညာကုမ္ပဏီတည်ထောင်သူ ဂျားအစ်ဆာစမန်းလည်း အပါအဝင် ဖြစ်သည်။ လွှတ်တင်ပြီးနောက် ၁၀ မိနစ်ခန့်အကြာတွင် အာကာသယာဉ်သည် ကမ္ဘာပတ်လမ်းအတွင်းသို့ ဝင်ရောက်နိုင်ခဲ့သည်။

အဆိုပါအာကာသယာဉ်သည် ကမ္ဘာမြေပြင်အထက် ၁၄၀၀ ကီလိုမီတာအထိ ရောက်အောင် ပျံတက်နိုင်ရန် ကြိုးပမ်းမည်ဖြစ်သည်။ ယင်းအစီအစဉ် အောင်မြင်ခဲ့ပါက ၎င်းသည် အပိုလိုနောက်ပိုင်း ကမ္ဘာပတ်လမ်းကြောင်းအတွင်း အမြင့်ဆုံးအကွာအဝေးထိ ရောက်အောင်သွားနိုင်သည့် အစီအစဉ် ဖြစ်လာမည်ဖြစ်သည်။

အာကာသယာဉ်ပေါ် လိုက်ပါလာသူများသည် ယင်းအမြင့်ပေသို့ အရောက်တွင် လေ့လာမှုအချို့ပြုလုပ်မည်ဖြစ်သည်။ ၎င်းတို့သည် လူ့ကျန်းမာရေးအပေါ် ဓာတ်ရောင်ခြည်၏ လွှမ်းမိုးမှုအပါအဝင် အခြားသောကိစ္စရပ်များကို လေ့လာသွားမည်ဖြစ်သည်။ တတိယမြောက်နေ့တွင် ဂျားအစ်ဆာစမန်းနှင့် အခြားသော အဖွဲ့သားများသည် SpaceX ကဒီဇိုင်းထုတ်ထားသည့်အာကာသဝတ်စုံများကို ဝတ်ဆင်ကာ အာကာသအတွင်း လမ်းလျှောက်ရန်ကြိုးပမ်းမည်ဖြစ်ရာ ယင်းသို့ကြိုးပမ်းမှုသည် ကမ္ဘာမြေမှ ကီလိုမီတာ ၇၀၀ အကွာတွင် ဖြစ်သည်။ အဆိုပါအမြင့်သည် အကြမ်းဖျင်းအားဖြင့် နိုင်ငံတကာအာကာသ စခန်းထက် ၃၀၀ ကီလိုမီတာ ပို၍မြင့်မားသည်။ အောင်မြင်ခဲ့ပါက ပထမဦးဆုံးစီးပွားဖြစ် အထူးသီးသန့် လုပ်ဆောင်မှု ဖြစ်လာ မည်ဖြစ်သည်။

**အင်န်အိတ်ချ်ကေ**

## သီရိလင်္ကာနိုင်ငံကို အမေရိကန်ဒေါ်လာသန်း ၁၀၀ ထုတ်ချေးရန် အေဒီဘီဘဏ်ခွင့်ပြု

**ကိုလံဘို စက်တင်ဘာ ၁၁**

အာရှ ဖွံ့ဖြိုးတိုးတက်မှုဘဏ် (အေဒီဘီ) သည် သီရိလင်္ကာနိုင်ငံတွင် ရေပေးဝေရေး၊ မိလ္လာနှင့် ရေဆိုးစနစ်သန့်ရှင်းရေးကဏ္ဍတွင် ပြုပြင်ပြောင်းလဲမှုများကိုပံ့ပိုးကူညီရန်အတွက် ချေးငွေ အမေရိကန်ဒေါ်လာသန်း ၁၀၀ ထုတ်ချေးရန် စက်တင်ဘာ ၁၁ ရက်က အတည်ပြုခဲ့ကြောင်း သိရသည်။

ရေပေးဝေရေးနှင့် ရေဆိုးစနစ် ပြုပြင်ပြောင်းလဲရေးတို့အတွက် အစီအစဉ်ခွဲနှစ်ခု ပြုလုပ်မည်ဖြစ်သည်။ သီရိလင်္ကာနိုင်ငံ၏ ရေအရင်းအမြစ်စီမံခန့်ခွဲမှုသည် စိန်ခေါ်မှုများစွာနှင့်ရင်ဆိုင်နေရသည်ဟု အေဒီဘီက ပြောသည်။

အဆိုပါစိန်ခေါ်မှုများထဲတွင် စိုက်ပျိုးရေးနှင့် သောက်သုံးရေစီမံခန့်ခွဲမှုတွင် မညီမျှမှုများ ဖြစ်ပေါ်နေခြင်း၊ စီမံကိန်းနှင့် ဖွံ့ဖြိုးတိုးတက်ရေးတွင်လည်း ရာသီဥတုပြောင်းလဲမှုကို လုံလုံလောက်လောက် ထည့်တွက်ထားခြင်းမရှိခြင်း၊ မြေယာအသုံးပြုမှုနှင့် တောပြုန်းခြင်းတို့အပေါ် ဆိုးကျိုးသက်ရောက်မှုများအပေါ် စီစဉ်မထားခြင်းတို့ပါဝင်ကြောင်း အေဒီဘီဘဏ်က ပြောသည်။

**ဆင်ဟွာ**

## တိုင်ဖွန်းမုန်တိုင်းကြောင့် ဗီယက်နမ်နိုင်ငံ၌ လူပေါင်း ၁၇၉ ဦး သေဆုံးပြီး အခြား ၁၄၅ ဦး ထိခိုက်ဒဏ်ရာရရှိ

**ဟန္နိုင်း စက်တင်ဘာ ၁၁**

ဗီယက်နမ်နိုင်ငံတွင် ဗုဒ္ဓဟူးနေ့ မွန်းလွဲပိုင်းအထိ တိုင်ဖွန်းမုန်တိုင်း ယာဂိနှင့်ဆက်စပ်မြေပြိုမှု၊ ရေကြီးရေလျှံမှုများကြောင့် လူပေါင်း ၁၇၉ ဦး သေဆုံးပြီး အခြား ၁၄၅ ဦး ထိခိုက်ဒဏ်ရာရရှိကြောင်း စိုက်ပျိုးရေးနှင့် ကျေးလက်ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာနက ထုတ်ပြန်ကြေညာသည်။ နိုင်ငံ၏ မြို့တော်ဟန္နိုင်းရှိ မြစ်နီမြစ်၏ ရေမျက်နှာပြင်သည် စိုးရိမ်ရေအမှတ်အဆင့် (၃) အနက် အဆင့် (၂) ကို ကျော်လွန်လာပြီဖြစ်ကြောင်း၊ အမြင့်ဆုံးအဆင့်အထိ ရောက်ရှိဖွယ်ရှိကြောင်း ရေအားလျှပ်စစ်နှင့်မိုးလေဝသခန့်မှန်းချက် အမျိုးသားဗဟိုဌာန၏ ထုတ်ပြန်ချက်အရ သိရသည်။

**ဆင်ဟွာ**



ရေမြင့်တက်မှုကြောင့် မြစ်ကမ်းပါးဧရိယာတစ်လျှောက် ရေကြီးရေလျှံဖြစ်ပွားမှုကို စက်တင်ဘာ ၁၀ ရက်က တွေ့ရစဉ်။

## ဂါဇာ၌ အစ္စရေးစစ်ဘက်သုံး ရဟတ်ယာဉ် ပျက်ကျမှုကြောင့် တပ်ဖွဲ့ဝင်နှစ်ဦး သေဆုံး

**ဂျေရုဆလင် စက်တင်ဘာ ၁၁**

ညပိုင်းစစ်ဆင်ရေးဆောင်ရွက်မှုအတွင်း ဂါဇာကမ်းမြောင်တောင်ပိုင်း ရာဖာမြို့ဒေသအတွင်း စစ်ဘက်သုံးရဟတ်ယာဉ်တစ်စင်း ပျက်ကျမှုဖြစ်ပွားရာ အစ္စရေးတပ်ဖွဲ့ဝင် နှစ်ဦးသေဆုံးကြောင်း အစ္စရေးတပ်မတော်က ဗုဒ္ဓဟူးနေ့တွင် ပြောသည်။

အစ္စရေးလေတပ်မှ Black Hawk ရဟတ်ယာဉ်သည် ဆေးဝါးကုသမှုခံယူရန် ဒဏ်ရာရတပ်ဖွဲ့ဝင်တစ်ဦးကို ပို့ဆောင်စဉ်ပျက်ကျခဲ့ခြင်းဖြစ်ကြောင်း၊ အခြားတပ်ဖွဲ့ဝင်ခုနစ်ဦး ထိခိုက်ဒဏ်ရာရရှိခဲ့ပြီး ဆေးဝါးကုသမှုခံယူရန် ပို့ဆောင်ပေးခဲ့ကြောင်း သိရသည်။

ကနဦးစုံစမ်းစစ်ဆေးချက်များတွင် ရန်သူ၏လုပ်ရပ်ကြောင့် ပျက်ကျခဲ့ခြင်းမဟုတ်ကြောင်း ပြောသည်။ လေတပ်မှူးတွန်မာဘား တာဝန်ပေးသော ကော်မတီက ရဟတ်ယာဉ်ပျက်ကျရခြင်း၏ အကြောင်းရင်းကို ဆက်လက်စုံစမ်းစစ်ဆေးနေသည်။ ထိုကဲ့သို့ ဖြစ်ပွားသော်လည်း လေတပ်၏ စစ်ဆင်ရေးလှုပ်ရှားမှုများ ထိခိုက်မှုမရှိခဲ့ကြောင်း သိရသည်။

**ဆင်ဟွာ**

# ပန်းတော်ပြင်ကျေးရွာ၌ မိုးနှမ်းစိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ



မကွေးတိုင်းဒေသကြီး သရက်ခရိုင် အထက်မင်းလှမြို့နယ် ပန်းတော်ပြင်ကျေးရွာတွင် ဆီထွက်သီးနှံမျိုးစုံ စိုက်ပျိုးလျက်ရှိပြီး နှမ်းသီးနှံများကို မိုးနှမ်းနှင့် ဆောင်းနှမ်းဟူ၍ နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ယခုနှစ်တွင် မိုးနှမ်းစိုက်ဧက ၈၅၀ စိုက်ပျိုးထားရှိကြောင်း၊ မေလတွင် စတင်စိုက်ပျိုးပြီး ဩဂုတ်လတွင် ရိတ်သိမ်းကြောင်း သိရသည်။ မျိုးအနေဖြင့် နှမ်းနီမျိုးစိုက်ပျိုးပြီး ထွန်ကြောင်းဆွဲအစေ့ချစနစ်ဖြင့် စိုက်ပျိုးကြကာ တစ်ဧကလျှင် နှမ်းမျိုးနှစ်ပြည်ခွဲခန့် ကုန်ကျကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ သွင်းအားစု၊ လုပ်သားခအပါအဝင် နှမ်းခင်းအတွင်း မြက်ပေါင်းရှင်းခအပေါ် မူတည်၍ တစ်ဧကလျှင် ငွေကျပ် ၃၅၀၀၀၀ – ၅၀၀၀၀၀ ကုန်ကျပြီး တစ်ဧကလျှင် ၁၂ တင်းခန့် ထွက်ရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် နှမ်းနီတစ်တင်းလျှင် ငွေကျပ် ၁၁၅၀၀၀ ဖြင့် ရောင်းချရပြီး အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ရှစ်သိန်းမှ ၁၀ သိန်းခန့်အထိ ရရှိကြောင်း သိရသည်။

ပြည်တွင်း ဈေးကွက်အနေဖြင့် အထက်မင်းလှမြို့ရှိ ပွဲရုံများသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် ရန်ကုန်မြို့သို့ တင်ပို့ကြောင်း၊ ပြည်ပဈေးကွက် အနေဖြင့် ရန်ကုန်မြို့မှတစ်ဆင့် တရုတ်နှင့် ကိုရီးယားနိုင်ငံတို့သို့ တင်ပို့ကြောင်း၊ ပြည်တွင်းစားသုံးမှု မြင့်မားပြီး ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိသောနှမ်းသီးနှံများ ယခုနှစ်တွင် ဈေးနှုန်းမြင့်တက်ကာ အရောင်းအဝယ်ဖြစ်လျက်ရှိသောကြောင့် နှမ်းစိုက်တောင်သူများ အကျိုးအမြတ်ရရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

## မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ ခဝဲသီးစိုက်ပျိုးခြင်းဖြင့် တောင်သူများအကျိုးအမြတ်ရရှိ

မကွေးတိုင်းဒေသကြီး မကွေးမြို့နယ် ကမ်းရင်ကျေးရွာ၌ စားဖိုဆောင်သီးနှံတစ်မျိုးဖြစ်သည့် ခဝဲသီးနှံကို မြေအောက်ရေတင်စနစ်ဖြင့် တစ်နှစ်ပတ်လုံး စိုက်ပျိုးကြပြီး ခုနစ်ဧကခန့် စိုက်ပျိုးထားရှိကြောင်း သိရသည်။

ခဝဲသီးမျိုးအနေဖြင့် မျှားနီတံဆိပ်မျိုးစေ့တစ်ထုပ်လျှင် ငွေကျပ် ၁၂၅၀၀ ဖြင့် ဝယ်ယူပြီး တစ်ဧကလျှင် မျိုးစေ့ ကိုးထုပ်ခန့် စိုက်ပျိုးရကြောင်း၊ ဇူလိုင်လတွင် စတင်စိုက်ပျိုးပြီး စက်တင်ဘာလဆန်းတွင် လှိုင်လှိုင်ထွက်ပေါ်လျက်ရှိကာ စိုက်ပျိုးမှုအတွက် မျိုး၊ သွင်းအားစု၊ ဝါးနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် ငွေကျပ် ၁၀ သိန်းခန့်ကုန်ကျကြောင်း၊ အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ခဝဲသီးအတောင့်ရေ ၁၂၀၀၀ – ၁၅၀၀၀ ခန့်ထွက်ရှိပြီး ငွေကျပ် ၁၄ သိန်းခန့် အမြတ်ရရှိကြောင်း သိရသည်။

ယခုနှစ်တွင် ခဝဲသီးတောင့်များ ဈေးကောင်းရရှိသောကြောင့် တောင်သူများအနေဖြင့် ထိုက်သင့်သည့် အကျိုးအမြတ်များရရှိကြောင်း သိရှိရသည်။

DOCA (မကွေး)

## ပခုက္ကူဈေးကွက်၌ ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်

မကွေးတိုင်းဒေသကြီး ပခုက္ကူခရိုင်တွင် ပဲစင်းငုံသီးနှံကို နှစ်စဉ်စိုက်ပျိုးလျက်ရှိရာ ပခုက္ကူမြို့နယ်၌ ၄၉၅၁ ဧက၊ ရေစကြိုမြို့နယ်၌ ၄၈၉၇ ဧက၊ မြိုင်မြို့နယ်၌ ၁၂၃၂ ဧက၊ ပေါက်မြို့နယ်၌ ၇၉၄၃ ဧက၊ ဆိပ်ဖြူမြို့နယ်၌ ၁၃၃၅ ဧက စုစုပေါင်း ၃၁၃၅၈ ဧက စိုက်ပျိုးထားရှိကြောင်း၊ ပဲစင်းငုံသီးနှံမှာ ကုန်ကျစရိတ်သက်သာ၍ စိုက်ပျိုးရန် လွယ်ကူခြင်းကြောင့် နှစ်စဉ်စိုက်ပျိုးလျက်ရှိပြီး သီးသန့်စိုက်ပျိုးမှုနှင့် မြေပဲစိုက်ခင်း၊ ပဲတီစိမ်းစိုက်ခင်းများတွင် သီးညှပ်စိုက်ပျိုးမှုဟူ၍ စိုက်ပျိုးကြပြီး သီးညှပ်စိုက်ပျိုးခြင်းကို ပိုမိုစိုက်ပျိုးကြကြောင်း သိရသည်။

ပဲစင်းငုံသီးနှံကို ဇွန်လနှင့်ဇူလိုင်လတို့တွင် စတင်စိုက်ပျိုးပြီး ဇန်နဝါရီလတွင် ရိတ်သိမ်းရကြောင်း၊ မျိုးစေ့အနေဖြင့် ပဲစင်းငုံ(အနီ)နှင့်(အဝါ) မျိုးများကို ထွန်ကြောင်းဆွဲ အစေ့ချစနစ်ဖြင့် စိုက်ပျိုးပြီး တစ်ဧကလျှင် မျိုးစေ့တစ်ပြည်ခန့် စိုက်ပျိုးရကြောင်း၊ စိုက်ပျိုးမှုအတွက် တစ်ဧကလျှင် ငွေကျပ်သုံးသိန်းခွဲခန့် ကုန်ကျကြောင်း၊ ယခင်နှစ် အထွက်နှုန်းအနေဖြင့် တစ်ဧကလျှင် ၁၀–၁၅ တင်းခန့် ထွက်ရှိပြီး စိုက်ပျိုးမြေအနေအထားနှင့် သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ သီးနှံအထွက်နှုန်းများ ကွဲပြားမှုရှိကြောင်း၊ ဈေးနှုန်းအနေဖြင့် ပဲစင်းငုံသီးနှံပေါ်စအချိန်တွင် တစ်တင်းလျှင် ငွေကျပ် ၁၈၀၀၀၀ ဖြင့်အရောင်းအဝယ်ဖြစ်ခဲ့ပြီး အကျိုးအမြတ်အနေဖြင့် ငွေကျပ် ၁၄ သိန်းခန့် ရရှိကြောင်း သိရသည်။

ပဲစင်းငုံသီးနှံများမှာ ဖေဖော်ဝါရီလ၊ ပထမပတ်မှစတင်ပြီး ပခုက္ကူဈေးကွက်သို့ ဝင်ရောက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိရာ စက်တင်ဘာလ၊ ပထမပတ်တွင် ပဲစင်းငုံသီးနှံ တစ်တင်းလျှင် ငွေကျပ် ၁၆၃၀၀၀ ဖြင့် ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ အရောင်းအဝယ်ဖြစ်မှုအနေဖြင့် တစ်ရက်လျှင် ပိဿာ ၃၀ ဝင်အိတ်ရေ ၅၀ မှ ၁၀၀ အိတ်အထိ အရောင်းအဝယ်ဖြစ်ခဲ့ရာ တစ်ပတ်အတွင်း အိတ်ရေ ၅၀၀ ခန့် အရောင်းအဝယ်ဖြစ်ခဲ့ကြောင်း၊ ဈေးကွက်အနေဖြင့် ပဲစင်းငုံသီးနှံကို ရန်ကုန်နှင့် မန္တလေးမြို့တို့သို့ တင်ပို့ပြီး ထိုမှတစ်ဆင့် အိန္ဒိယ၊ နီပေါ၊ ဘင်္ဂလားဒေ့ရှ်နှင့် ပါကစ္စတန်နိုင်ငံ တို့သို့ နှစ်စဉ်တင်ပို့လျက်ရှိရာ ပြည်ပဝယ်လိုအားကောင်းသော ပဲစင်းငုံသီးနှံများ ဈေးနှုန်းမြင့်တက်၍ အရောင်းအဝယ်ဖြစ်လျက်ရှိကြောင်း၊ ပြည်ပဝယ်လိုအားကောင်း၍ ဈေးကွက်ခိုင်မာမှုရှိပြီး တောင်သူများအတွက် အကျိုးအမြတ်ရရှိသော ပဲစင်းငုံသီးနှံများကို ပိုမိုတိုးချဲ့စိုက်ပျိုးကြကြောင်း သိရသည်။

DOCA (မကွေး)

## ကျောက်ဆည်မြို့နယ်၌ ခရမ်းချဉ်သီးနှံ စိုက်ပျိုးခြင်းဖြင့် အကျိုးအမြတ်ရရှိ

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ်အတွင်းရှိ မန်ကျည်းတောနှင့် မူးကြိုးကုန်းကျေးရွာများတွင် စားဖိုဆောင်သီးနှံဖြစ်သည့် ခရမ်းချဉ်သီးနှံကို စီးပွားဖြစ်စိုက်ပျိုးလာကြကြောင်း၊ ခရမ်းချဉ်သီးနှံကို မြေအောက်ရေတင် စနစ်ဖြင့်စိုက်ပျိုးပြီး နှစ်လအကြာတွင် အသီးများစတင်ဆွတ်ခူးနိုင်ကြောင်း၊ စိုက်ပျိုးထုတ်လုပ်မှုအတွက် မျိုး၊ မြေပြုပြင်ခ၊ ရေတင်ခ၊ သွင်းအားစုနှင့် လုပ်သားခအပါအဝင် တစ်ဧကလျှင် စုစုပေါင်းငွေကျပ် ၇၀၀၀၀၀ – ၈၅၀၀၀၀ ခန့် ကုန်ကျကြောင်း သိရသည်။

ခရမ်းချဉ်သီးနှံကို စတင်ခူးဆွတ်ချိန်မှစ၍ သုံးလခန့်အကြာ ခူးဆွတ်နိုင်ပြီး တစ်ဧကလျှင် စုစုပေါင်းပိဿာချိန် ၂၀၀၀ – ၂၅၀၀ ခန့် ထွက်ရှိရာ စိုက်ပျိုးမြေအနေအထား၊ သီးနှံဖြစ်ထွန်းအောင်မြင်မှုအပေါ် မူတည်၍ အထွက်နှုန်းကွဲပြား မှုရှိကြောင်း၊ ဈေးနှုန်းဈေးကွက်အနေဖြင့် ခရမ်းချဉ်သီးလက်ကားဈေး တစ်ပိဿာလျှင် ငွေကျပ် ၁၀၀၀–၁၂၀၀၊ လက်လီတစ်ပိဿာလျှင် ၁၂၀၀–၁၄၀၀ နှုန်းဖြင့် အနီးပတ်ဝန်းကျင်ရှိ ကျေးရွာများသို့ ရောင်းချမှုများအပြင် ကျောက်ဆည်မြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ရောင်းချပြီး ထိုမှတစ်ဆင့် မန္တလေးမြို့ရှိ ကုန်စိမ်းဒိုင်များသို့ တင်ပို့ကြောင်း၊ အကျိုးအမြတ်အနေဖြင့် တစ်ဧကလျှင် ငွေကျပ် ၁၂၀၀၀၀၀– ၁၅၀၀၀၀၀ ခန့် ရရှိကြောင်း သိရသည်။

DOCA (မန္တလေး)

### ၁၁–၉–၂၀၂၄ ရက်နေ့ တိုင်းဒေသကြီးနှင့်ပြည်နယ် မြို့နယ်အလိုက် ဆန်၊ ဆီ၊ မီးဖိုချောင်သုံးပစ္စည်းများ၊ သားငါး ဈေးနှုန်းများ

| စဉ် | မြို့အမည် | ဆန်(တစ်ပြည်) | | | ဆီ(တစ်ပိဿာ) | | စားဖိုဆောင်သုံး (တစ်ပိဿာ) | | | | | | | | | | | | အသား၊ ငါး(တစ်ပိဿာ) | | | | |
|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|---|
| | | ဧည့်မထ | ငစိန် | ပေါ်ဆန်း | ပဲဆီ | စားအုန်းဆီ | ငရုတ်ခြောက် | ကြက်သွန်နီ | ကြက်သွန်ဖြူ(ရှမ်းစ) | ကြက်သွန်ဖြူ (ကြူကုတ်) | နနွင်းတက် | ချင်း | ဆား | မြေပဲ | ကုလားပဲဝါ | မန်ကျည်းသီး | အာလူး | သကြား | ကြက် | ဝက် | အမဲ | ဆိတ် | ငါးမြစ်ချင်း |
| ၁ | ၂ | ၃ | ၄ | ၅ | ၆ | ၇ | ၈ | ၉ | ၁၀ | ၁၁ | ၁၂ | ၁၃ | ၁၄ | ၁၅ | ၁၆ | ၁၇ | ၁၈ | ၁၉ | ၂၀ | ၂၁ | ၂၂ | ၂၃ | ၂၄ |
| ၁ | မြစ်ကြီးနား | ၃၆၀၀ | | ၇၁၀၀ | ၂၅၀၀၀ | – | ၁၉၀၀၀ | ၁၀၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၁၂၀၀၀ | ၁၆၀၀၀ | ၁၅၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၀၀၀၀ | ၄၀၀၀ | ၇၀၀၀ | ၂၅၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | ၂၆၀၀၀ | ၂၈၀၀၀ |
| ၂ | ကျိုင်းတုံ | ၄၅၀၀ | | ၇၄၀၀ | ၂၀၀၀၀ | – | ၁၆၀၀၀ | ၃၅၀၀ | ၁၅၀၀၀ | ၁၅၅၀၀ | ၁၀၅၀၀ | ၁၀၀၀၀ | ၂၅၀၀ | ၁၂၀၀၀ | ၉၀၀၀ | ၇၀၀၀ | ၄၀၀၀ | ၆၀၀၀ | ၁၉၀၀၀ | ၂၇၀၀၀ | ၂၅၀၀၀ | | ၁၆၀၀၀ |
| ၃ | တောင်ကြီး | ၃၂၀၀ | ၃၄၀၀ | ၆၆၀၀ | ၁၈၀၀၀ | ၇၅၄၀ | ၁၈၀၀၀ | ၂၈၀၀ | ၁၃၅၀၀ | ၁၃၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀ | ၉၅၀၀ | ၇၅၀၀ | ၅၅၀၀ | ၄၅၀၀ | ၅၅၀၀ | ၁၄၅၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၃၀၀၀၀ | ၁၆၀၀၀ |
| ၄ | ဘားအံ | ၃၆၀၀ | | ၆၀၀၀ | ၂၀၀၀၀ | ၇၂၅၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၂၀၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၈၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | ၉၀၀၀ |
| ၅ | မော်လမြိုင် | ၃၄၀၀ | | ၅၄၀၀ | ၁၇၀၀၀ | ၇၂၂၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၅၀၀၀ | ၁၂၀၀၀ | ၁၂၀၀ | ၁၀၀၀၀ | ၈၀၀၀ | ၉၀၀၀ | ၆၅၀၀ | ၆၀၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၁၈၀၀၀ | ၃၀၀၀၀ | ၁၂၀၀၀ |
| ၆ | ထားဝယ် | ၃၅၀၀ | | ၆၁၀၀ | ၁၈၅၀၀ | ၇၄၃၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၈၀၀၀ | ၁၆၀၀၀ | | ၁၂၀၀၀ | ၆၀၀ | ၁၁၀၀၀ | ၈၅၀၀ | ၅၅၀၀ | ၆၅၀၀ | ၆၂၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၁၈၀၀၀ | ၂၄၀၀၀ | |
| ၇ | မြိတ် | ၃၇၀၀ | | ၆၀၅၀ | ၁၇၀၀၀ | ၇၆၅၀ | ၁၄၀၀၀ | ၃၂၀၀ | ၁၄၀၀၀ | ၁၈၀၀၀ | ၁၁၇၀၀ | ၉၀၀၀ | ၈၀၀ | ၁၂၅၀၀ | ၈၂၀၀ | ၇၇၀၀ | ၆၇၀၀ | ၆၅၀၀ | ၁၆၀၀၀ | ၂၂၀၀၀ | ၂၂၀၀၀ | ၂၅၀၀၀ | |
| ၈ | ရန်ကုန် | ၃၅၀၀ | | ၅၅၀၀ | ၂၀၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀၀ | ၁၇၀၀၀ | ၂၀၀၀၀ | ၁၄၀၀၀ | ၉၀၀၀ | ၈၀၀ | ၇၅၀၀ | ၇၅၀၀ | ၉၀၀၀ | ၆၀၀၀ | ၅၈၀၀ | ၁၅၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၃၀၀၀၀ | ၁၃၀၀၀ |
| ၉ | ပုသိမ် | ၃၂၅၀ | | ၅၀၀၀ | ၂၀၀၀၀ | ၇၃၅၀ | ၇၅၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၇၀၀၀ | ၁၂၀၀၀ | ၃၀၀ | ၉၀၀၀ | ၇၀၀၀ | ၇၀၀၀ | ၆၀၀၀ | ၅၂၀၀ | ၁၂၀၀၀ | ၁၈၀၀၀ | ၁၈၀၀၀ | ၂၅၀၀၀ | ၁၀၀၀၀ |
| ၁၀ | ဟားခါး | | | ၈၅၀၀ | ၂၆၀၀၀ | – | ၄၅၀၀၀ | ၆၀၀၀ | ၂၅၀၀၀ | | | ၄၀၀၀ | ၁၂၀၀ | | ၁၃၀၀၀ | | ၆၀၀၀ | ၈၀၀၀ | ၂၀၀၀၀ | ၂၈၀၀၀ | ၂၈၀၀၀ | | ၂၂၀၀၀ |
| ၁၁ | မုံရွာ | ၃၆၅၀ | ၃၃၀၀ | ၆၃၀၀ | ၁၅၀၀၀ | ၇၆၅၀ | ၁၂၀၀၀ | ၂၂၀၀ | ၁၃၅၀၀ | ၁၈၀၀၀ | ၁၀၅၀၀ | ၆၀၀၀ | ၁၀၀၀ | ၈၅၀၀ | ၈၃၀၀ | ၅၅၀၀ | ၃၅၀၀ | ၅၅၀၀ | ၁၂၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၁၀၀၀ | ၁၀၀၀၀ |
| ၁၂ | မန္တလေး | ၃၃၀၀ | | ၆၀၀၀ | ၁၈၀၀၀ | ၇၆၀၀ | ၁၁၀၀၀ | ၂၅၀၀ | ၁၅၀၀၀ | ၁၈၀၀၀ | ၈၀၀၀ | ၆၀၀၀ | ၈၀၀ | ၈၆၀၀ | ၇၅၀၀ | ၆၀၀၀ | ၄၅၀၀ | ၆၀၀၀ | ၁၄၀၀၀ | ၂၄၀၀၀ | ၂၄၀၀၀ | ၂၇၀၀၀ | ၁၄၀၀၀ |
| ၁၃ | ပခုက္ကူ | ၃၂၀၀ | | ၅၈၀၀ | ၁၈၀၀၀ | ၇၅၀၀ | ၉၀၀၀ | ၂၃၀၀ | ၁၃၀၀၀ | ၁၆၀၀၀ | ၁၀၀၀၀ | ၆၀၀၀ | ၇၀၀ | ၉၅၀၀ | ၈၅၀၀ | ၇၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၄၀၀၀ | ၂၃၀၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၁၁၀၀၀ |
| ၁၄ | မကွေး | ၃၁၅၀ | | ၅၇၀၀ | ၁၉၀၀၀ | ၇၄၅၀ | ၁၀၅၀၀ | ၂၅၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၀၀၀၀ | ၇၀၀၀ | ၇၀၀ | ၆၅၀၀ | ၆၅၀၀ | ၄၀၀၀ | ၄၂၀၀ | ၅၀၀၀ | ၁၃၀၀၀ | ၁၄၀၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၁၂၀၀၀ |
| ၁၅ | ပြည် | ၃၃၀၀ | | ၅၃၀၀ | ၁၇၀၀၀ | ၇၆၀၀ | ၁၄၀၀၀ | ၃၀၀၀ | ၁၈၀၀၀ | ၂၀၀၀၀ | | ၈၀၀၀ | ၆၀၀ | ၁၀၀၀၀ | ၇၂၀၀ | ၆၀၀၀ | ၅၅၀၀ | ၅၂၀၀ | ၁၅၀၀၀ | ၂၀၀၀၀ | ၁၆၀၀၀ | ၂၅၀၀၀ | ၁၃၀၀၀ |
| ၁၆ | ပဲခူး | ၃၀၀၀ | | ၅၁၀၀ | ၁၇၅၀၀ | ၇၄၀၀ | ၈၅၀၀ | ၂၃၀၀ | ၁၄၀၀၀ | ၁၆၀၀၀ | ၆၀၀၀ | ၇၀၀၀ | ၄၅၀ | ၉၀၀၀ | ၇၅၀၀ | ၅၅၀၀ | ၅၁၀၀ | ၅၅၀၀ | ၁၁၀၀၀ | ၁၆၀၀၀ | ၁၅၀၀၀ | ၂၃၀၀၀ | ၇၀၀၀ |
| ၁၇ | ပျဉ်းမနား | ၃၀၀၀ | | ၆၄၀၀ | ၁၈၆၀၀ | ၇၄၆၅ | ၁၁၅၀၀ | ၂၄၀၀ | ၁၃၈၀၀ | ၁၈၅၀၀ | ၈၀၀၀ | ၅၀၀၀ | ၅၀၀ | ၉၀၀၀ | ၇၆၀၀ | ၆၂၀၀ | ၃၆၀၀ | ၅၄၀၀ | ၁၃၈၀၀ | ၁၉၅၀၀ | ၁၉၅၀၀ | ၂၄၀၀၀ | ၁၂၀၀၀ |
| ၁၈ | နေပြည်တော် | ၃၀၀၀ | | ၆၄၀၀ | ၁၉၀၀၀ | ၇၄၆၅ | ၁၂၀၀၀ | ၂၆၀၀ | ၁၄၄၀၀ | ၁၉၀၀၀ | ၈၅၀၀ | ၅၂၀၀ | ၅၀၀ | ၉၅၀၀ | ၈၀၀၀ | ၆၅၀၀ | ၃၈၀၀ | ၅၄၀၀ | ၁၄၂၀၀ | ၂၀၀၀၀ | ၂၀၀၀၀ | ၂၄၀၀၀ | ၁၃၂၀၀ |
| ၁၉ | ကလေး | ၃၆၀၀ | ၃၂၀၀ | | ၁၈၀၀၀ | ၁၅၀၀၀ | ၂၅၀၀၀ | ၄၀၀၀ | ၁၆၀၀၀ | ၂၀၀၀၀ | ၁၀၀၀၀ | ၁၂၅၀၀ | ၁၅၀၀ | ၁၀၀၀၀ | ၉၅၀၀ | ၅၀၀၀ | ၆၀၀၀ | ၇၅၀၀ | ၂၀၀၀၀ | ၂၆၀၀၀ | ၂၆၀၀၀ | | ၁၆၀၀၀ |

သတင်းအရင်းအမြစ် – စီးပွား/ကူးသန်း

# နန်းစဖိကြိုးပြင်ကာကွယ်တော သတ်မှတ်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ၊ သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် ၂၀၁၈ ခုနှစ်တွင် ပြဋ္ဌာန်းထားသည့် သစ်တောဥပဒေပုဒ်မ၆၊ ပုဒ်မခွဲ(င)အရ အပ်နှင်းထားသော လုပ်ပိုင်ခွင့်များကိုကျင့်သုံးလျက် စစ်ကိုင်းတိုင်းဒေသကြီး ဟုမ္မလင်းခရိုင်၊ ဟုမ္မလင်းမြို့နယ်အတွင်းကျရောက်နေသည့်ဧရိယာအကျယ်အဝန်းဧက ၁၄၀၀၀ ရှိသောနယ်မြေကို **"နန်းစဖိကြိုးပြင်ကာကွယ်တော"** အဖြစ် အမိန့်ကြော်ငြာစာအမှတ် (၈၀/၂၀၂၄) အရ ၁၃၈၆ ခုနှစ်၊ တော်သလင်းလဆန်း ၄ ရက် (၂၀၂၄ ခုနှစ်၊ စက်တင်ဘာလ ၆ ရက်)မှစ၍ သတ်မှတ်ကြောင်း ကြေညာလိုက်သည်။

သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာနသည် မြစ်၊ ချောင်း၊ အင်း၊ အိုင် စသည့်ရေအရင်းအမြစ်နှင့် ရေဝေရေလဲဒေသများထိန်းသိမ်းရန်၊ ဂေဟစနစ်တည်ငြိမ်မှုရှိစေရန်၊ ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက် ဖြစ်သော သစ်၊ ထင်း၊ ဝါး စသည့် သစ်တောထွက်ပစ္စည်းများ ဖြည့်ဆည်းပေးနိုင်ရန်၊ ဇီဝမျိုးစုံမျိုးကွဲများ ထိန်းသိမ်းနိုင်ရန်နှင့် ရာသီဥတုသာယာမျှတစေပြီး စိုက်ပျိုးရေးလုပ်ငန်းများကို အထောက်အကူပြုစေရန် ရည်ရွယ်၍ ကြိုးဝိုင်း / ကြိုးပြင် ကာကွယ်တောများကို ဖွဲ့စည်းသတ်မှတ်ခြင်း ဖြစ်ပါသည်။

နန်းစဖိကြိုးပြင်ကာကွယ်တော သတ်မှတ်ခြင်းအားဖြင့် အဆိုပါဧရိယာအတွင်း ပေါက် ရောက်လျက်ရှိသော အဖိုးတန်သစ်မျိုးဖြစ်သည့် ကျွန်း၊ ပျဉ်းကတိုး၊ ပိတောက်နှင့် အခြားဒေသ မျိုးရင်းသစ်မျိုးများဖြစ်သော အင်၊ ကညင်၊ သစ်ကတိုး၊ ဖန်ခါး၊ ယမနေ၊ သဒိ၊ သပြေ၊ သစ်အယ် စသည့်သစ်မျိုးများအား ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ထမံသီတောရိုင်းတိရစ္ဆာန်ဘေးမဲ့တောနှင့် ထိစပ်နေသဖြင့် ရှားပါးတိရစ္ဆာန်မျိုးများဖြစ်သည့် ကျား၊ ဆင်၊ ပြောင်နှင့် ဝက်ဝံ၊ မျောက်၊ ဆတ်၊ ချေ၊ တောဝက်တို့၏ နေထိုင်ကျက်စားရာဒေသကို ပိုမိုထိရောက်စွာ ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ ချင်းတွင်းမြစ်အတွင်းစီးဝင်သော နန်းစဖိချောင်း၊ နန်းပဂွန်ချောင်း၊ နန်းစလယ်ချောင်း၊ နန်းလှော်ချောင်း၊ နန်းခွိုက်မိုနန်ချောင်းတို့၏ ရေဝေရေလဲဧရိယာကို ထိန်းသိမ်းနိုင်မည်ဖြစ်ခြင်း၊ နုန်းအနည်အနှစ်ပို့ချမှုများ၊ ရေတိုက်စားမှုများမှ ကာကွယ်ပေးနိုင်ခြင်း၊ သစ်နှင့် သစ်မဟုတ်သော သစ်တောထွက်ပစ္စည်းများ ပိုမိုတိုးပွားလာစေခြင်း၊ သစ်တောဖုံးလွှမ်းမှုတိုးလာပြီး ရာသီဥတုပိုမိုကောင်းမွန်မျှတလာနိုင်ခြင်းနှင့် ဂေဟစနစ်များ ပိုမိုကောင်းမွန်လာစေခြင်း စသည့်အကျိုးကျေးဇူးများ ရရှိနိုင်မည်ဖြစ်ပါသည်။



**သယံဇာတနှင့်သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန**

## မင်းတပ်မြို့၌ အမျိုးသား သုံးဦးထက်မနည်း ဖမ်းဆီးခံရဟု မဟုတ်မမှန်သတင်းများ ရေးသားဖြန့်ဝေ

**နေပြည်တော် စက်တင်ဘာ ၁၁**

ချင်းပြည်နယ် မင်းတပ်မြို့၌ စက်တင်ဘာ ၇ ရက် တစ်ရက်တည်းတွင် အရပ်သား သုံးဦးထက်မနည်း လုံခြုံရေးတပ်ဖွဲ့ဝင်များက ဖမ်းဆီးခေါ်ဆောင်သွားကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက မဟုတ်မမှန်သတင်းအမှားများ ရေးသားဖြန့်ဝေလျက်ရှိကြောင်း သိရသည်။

အဆိုပါသတင်းနှင့်ပတ်သက်၍တာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ အဆိုပါသတင်းမှာ မှန်ကန်မှုမရှိကြောင်း၊ လုံခြုံရေးတပ်ဖွဲ့ဝင်များသည် မင်းတပ်မြို့အတွင်း အကြမ်းဖက်လုပ်ရပ်များ လုပ်ဆောင်မှုမရှိစေရေးအတွက် လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်ခြင်း၊ ရှောင်တခင် စစ်ဆေးခြင်းနှင့် လှည့်ကင်း/ပတ်ကင်းများကို မင်းတပ်မြို့မှ တာဝန်သိပြည်သူများနှင့် ပူးပေါင်းဆောင်ရွက်နေခြင်းသာ ဖြစ်ကြောင်း၊ စစ်မှုထမ်းဆောင်ခြင်းနှင့်ပတ်သက်၍ ပြည်သူ့စစ်မှုထမ်းဥပဒေကို အတည်ပြုပြဋ္ဌာန်းထားပြီး သက်ဆိုင်ရာအဖွဲ့အစည်းများမှ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်လျက် ရှိကြောင်း၊ တရားမဝင် ပြည်ဖျက်မီဒီယာများက မင်းတပ်မြို့အတွင်း တည်ငြိမ်အေးချမ်းမှုပျက်ပြားစေရန် ရည်ရွယ်ချက်ဖြင့် ယခုကဲ့သို့ သတင်းအမှားများဖြင့် ရည်ရွယ်ချက်ရှိရှိ လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေခြင်းသာ ဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## လောင်းလုံးမြို့နယ်ရှိ ကျေးရွာများတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များက နေအိမ်များမီးရှို့ဖျက်ဆီးကာ အဖိုးတန်ပစ္စည်းများ ယူဆောင်သွားကြောင်း လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေ

**နေပြည်တော် စက်တင်ဘာ ၁၁**

တနင်္သာရီ တိုင်းဒေသကြီး လောင်းလုံးမြို့နယ်ရှိ သဘော့ဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို စက်တင်ဘာ ၁၀ ရက်က လုံခြုံရေးတပ်ဖွဲ့ဝင်များမှ ဝင်ရောက်စီးနင်းပြီး နေအိမ် ခြောက်လုံးကို မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားခဲ့ကြောင်း တရားမဝင်ပြည်ဖျက်မီဒီယာများက လုပ်ကြံရေးသား ဝါဒဖြန့်ဝေနေသည်ကို တွေ့ရှိရသည်။

အဆိုပါသတင်းနှင့် ပတ်သက်၍ လောင်းလုံးမြို့နယ်မှ လုံခြုံရေးတာဝန်ရှိသူတစ်ဦး၏ ပြောကြားချက်အရ သဘော့ဆိပ်ကျေးရွာနှင့် ပြင်ကြီးကျေးရွာတို့ကို လုံခြုံရေးတပ်ဖွဲ့ဝင်များမှ မီးရှို့ဖျက်ဆီးခြင်းနှင့် အဖိုးတန်ပစ္စည်းများကို ယူဆောင်သွားသည်မှာ မှန်ကန်မှုမရှိကြောင်းနှင့် PDF အမည်ခံ အကြမ်းဖက် သမားများက လောင်းလုံးမြို့နယ်ရှိ ကျေးရွာအချို့ကို မီးရှို့ဖျက်ဆီးခြင်းနှင့် ပြည်သူပိုင်ပစ္စည်းများကို အဓမ္မယူဆောင်နေသည့်အတွက် လုံခြုံရေးတပ်ဖွဲ့ဝင်များက လိုအပ်သည့် နယ်မြေလုံခြုံရေး ဆောင်ရွက်လျက်ရှိသည်ကို တရားမဝင်ပြည်ဖျက်မီဒီယာများက ပြည်သူများ အထင်အမြင်လွဲမှားစေရန်အတွက် လုပ်ကြံရေးသားပြီး ဝါဒဖြန့်ဝေနေခြင်းသာဖြစ်ကြောင်း သတင်းရရှိသည်။




**သတင်းစဉ်**

## အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

**နေပြည်တော် စက်တင်ဘာ ၁၁**

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသောအဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများ ပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီး ပုဒ်မ ၁၂၄-က နှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ်ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃(က)နှင့်တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှု တိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် စက်တင်ဘာ ၁၀ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန် ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုမူလုပ်ဆောင်ခဲ့သည့် "Smill Smill" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် (ဆ)ရပ်ကွက်နေ သီဟဇော် အား ည ၆ နာရီ ၃၅ မိနစ်တွင် စက်မှုနယ်မြေရဲစခန်း၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ် အရေးယူဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများ ပျက်ပြားစေရန်ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများပြုလုပ်ခဲ့မှုအပေါ် ဥပဒေနှင့်အညီထိရောက်စွာ အရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

**သတင်းစဉ်**

# မြန်မာ့ဘောလုံး အောင်မြင်စေချင်

ကိုငွေး (ကနောင်)

မြန်မာတစ်မျိုးသားလုံးက အားကစားနည်းများအားလုံးတွင် ဘောလုံးအားကစားနည်းကို ပိုမိုနှစ်ခြိုက်စွာ အားပေးကြသဖြင့် အမျိုးသားအားကစားဟုပင် သတ်မှတ်ထားကြပါသည်။ ၁၉၆၀ ပြည့်လွန်နှင့် ၁၉၇၀ ပြည့်လွန်နှစ်များအတွင်း နိုင်ငံတကာ အားကစားပြိုင်ပွဲများဖြစ်သည့် အာရှအားကစားပြိုင်ပွဲ၊ အရှေ့တောင်အာရှအားကစား ပြိုင်ပွဲ (ယခင်အရှေ့တောင်အာရှကျွန်းဆွယ်အားကစားပြိုင်ပွဲ)နှင့် ဒေသတွင်း ဖိတ်ခေါ်အားကစားပြိုင်ပွဲများတွင် မြန်မာ့ဘောလုံးအသင်းများ အောင်မြင်မှု အလီလီရရှိခဲ့သည့် မြန်မာဘောလုံး ရွှေခေတ်ကို ရောက်ရှိခဲ့ဖူးသည်။ ထိုမျှသာမက ကမ္ဘာ့အိုလံပစ်ပြိုင်ပွဲအထိ ဝင်ရောက်ယှဉ်ပြိုင်နိုင်ခဲ့ပြီး အသန့်ရှင်းဆုံးအသင်းဆုပင် ရရှိခဲ့သည့် သမိုင်းမှတ်တမ်းလည်း ရှိခဲ့ပါသည်။ ထိုစဉ်က မြန်မာ့ဘောလုံးအသင်းအောင်မြင်မှု ရရှိလာသည့်အခါတိုင်း အခြားအားကစားနည်းများ အောင်မြင်မှုရရှိသည်ထက် တစ်နိုင်ငံလုံးက အုတ်အော်သောင်းနင်း အားပေးကြ၊ ဂုဏ်ပြုကြိုဆိုကြ၊ အောင်ပွဲခံခဲ့ကြသည်။ "မြန်မာနိုင်ပြီ" သီချင်းသံကလည်း လေလှိုင်းမှ တစ်နိုင်ငံလုံးပျံ့လွင့်ခဲ့သည်ကိုလည်း ပြန်လည်တမ်းတမြင်ယောင်မိပါသည်။ သို့ရာတွင် ၁၉၈၀ ပြည့်နှစ်နောက်ပိုင်း အောင်မြင်မှု အစဉ်အလာ မြင့်မားခဲ့သည့် ဘောလုံးအားကစား သိသိသာသာ ကျဆင်းလာခဲ့သည်ကို ဝမ်းနည်းဖွယ်မြင်တွေ့ခဲ့ရသည်။

စာရေးသူကိုယ်တိုင်လည်း ဘောလုံးအားကစားကို ကိုယ်တိုင်ကစားခဲ့သူတစ်ဦးဖြစ်သဖြင့် မြန်မာ့ဘောလုံးအောင်မြင်မှု ရစေလိုသည့် ဆန္ဒများလည်း ပြင်းပြစွာ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်၍လည်း အခါအခွင့်သင့်တိုင်း လုပ်ဖော်ကိုင်ဖက်ဘောလုံးဝါသနာရှင်များ၊ ဘောလုံးအားကစားသမားဟောင်းများ၊ မြန်မာ့ဘောလုံး အားကစားတိုးတက်ရေးအတွက် သဘောထား တိုက်ဆိုင်သူများနှင့် အလွတ်သဘောတွေ့ဆုံဆွေးနွေးမေးမြန်းခြင်းများ ပြုလုပ်ခဲ့ပါသည်။ ဆွေးနွေးမေးမြန်းသူ များစွာရှိခဲ့သည့်အနက် တစ်ချိန်က မြန်မာ့ဘောလုံးလောကတွင် နည်းပြဆရာတစ်ဦးအဖြစ် ထဲထဲဝင်ဝင် ဆောင်ရွက်ခဲ့ဖူးသူတစ်ဦးနှင့် စကားလက်ဆုံကျခဲ့ရာမှ မြန်မာ့ဘောလုံးတိုးတက်ရေးအတွက် ၎င်း၏ ဆွေးနွေးအကြံပြုချက်များမှာ သတိပြုဆင်ခြင်စရာများ၊ မှတ်သားစရာများ၊ ပြန်လည်သုံးသပ် ဆောင်ရွက်သင့်သည့်အချက်များ ပါဝင်နေသည့်အတွက်မြန်မာ့ဘောလုံးတိုးတက်အောင်မြင်စေလိုသည့် ဆန္ဒအရင်းခံကာ အပြုသဘောဖြင့် ဤဆောင်းပါးအား ရေးသားရခြင်းဖြစ်ပါသည်။

ယခင်ရွှေခေတ် အားကစားသမားဟောင်းကြီးများအားလုံးနီးပါးသည်ဘောလုံးအားကစားနည်း၏ အခြေခံကျသည့် Technical ပိုင်းနှင့် Physical ပိုင်းတို့တွင် အထူးကျွမ်းကျင်ကြသည့်အတွက် နည်းပြဆရာ လိုလားသည့်ပုံစံအတိုင်း တစ်သွေမတိမ်း လိုက်ပါကစားနိုင်ကြသည်။ ထိုစဉ်ကာလက မြန်မာ့ဘောလုံးအောင်မြင်ရခြင်း အကြောင်းရင်းမှာလည်း ဤအချက်များက အဓိကကျခဲ့သည်။



၂၀၂၄ အာဆီယံ ယူ-၁၆ ပြိုင်ပွဲတွင် မြန်မာ့လက်ရွေးစင် ယူ-၁၆ အသင်းနှင့် ဘရူနိုင်း ယူ-၁၆ အသင်း ယှဉ်ပြိုင်စဉ်။ ဓာတ်ပုံ - MFF

ဘောလုံးအားကစားနည်းသည် ဘောလုံးနည်းစနစ်/နည်းပညာ Technical နှင့် ခန္ဓာကိုယ်ပိုင်းဆိုင်ရာ Physical တို့ကို သဟဇာတ Match ဖြစ်အောင် ပေါင်းစပ်ကစားရသော အားကစားနည်းတစ်ခု ဖြစ်သည်။ Technical ပိုင်းတွင် ဘောလုံးကန်ခြင်း (Kicking)၊ ဘောလုံးဖမ်းခြင်း (Receiving)၊ ဘောလုံးသယ်ဆောင်ခြင်း (Dribbling)၊ ဘောလုံးဖြင့် လှည့်စားကျော်ဖြတ်ခြင်း (Deceptive Movement)၊ ဘောလုံးဖျက်ထုတ်ခြင်း (Tackling)၊ ခေါင်းတိုက်ခြင်း (Heading)၊ လက်ပစ်ဘောပစ်ခြင်း (Throwing)၊ ဂိုးဖမ်းခြင်း (Goal Keeping)တို့ပါဝင်ပြီး Physical ပိုင်းတွင် အကြောလျှော့လေ့ကျင့်ခန်းများ (Stretching)၊ သွေးပူလေ့ကျင့်ခန်းများ (Warm-up)၊ ဘောလုံးသမားတစ်ယောက်၏ ပြေးနည်းပြေးဟန်နှင့် လေ့ကျင့်ခန်းများ (Running Style and Exercise)၊ ဘောလုံးသမားတစ်ယောက်၏ ခုန်နည်းခုန်ဟန်နှင့် လေ့ကျင့်ခန်းများ (Jumping Style and Exercise)၊ ကိုယ်လက်ကြံ့ခိုင်သန်စွမ်းမှု လေ့ကျင့်ခန်းများ (Strength and Fitness Exercise)၊ လျင်မြန်ဖျက်လတ်မှုလေ့ကျင့်ခန်း များ (Speed and Agility Exercise)၊ သက်လုံခေါ် ခံနိုင်ရည်ရှိမှု လေ့ကျင့်ခန်းများ (Stamina or Endurance Exercise) နှင့် သွေးအေးနှင့် အကြောလျှော့လေ့ကျင့်ခန်းများ (Warming Down and Stretching) စသည်တို့ ပါဝင်ပါသည်။

အထက်ဖော်ပြပါ Technical ပိုင်းနှင့် Physical ပိုင်းတို့တွင် ကျွမ်းကျင်မှုရှိလာပါက Technical ပိုင်းဆိုင်ရာ လေ့ကျင့်ခန်းများကို အပိုင်း သုံးပိုင်း ခွဲခြား၍ ထပ်မံလေ့ကျင့်ရန် လိုအပ်ပါသည်။ အပိုင်း(၁)အနေဖြင့် အခြေခံဘောလုံးနည်းစနစ်/ နည်းပညာပိုင်း၊ အပိုင်း(၂)အနေဖြင့် အဆင့်မြင့်ဘောလုံးနည်းစနစ်/ နည်းပညာပိုင်း၊ အပိုင်း(၃)အနေဖြင့် ဘောလုံးအားကစားနည်းစနစ်/ နည်းဗျူဟာပိုင်းတို့အား ဆက်လက် လေ့ကျင့်သင်ကြားပေးရန် လိုအပ်ပါသည်။ Technical ပိုင်းဆိုင်ရာနှင့် Physical ပိုင်းဆိုင်ရာတို့ ပိုင်နိုင်မှသာ ကျွမ်းကျင်သည့် အားကစားသမားများ ပေါ်ထွက်လာနိုင်မည်ဖြစ်ပါသည်။

ဘောလုံးဝါသနာရှင်များ ဘောလုံးစတင်ကစားသူများအနေဖြင့် အချိန်တိုအတွင်း ထူးချွန်သောဘောလုံးသမားကောင်းများ ဖြစ်လိုပါက အထက်ပါအပိုင်းသုံးပိုင်းအား မသင်ယူမီ ဘောလုံးအထောက်အကူပြုနည်းစနစ်/ နည်းပညာလေ့ကျင့်ခန်း ၆၄ မျိုးနှင့် ဘောလုံးတော့နည်း ၁၀ မျိုးကို သတ်မှတ်စံချိန်စံညွှန်းရသည်အထိ သင်ယူလေ့ကျင့်ထားရန် လိုအပ်ပါသည်။ သင်ယူလေ့ကျင့်မှုကာလအနေဖြင့် သင်ယူလေ့ကျင့်သူ တစ်ဦးတစ်ယောက်ချင်းစီ၏ ဘောလုံးအခြေခံပါရှိလာမှု၊ ကျန်းမာကြံ့ခိုင်မှု၊ သင်ယူလိုစိတ်ပြင်းပြမှု၊ ကြိုးစားအားထုတ်မှု၊ အချိန်ပေးနိုင်မှုတို့အပေါ် မူတည်၍ တတ်မြောက်မှုကာလ တူညီမှုရှိနိုင်မည် မဟုတ်ပါ။ ကျွမ်းကျင်စွာ တတ်မြောက်မှုကိုလည်း Exam System ဖြင့် စစ်ဆေးရန် လိုအပ်ပါသည်။

ဘောလုံးအထောက်အကူပြု နည်းစနစ်/နည်းပညာ စာမေးပွဲအောင်မြင်သူများအား ဒုတိယအဆင့်အနေဖြင့် အခြေခံဘောလုံးကန်နည်းစနစ် ၁၃ မျိုး၊ အခြေခံဘောလုံးဖမ်းစနစ် ကိုးမျိုး၊ အခြေခံဘောလုံးသယ်ဆောင်နည်းစနစ် ၂၀၊ အခြေခံဘောလုံးဖြင့် တစ်ဖက်ဘောလုံးသမားအား ကျော်ဖြတ်ခြင်းနည်းစနစ် ၂၀ ၊ အခြေခံဘောလုံး ဖျက်ထုတ်ခြင်း ကိုးမျိုး၊ အခြေခံခေါင်းတိုက်နည်းစနစ် ၂၀၊ အခြေခံလက်ပစ်ဘောပစ်ခြင်း လေးမျိုး၊ အခြေခံဂိုးဖမ်းခြင်း ၂၀ စသည်တို့အပြင် နှစ်ယောက်တွဲနှင့် အဖွဲ့လိုက်လေ့ကျင့်ခန်းများ၊ Fair Play နှင့် ပတ်သက်သော အကြောင်းအရာဗဟုသုတများ၊ Passing and Supporting လေ့ကျင့်ခန်းများ၊ Circle Game များ၊ Game Discipline များကို သင်ကြားလေ့ကျင့်ပေးရန် လိုအပ်ပါသည်။ သင်ယူလေ့ကျင့်ပေးရမည့် ရက်ကိုလည်း လုံလောက်သည့် အချိန်အတိုင်းအတာတစ်ခုအထိပေး၍ လေ့ကျင့်ပေးပြီး တတ်ကျွမ်းမှုကို စာတွေ့၊ လက်တွေ့ Exam System ဖြင့် စစ်ဆေးရမည်ဖြစ်ပါသည်။

အထက်ပါ ဒုတိယအဆင့် အောင်မြင်သူများအား တတိယအဆင့်အနေဖြင့် အဆင့်မြင့်ဘောလုံးကန်နည်းစနစ်လေ့ကျင့်ခန်း ၁၃ မျိုး၊ အဆင့်မြင့် ဘောလုံးဖမ်းနည်းစနစ်လေ့ကျင့်ခန်း ကိုးမျိုး၊ အဆင့်မြင့်ဘောလုံးသယ်ဆောင်နည်းစနစ် လေ့ကျင့်ခန်း ၂၀၊ အဆင့်မြင့်ဘောလုံးဖြင့် တစ်ဖက်ဘောလုံးသမားအား လှည့်စားကျော်ဖြတ်ခြင်း လေ့ကျင့်ခန်း ၂၀၊ အဆင့်မြင့်ဘောလုံးဖျက်ထုတ်ခြင်း နည်းစနစ်လေ့ကျင့်ခန်း ကိုးမျိုး၊ အဆင့်မြင့်ခေါင်းတိုက်ခြင်းနည်းစနစ်လေ့ကျင့်ခန်း ၂၀၊ အဆင့်မြင့် လက်ပစ်ဘောပစ်ခြင်းနည်းစနစ်လေ့ကျင့်ခန်း လေးမျိုး၊ အဆင့်မြင့် ဂိုးဖမ်းနည်းစနစ်လေ့ကျင့်ခန်း ၂၀၊ အဆင့်မြင့်ဘောလုံးဖြင့် နောက်ပြန်လှည့်ခြင်း နည်းစနစ် ၁၅ မျိုး၊ အဆင့်မြင့် ဘောလုံးဦးတည်ရာလမ်းကြောင်းပြောင်းခြင်း နည်းစနစ်လေ့ကျင့်ခန်း ၁၂ မျိုးတို့အပြင် လေ့ကျင့်ခန်းတစ်ခုနှင့်တစ်ခု တွဲဖက်လေ့ကျင့်ရသော လေ့ကျင့်ခန်းများ ဖြစ်သည့် one touch, two touch, five touch , Circle Game များ၊ Small Sided Game များနှင့် ကစားပွဲအထောက်အကူပြု လေ့ကျင့်ခန်းများကို သင်ယူလေ့ကျင့်ရန် လိုအပ်ပါသည်။ သင်ခန်းစာများကို နေ့စဉ်ပြုလုပ်ပေးနေသော ပြိုင်ပွဲအသွင် two side ခွဲကစားသော ကစားပွဲများတွင် မှန်ကန်စွာ ထည့်သွင်း အသုံးချတတ်အောင် /အသုံးချဖြစ်အောင် ပြုလုပ်လေ့ကျင့်ပေးရပါသည်။

စတုတ္ထအဆင့်တွင် စနစ်ကျသော ဘောလုံးအားကစားနည်းစနစ်ကို သင်ယူရမည်ဖြစ်ပါသည်။ နှစ်သင်းခွဲကစားရသော Two Side Game များကို နေ့စဉ်ပြုလုပ်ပေးရမည်ဖြစ်ပြီး လေ့ကျင့်သည့်ပြိုင်ပွဲများတွင် အထက်ပါအတိုင်း သင်ယူတတ်မြောက်ခဲ့သော နည်းစနစ်များဖြင့် ပြိုင်ပွဲကြီးတွင် အမှန်တကယ်ကြုံတွေ့ရမည့် အခက်အခဲများကို မှန်ကန်စွာ ဖြေရှင်းတတ်စေရန် သင်ယူခြင်း၊ Fair Play နှင့် ပတ်သက်သည့် အကြောင်းအရာ ဗဟုသုတများ၊ ဘောလုံးဥပဒေများနှင့် ဒိုင်လူကြီးတစ်ဦး၏ တာဝန်နှင့် အနေအထား စသည်တို့ကိုလည်း သဘောပေါက်အောင် သင်ယူလေ့ကျင့်ပေးရပါမည်။ ထိုသို့လေ့ကျင့်သင်ကြားဆောင်ရွက်ပေးမှု အားနည်းခဲ့သည့်အတွက် National League ကဲ့သို့ ပြိုင်ပွဲများတွင်ပင် Professional ကစားသမားများဟု ဆိုသူများက ဒိုင်လူကြီးအား မချေမငံ ပြန်ပြောခြင်း၊ ကိုယ်ထိလက်ရောက် ကျူးလွန်ခြင်းများ ပြုလုပ်နေကြသည်ကိုလည်း စိတ်မချမ်းမြေ့ဖွယ် မြင်တွေ့နေရပါသည်။

❖ **မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ခဲ့သော်လည်း ပြည်သူများ မျှော်လင့်သလောက် ဖြစ်မလာခဲ့ပါ။ ထိုသို့ ဖြစ်မလာခြင်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတွင် တာဝန်ရှိသည်မှာ မှန်သော်လည်း အဖွဲ့ချုပ်တွင် ကော်မတီအလိုက် တာဝန်အသီးသီး ရယူထားကြသည့်သူများကသာ ပို၍တာဝန်ရှိပြီး ပို၍တာဝန်ခံကြရမည်**

❖ **မြန်မာ့ဘောလုံးတိုးတက်လာစေရေးအတွက် လုပ်ဆောင်နေသည့် ကိစ္စရပ်များ အားလုံးအပေါ်တွင် ပြန်လည်သုံးသပ် ဆောင်ရွက်စေလိုကြောင်းလည်း အကြံပြုလို**

*စာမျက်နှာ ၁၇ သို့*

*စာမျက်နှာ ၁၆ မှ*

Team System များ၊ System တစ်ခုစီ၏ အားနည်းချက်၊ အားသာချက်များ၊ နေရာအလိုက် တာဝန်ယူရမှု၊ Duty Function များ၊ Team Movement၊ Player Movement များ၊ တစ်ဦးချင်း စွမ်းဆောင်ရည်များ၊ အထွေထွေဗဟုသုတများ၊ ဟောပြောပွဲများ၊ ထူးချွန်ဘောလုံးသမားများ၏ အားသာချက်၊ အားနည်းချက်များအပေါ် မှတ်ချက်များ ပေးစေခြင်း၊ တစ်ဦးချင်း Individual နှင့် အဖွဲ့လိုက် Group စွမ်းရည်ပြိုင်ပွဲများ ပြုလုပ်ပေးခြင်း၊ တစ်ဦးချင်း/အဖွဲ့လိုက် ဆောင်ရွက်ချက်များအပေါ် အကဲဖြတ် မှတ်တမ်းတင်ခြင်းများဖြင့် စနစ်တကျ သင်ကြားလေ့ကျင့်ပေးနိုင်မည်ဆိုပါက ဘောလုံးသမားတိုင်း အခြေခံနှင့် အဆင့်မြင့်ဘောလုံးနည်းစနစ်/နည်းပညာများကို အတိုင်းအတာတစ်ခုအထိ ကျွမ်းကျင်စွာ တတ်မြောက်လာစေနိုင်မည် ဖြစ်ပါသည်။ ထိုသို့သော အခြေခံကျွမ်းကျင်ပိုင်နိုင်သည့် အားကစားသမား အမြောက်အမြား ပေါ်ထွက်လာမှသာ နိုင်ငံ့လက်ရွေးစင်အသင်းအနေဖြင့်လည်း အောင်မြင်မှုရရှိလာနိုင်မည် ဖြစ်ပါသည်။ နိုင်ငံတကာ သက်တမ်းလိုက်ပြိုင်ပွဲများနှင့် နိုင်ငံ့လက်ရွေးစင် အဆင့်ပြိုင်ပွဲများတွင် အတွေ့အကြုံရှိသော မြန်မာ လက်ရွေးစင်ဟောင်းများမှ နည်းပြချုပ်၊ နည်းပြ၊ ကြံ့ခိုင်ရေးနည်းပြ၊ ဂိုးနည်းပြများအဖြစ် စုဖွဲ့၍ အချိန်ကာလ ခြောက်လတန်သည်၊ တစ်နှစ် တန်သည် ကြိုတင်ပြင်ဆင် စုစည်းစခန်းသွင်းလေ့ကျင့်စေကာမူ အခြေခံနှင့် အဆင့်မြင့် ဘောလုံးနည်းစနစ်/နည်းပညာများ မပြည့်စုံသည့် အားကစားသမား အများစုဖြင့် နိုင်ငံတကာပြိုင်ပွဲများတွင် ထိုက်တန်သည့် အောင်မြင်မှုရရန် အလှမ်းဝေးနေဦးမည်ဟုလည်း မြင်မိပါသည်။

လက်ရှိ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌ လက်ထက်တွင် ဆန်းသစ်ခေတ်မီသော အတွေးအမြင်များဖြင့် မြန်မာ့ဘောလုံးလောက တိုးတက်လာစေရေးအတွက် ၂၀၀၉ ခုနှစ်မှ စတင်၍ အပျော်တမ်းအဆင့်မှ Professional အဆင့်သို့ ကူးပြောင်းပြီး မြန်မာ့ဘောလုံး အဆင့်အတန်း တိုးတက်မြင့်မားရေး အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ခဲ့သည်ကို မြင်တွေ့နေရပါသည်။ အားကစားသမားများနှင့် ဘောလုံးလောကသားများအားလုံး အတိုင်းအတာတစ်ခုအထိ လှူမှုစီးပွားဘဝများ အဆင်ပြေခဲ့ကြပါသည်။ မြန်မာ့လက်ရွေးစင် အသင်းများအားလုံး အောင်မြင်မှုရရှိစေရေး နိုင်ငံ့ချစ်စိတ်၊ ဘောလုံးအားကစားကို ချစ်စိတ်ဖြင့် လူအပင်ပန်းခံ၊ စိတ်အပင်ပန်းခံ၊ ငွေကြေးကုန်ကျခံ အချိန်ကုန်ခံ၍ ဆောင်ရွက်ခဲ့သည့် အဖွဲ့ချုပ်ဥက္ကဋ္ဌ၏ ဆောင်ရွက်ချက်များကိုလည်း အသိမှတ်ပြုမိခဲ့ပါသည်။ မြန်မာ့ဘောလုံးလောက တိုးတက်ရေးအတွက် ဆောင်ရွက်ပေးသင့်သည့် လုပ်ငန်းစဉ်များအားလုံး ဆောင်ရွက်ခဲ့သော်လည်း ပြည်သူများ မျှော်လင့်သလောက် ဖြစ်မလာခဲ့ပါ။ ထိုသို့ ဖြစ်မလာခြင်းအတွက် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်ဥက္ကဋ္ဌတွင် တာဝန်ရှိသည်မှာ မှန်သော်လည်း အဖွဲ့ချုပ်တွင် ကော်မတီအလိုက် တာဝန်အသီးသီး ရယူထားကြသည့်သူများကသာ ပို၍တာဝန်ရှိပြီး ပို၍တာဝန်ခံကြရမည် ဖြစ်ပါသည်။ သို့ဖြစ်၍ မြန်မာ့ဘောလုံး တိုးတက်လာစေရေးအတွက် လုပ်ဆောင်နေသည့် ကိစ္စရပ်များအားလုံးအပေါ်တွင် ပြန်လည်သုံးသပ် ဆောင်ရွက်စေလိုကြောင်းလည်း အကြံပြုလိုပါသည်။

တစ်ချိန်က Electronic နှင့် IT လောကတွင် ထိပ်တန်းဖြစ်ခဲ့သော SONY နှင့် NOKIA အစရှိသော ကုမ္ပဏီကြီးများသည် ယခုအခါ Brand မရှိတော့သည်ကို တွေ့ရပါသည်။ NOKIA ကုမ္ပဏီ၏ CEO မှ **“ကျွန်တော်တို့ ဘာအမှားမှ မလုပ်ခဲ့ပါဘူး”** ဟု ပြောခဲ့ပါသည်။ သူပြောတာမှန်ပါသည်။ အမှားမလုပ်သော်လည်း နေ့စဉ်အချိန်နှင့်အမျှ တိုးတက်ပြောင်းလဲနေသောခေတ်ကြီးတွင် အောင်မြင်သော သုတေသနပြုမှု၊ ဆန်းသစ်တီထွင်မှုများ မပြုလုပ်နိုင်သောကြောင့် Brand ပျောက်သွားခြင်း ဖြစ်ပါသည်။

ထို့အတူ တစ်ချိန်က ရွှေရောင်လွှမ်းခဲ့သော မြန်မာဘောလုံးလောကကြီးအား ဆက်ခံသူ၊ တာဝန်ရှိသူတို့သည် အခြေအနေ အကြောင်းအမျိုးမျိုးကြောင့် မည်သည့် အမှားမျိုးကိုမှ မလုပ်ခဲ့ကြသော်လည်း အချိန်နှင့်အမျှ အံ့သြဖွယ်ကောင်းလောက်အောင် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသော ဘောလုံးလောကကြီးကို မလေ့လာဘဲ၊ သုတေသန မပြုဘဲ၊ တီထွင်ဆန်းသစ်မှုများ လုံးဝမပြုလုပ်ဘဲ၊ ကိုယ့်အားကိုယ်မကိုးဘဲ၊ သူများနောက်လိုက်၊သူများအားကိုး လုပ်နေသည့်အတွက် ယနေ့ခေတ် မြန်မာ့ဘောလုံး လောကသည် ကြေးရောင်ပင်မလွှမ်းနိုင်တော့သလို ဖိလစ်ပိုင်နှင့် လာအိုကဲ့သို့ အသင်းမျိုးကိုပင် တန်းတူယှဉ်ပြိုင်နေရသည့်အဆင့်သို့ ရောက်ရှိလာခဲ့သည်ကို တွေ့ရပါသည်။

**○ လက်ရွေးစင်အသင်းများ၏ နည်းပြချုပ်များအား နိုင်ငံခြားသား နည်းပြများကိုသာ အလွန်အကျွံအားကိုးနေခြင်းများကိုလည်း သတိပြုသင့်ကြောင်း အကြံပြုလို**

**○ မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက်ရေးနှင့် လက်ရွေးစင်အသင်းများ အောင်နိုင်ရေးသည် မြန်မာဘောလုံးလောကသားတို့၏ လက်ထဲတွင်သာ ရှိပါသည်။ ခေတ်ဘောလုံး ရေစီးကြောင်းအား စိတ်နှစ်ပြီး လေ့လာလုပ်ဆောင်မည်ဆိုပါက မြန်မာဘောလုံးလောက အမှန်အကန် တိုးတက်လာနိုင်မည်ဟုယုံကြည်**

ယနေ့ခေတ်သည် နည်းပညာခေတ်ဖြစ်ပါသည်။ နည်းပညာတိုးတက်သော နိုင်ငံတိုင်း ရှေ့တန်းရောက်နေသည်ကို လေ့လာသူတိုင်း၊ နိုင်ငံတိုးတက်စေလိုသူတိုင်း သိကြပါသည်။ မည်သည့်လုပ်ငန်း မည်သည့်အားကစားမဆို နည်းပညာတတ်ကျွမ်းမှု၊ တီထွင်ဆန်းသစ်နိုင်မှုတို့သည် အောင်မြင်မှု၏ သော့ချက်ဖြစ်ပါသည်။ မြန်မာ့ဘောလုံး လောကကြီးတစ်ခုလုံးအား မြှင့်တင်ရန် တာဝန်ရှိသူများအနေဖြင့် တွေဝေမိန်းမော နှောင့်နှေးနေသရွေ့ မြန်မာ့လက်ရွေးစင် ဘောလုံးအသင်းများသည်လည်း အောင်မြင်မှုနှင့် ဝေးကွာပြီးရင်း ဝေးကွာနေမည်ဖြစ်ပြီး ဒေသတွင်းနိုင်ငံများတွင် အနိမ့်ဆုံးသို့ ရောက်ရှိသွားနိုင်သည်ကို သတိပြုစေလိုပါသည်။

မြန်မာ့ဘောလုံး အောင်မြင်တိုးတက်စေရေးအတွက်အောက်ပါအချက်များအား ထည့်သွင်းစဉ်းစားပြီး ထိရောက်သော စီမံချက်ရေးဆွဲ ဆောင်ရွက်သင့်ပါကြောင်းလည်း အကြံပြုတင်ပြလိုပါသည်-

(က) ထိရောက်သော သုတေသနလုပ်ငန်း မရှိသော မည်သည့် အဖွဲ့အစည်းမဆို တိုးတက်မှုမရှိနိုင်သဖြင့် ဘောလုံးအားကစားနှင့်ပတ်သက်သော တာဝန်ရှိအဖွဲ့အစည်းများတွင် (လိုအပ်ပါက ကျွမ်းကျင်သည့် သုသေတနပညာရှင်များ ငှားရမ်းခြင်း(သို့မဟုတ်) ခန့်ထားခြင်းများဖြင့်) သုတေသနလုပ်ငန်းများအား ဆောင်ရွက်သင့်ပါသည်။

(ခ) ဘောလုံးအားကစားနှင့် ပတ်သက်သူများ၊ တာဝန်ရှိသူများအားလုံးက ဘောလုံးအားကစားနှင့်ပတ်သက်သည့် တိုးတက်ပြောင်းလဲနေမှုများကို အမြဲမပြတ် စူးစမ်းလေ့လာနေသင့်ပါသည်။

(ဂ) ဘောလုံးအားကစားသည် အသင်းအဖွဲ့လိုက် ကစားရသော အားကစားနည်းဖြစ်သော်လည်း အောင်မြင်မှုသည် ဘောလုံးသမားတစ်ဦးချင်းစီ၏ ဘောလုံးနည်းစနစ်/ နည်းပညာ တတ်ကျွမ်းမှုနှင့် စွမ်းဆောင်နိုင်မှုအပေါ်တွင် မူတည်နေသည်ကို သတိပြုသင့်ပါသည်။

(ဃ) မြန်မာ့ဘောလုံးလောက၏ ရေသောက်မြစ်ဖြစ်သည့် အားကစားနှင့် ကာယပညာ သိပ္ပံကျောင်းများနှင့် အဖွဲ့ချုပ်၏ဘောလုံးအကယ်ဒမီတို့တွင် ပြီးပြည့်စုံသော ဘောလုံးအားကစား သင်ရိုးညွှန်းတမ်းရေးဆွဲဆောင်ရွက်သင့်ပါသည်။ သင်တန်းသားသစ် ရွေးချယ်ရာတွင် ပြိုင်ပွဲများမှ ထူးချွန်သူများ ရရှိရေးအတွက် အားကစားနှင့် လူငယ်ရေးရာဝန်ကြီးဌာန၊ ပညာရေးဝန်ကြီးဌာနတို့နှင့် ပေါင်းစပ်ဆောင်ရွက်သင့်ပါသည်။

(င) တာဝန်ရှိအဖွဲ့အစည်းများမှ ထိရောက်သော ဘောလုံးအသိပညာပေး စာအုပ်၊ နည်းပြလက်စွဲစာအုပ်များနှင့် နောက်ဆုံးအခြေအနေအထိ ပြင်ဆင်ထားရှိမှုများပါဝင်သော ဘောလုံးဥပဒေစာအုပ်များ ထုတ်ဝေသင့်ပါသည်။

(စ) ဘောလုံးလောက၏ အဓိကအချက်ဖြစ်သော (၁) အခြေခံဘောလုံးနည်းစနစ်၊ (၂) အဆင့်မြင့် ဘောလုံးနည်းစနစ်၊ (၃) အထောက်အကူပြု ဘောလုံးနည်းစနစ်၊ (၄) ဘောလုံးအားကစားနည်းစနစ် စာအုပ်များ ပြည့်စုံစွာ ရေးသားထုတ်ဝေသင့်ပါသည်။ (ထိုသို့ ထုတ်ဝေမည်ဆိုပါက တစ်တိုင်းပြည်လုံး Country Wide ဖြန့်ဝေသင့်ပါသည်။)

(ဆ) ဘောလုံးလောက တာဝန်ရှိသူများ ယုံကြည်ကြသည်မှာ ပြိုင်ပွဲများများ လုပ်လျှင် အတွေ့အကြုံ အလေ့အကျင့်များများရသော ဘောလုံးသမားကောင်းများ များစွာပေါ်ထွက်လာနိုင်သကဲ့သို့ ရွေးချယ်ရသည်မှာလည်း မှန်ကန်လွယ်ကူသည်ဟု ယူဆနေကြသော်လည်း အရည်အသွေးနိမ့်သော အားကစားသမားအများစု ယှဉ်ပြိုင်သည့် ပြိုင်ပွဲများမှ အရည်အသွေးမီသော အားကစားသမားများများ မထွက်ပေါ်နိုင်သည်ကို သတိပြုသင့်ပါသည်။

(ဇ) လက်ရွေးစင်အသင်းများ၏ နည်းပြချုပ်များအား နိုင်ငံခြားသား နည်းပြများကိုသာ အလွန်အကျွံအားကိုးနေခြင်းများကိုလည်း သတိပြုသင့်ကြောင်း အကြံပြုလိုပါသည်။ (မြန်မာ့ဘောလုံးလောက ဖွံ့ဖြိုးတိုးတက် ရေးနှင့် လက်ရွေးစင်အသင်းများ အောင်နိုင်ရေးသည် မြန်မာဘောလုံးလောကသားတို့၏ လက်ထဲတွင်သာ ရှိပါသည်။ ခေတ်ဘောလုံး ရေစီးကြောင်းအား စိတ်နှစ်ပြီး လေ့လာလုပ်ဆောင်မည်ဆိုပါက မြန်မာဘောလုံးလောက အမှန်အကန် တိုးတက်လာနိုင်မည်ဟု ယုံကြည်ပါသည်။)

(ဈ) မြန်မာ့ဘောလုံးလောက တိုးတက်ရေး၏ အဓိကဇာတ်လိုက်ဖြစ်သော ဘောလုံးနည်းစနစ်/နည်းပညာသင်တန်းများအား အဖွဲ့ချုပ်မှ နိုင်ငံအနှံ့ ထိထိရောက်ရောက် ဆောင်ရွက်ခြင်းမပြုဘဲ ဇာတ်ရုံတစ်ခုမျှသာ ဖြစ်သော AFC ဘောလုံးနည်းပြလိုင်စင်သင်တန်းများကိုသာ တန်ဖိုးထားဆောင်ရွက်နေသည်ကို တွေ့ရပါသည်။ (AFC မှဖွင့်သော “C” လိုင်စင်သင်တန်း (၁၂)ရက်၊ “B” လိုင်စင်သင်တန်း ၂၁ ရက်၊ “A” လိုင်စင်သင်တန်း ရက် ၃၀ နှင့် Advance လိုင်စင် စသည့်ရက်တို ဘောလုံးနည်းပြ သင်တန်းများသည် နည်းပြတစ်ဦး သိသင့်သိထိုက်သည်များ၊ ရှိသင့်ရှိထိုက်သည်များ၊ လုပ်သင့်လုပ်ထိုက်သည်များကို သင်ပြပေးသော သင်တန်းများဖြစ်သလို လိုင်စင်အလိုက် နည်းပြ လုပ်ပိုင်ခွင့်လက်မှတ်ထုတ်ပေးသော သင်တန်းများသာဖြစ်ပြီး နည်းပြတစ်ဦး အဓိက မဖြစ်မနေ တတ်ကျွမ်းရမည့် အခြေခံ/အဆင့်မြင့်၊ နည်းစနစ်/နည်းပညာများကို မတတ်ကျွမ်းဘဲ နည်းပြလိုင်စင်ကိုင်ပြီး နည်းပြလုပ်ခွင့်ပေးနေခြင်းကြောင့် ဘောလုံးလောက တိုးတက်ဖွံ့ဖြိုးရေးတွင် တိုးတက်သင့်သလောက် မတိုးတက်ဟုလည်း ထင်မြင်မိပါသည်။ ဥပမာအနေဖြင့် တင်ပြရရင် AFC ၏ အနိမ့်ဆုံးဖြစ်သော “C” လိုင်စင် ဘောလုံးနည်းပြသင်တန်းသည် မြန်မာနိုင်ငံသို့ ၂၀၀၀ ပြည့်နှစ်ခန့်တွင် စတင်ရောက်ရှိခဲ့သော်လည်း ထိုအချိန်က AFC ရုံးစိုက်ရာ မလေးရှားနိုင်ငံတွင် Professional “A” လိုင်စင်၊ “B” လိုင်စင်၊ “C”လိုင်စင်ရသော ဘောလုံးနည်းပြပေါင်း ၁၄၀၀ ကျော် ရှိနေပြီးဖြစ်သကဲ့သို့ မလေးရှားနိုင်ငံရှိ သက်တမ်းအလိုက် လက်ရွေးစင် ဘောလုံးအသင်းများသည် ပင် သူ့စပွန်ဆာနှင့်သူ အခိုင်အမာ ရှိနေပါသည်။ မလေးရှား ဘောလုံးအဖွဲ့ချုပ်သည်လည်း FIFA သတ်မှတ်ချက်နှင့် ကိုက်ညီသော ဖွဲ့စည်းပုံဖြင့် ဖွဲ့စည်းထားကြောင်း တွေ့ရှိရပါသည်။ ပြိုင်ပွဲများအနေဖြင့်လည်း Professional အဆင့်တွင် Premier League , Malaysia Cup နှင့် FA Cup တို့ ကျင်းပလျက်ရှိပြီး Pre- Professional အဆင့်တွင် President Cup ပြိုင်ပွဲ၊ Amature အဆင့်တွင် FAM Cup (မလေးရှားအဖွဲ့ချုပ်ဖလား) နှင့် လူငယ်ပြိုင်ပွဲများအတွက် Milo Cup, Coke Cup တို့နှင့် NIKE Cup စသည်တို့ကို မလေးရှား ဘောလုံးလောက တိုးတက်ရေးအတွက် ပုံမှန် ကျင်းပပေးလျက်ရှိပါသည်။ သို့ရာတွင် အဘက်ဘက်က ပြီးပြည့်စုံသော မလေးရှားဘောလုံးအဖွဲ့ချုပ်မှ လက်ရွေးစင် ဘောလုံးအသင်းများသည်ပင်လျှင် ယနေ့အချိန်အထိ မြန်မာ့လက်ရွေးစင်အသင်းများနှင့် သူနိုင်ကိုယ်နိုင်အဆင့်တွင်သာ ရှိနေသည်မှာ စဉ်းစားဆင်ခြင်သုံးသပ်စရာ သာဓက ဖြစ်ပါသည်။

အောင်မြင်မှုများနှင့် ဝေးကွာနေသော မြန်မာဘောလုံးအသင်းများ ပြိုင်ပွဲများတွင် အောင်မြင်မှုများ မရနိုင်သည်ကို သိရှိနေကြသော်လည်း ကြီးငယ်၊ ကျား မ မရွေး မြန်မာလူမျိုးများသည် မြန်မာဟူသော မျိုးချစ်စိတ်ဓာတ်ဖြင့် အားပေးလျက်ရှိနေကြပါသည်။ မြန်မာ့ဘောလုံးလောကကြီး နိမ့်ကျနေခြင်းအတွက် ပြည်နယ်နှင့်တိုင်းဒေသကြီး အသီးသီးရှိ လက်ရွေးစင်ဘောလုံးသမားဟောင်းများ၊ ဝါသနာရှင်များသည်လည်း မိမိတို့ တတ်ကျွမ်းခဲ့သလောက် ဘောလုံးနည်းပညာများကို မျိုးဆက်သစ်လူငယ်ဘောလုံးသမားလေးများအား ရာသီအလိုက် သင်တန်းများပေးခြင်းဖြင့် အုတ်တစ်ချပ်၊ သဲတစ်ပွင့် ပမာ ဝိုင်းဝန်းဆောင်ရွက်နေကြပါသည်။ သို့ဖြစ်၍ မြန်မာနိုင်ငံ ဘောလုံးအဖွဲ့ချုပ်အနေဖြင့်လည်း မြန်မာ့ဘောလုံး အောင်မြင်မှုရရှိစေရေး ခေတ်မီဆန်းသစ်သော အတွေးအမြင်များဖြင့် ထိရောက်မည့် စီမံချက်များ ရေးဆွဲဆောင်ရွက်သွားကြရန် တိုက်တွန်းအပ်ပါကြောင်း…။ ။



# ပုဂံကမ္ဘာ့အမွေအနှစ်ဒေသအတွင်း ရှေးဟောင်းပုဂံခေတ် ရေကန်များအတွင်းသို့ ရေများစတင်ဝင်ရောက်

**ညောင်ဦး စက်တင်ဘာ ၁၁**
မန္တလေးတိုင်း ဒေသကြီး ညောင်ဦးခရိုင် ညောင်ဦးမြို့နယ် ပုဂံရှေးဟောင်း ယဉ်ကျေးမှု နယ်မြေရှိ ရှေးဟောင်းပုဂံခေတ် ရေကန်များ ပြန်လည် ဖော်ထုတ် ဆယ်ယူလျက်ရှိရာ စက်တင်ဘာ ၁၁ ရက် နံနက် ၆ နာရီက ရွာသွန်းသည့် မိုးဖြင့် ရေကန်များအတွင်း ရေများ စတင်ဝင်ရောက်လျက် ရှိကြောင်း ရှေးဟောင်းသုတေသနနှင့် အမျိုးသားပြတိုက်ဦးစီးဌာန၊ ပုဂံဌာနခွဲ၊ တာဝန်ရှိသူများထံမှ သိရသည်။

**ရေကန်များပြန်လည်ဖော်ထုတ်**

ပုဂံရှေးဟောင်း ယဉ်ကျေးမှုနယ်မြေအတွင်း ရှေးဟောင်း ပုဂံခေတ်ရေကန်များ ပြန်လည် ဖော်ထုတ် ပြုပြင်ကန်ဆယ် ခဲ့ရာ အလှူရှင်များ လှူဒါန်းမှုဖြင့် ပြန်လည်ဆယ်ယူခြင်းနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးဌာန၊ နယ်စပ်ရေးရာ ဝန်ကြီးဌာနတို့မှ တာဝန်ယူ ပြန်လည် ဖော်ထုတ်၍ ရှေးဟောင်းရေကန်များ ဆယ်ယူခဲ့ရာ ရွှေထီးကန်၊ ဆွေတော်မျိုးတော်ကန်၊ ပျားကြီးစွဲကန်၊ သဲစစ်ကန်ခေါ် မင်းနန်သူကန်၊ ဆုတောင်းပြည့် ရေစုကန်၊ ဘားလည်သီးကန်၊ ဆုတောင်းပြည့်ကန်ခေါ် အေးသာယာကန်၊ ဆုတောင်းပြည့်ကန်ခေါ် အုတ်ကန်၊ နန္ဒာကန်၊ ခရေလောကန်၊ အာမနာကန်၊ ရေတော်မုနိကန်၊ ရွာဟောင်းကြီးကန်၊ ဇယဝေရီကန်၊ မင်္ဂလာကန်-၃၊ ညောင်လက်ဖက်ကန်၊ ကန်သစ်ကန်၊ မရိုးကန်၊ အလံပြကန်၊ ဘုန်းစဉ်ကန်၊ အောက်ချောက်ကန်၊ တက်သိမ်းကန်၊ မြောက်တစ်ဝက် ကန်၊ ဖိုးသူတော်ကန်၊ ဖျောက်ဆိပ်ပင်ကန်-၁၊ ဖျောက်ဆိပ်ပင်ကန်-၂၊ ဖျောက်ဆိပ်ပင်ကန် - ၃၊ ကိုမောက်ကန်၊ ကန်သစ်ကြီးကန်၊ သူဌေးကန်၊ ကျောက်အိုးကန်၊ တစ်ပင်ကန်၊ သမ္ဘူလကန်၊ ကုသိနာရုံကန်နှင့် မင်္ဂလာကန်-၂ တို့တွင် မိုးရေစတင်ဝင်ရောက်လျက်ရှိကြောင်း သိရသည်။

ပုဂံခေတ်ရှေးဟောင်းရေကန်များအတွင်း ရေဝင်ရောက်မှုအခြေအနေများကို ရေစီးလမ်းကြောင်းများနှင့် မိုးရွာသွန်းမှုအခြေအနေများအား သက်ဆိုင်ရာ ဌာနဆိုင်ရာများပူးပေါင်းကာ စစ်ဆေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

# နယူးဒေလီတွင် ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာဗုဒ္ဓဘာသာ မီဒီယာသီးသန့်ဆွေးနွေးပွဲသို့ မြန်မာကိုယ်စားလှယ်အဖွဲ့တက်ရောက်

**နေပြည်တော် စက်တင်ဘာ ၁၁**
အိန္ဒိယနိုင်ငံ နယူးဒေလီမြို့ရှိ Vivekananda International Foundation ခန်းမ၌ စက်တင်ဘာ ၁၁ ရက်က ကျင်းပသည့် ဒုတိယအကြိမ်မြောက် နိုင်ငံတကာ ဗုဒ္ဓဘာသာမီဒီယာ သီးသန့်ဆွေးနွေးပွဲ 2nd International Buddhist Media Conclave ကို ပြန်ကြားရေးဝန်ကြီးဌာန ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့ တက်ရောက်ခဲ့သည်။




**တက်ရောက်ဆွေးနွေး**

အဆိုပါ သီးသန့်ဆွေးနွေးပွဲကို နိုင်ငံတကာ ဗုဒ္ဓဘာသာ ကွန်ဖက်ဒရေးရှင်း (International Buddhist Confederation –IBC) နှင့် ဗီဗီကနန္ဒာ နိုင်ငံတကာ ဖောင်ဒေးရှင်း (Vivekananda International Foundation – VIF) တို့ ပူးတွဲကျင်းပခဲ့ပြီး နိုင်ငံပေါင်း ၁၈ နိုင်ငံမှ ကိုယ်စားလှယ်များ တက်ရောက်ဆွေးနွေးကြသည်။

**အဖွင့်အမှာစကားပြောကြား**

အခမ်းအနား ဖွင့်ပွဲတွင် IBC ညွှန်ကြားရေးမှူးချုပ် Mr. Abhijit Halder၊ VIF ဥက္ကဋ္ဌ Mr. S Gurumurthy နှင့် ဧည့်သည်တော်များက အဖွင့်အမှာစကား ပြောကြားကြသည်။

**ခေါင်းစဉ်လေးရပ်ဖြင့်ဆွေးနွေး**

ထို့နောက် ဆွေးနွေးပွဲကို ၂၁ ရာစု မီဒီယာ၏အခန်းကဏ္ဍနှင့် ဆက်သွယ်ရေး၊ ပဋိပက္ခရှောင်ရှားရေးအတွက် သတိရှိစွာဖြင့် ဆက်သွယ်ပြောဆိုမှုကို အသုံးချခြင်း၊ ပတ်ဝန်းကျင်ထိန်းသိမ်းရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေး၊ ဗုဒ္ဓမီဒီယာကွန်ရက်နှင့် ဗုဒ္ဓမီဒီယာလူမှုကွန်ရက်များ တည်ဆောက်ခြင်းဟူသည့် ခေါင်းစဉ်လေးရပ်ဖြင့် ဆွေးနွေးကြသည်။

**ပါဝင်ဆွေးနွေး**

မြန်မာနိုင်ငံမှ ရန်ကုန်မီဒီယာ အုပ်စုဥက္ကဋ္ဌ ဦးကိုကိုသည် ဗုဒ္ဓမီဒီယာကွန်ရက်နှင့် ဗုဒ္ဓမီဒီယာလူမှုကွန်ရက်များ တည်ဆောက်ခြင်း ဆွေးနွေးမှုတွင် ဆွေးနွေးသူအဖြစ်ပါဝင်ဆွေးနွေးပြီး **(အပေါ်ပုံ)** ညွှန်ကြားရေးမှူးချုပ် ဦးအေးကြွယ်သည် IBC ညွှန်ကြားရေးမှူးချုပ် Mr. Abhijit Halder ကို စက်တင်ဘာ ၁၀ ရက် ညနေပိုင်းက တွေ့ဆုံကာ နိုင်ငံတကာ ဗုဒ္ဓဘာသာ ကွန်ဖက်ဒရေးရှင်း အဖွဲ့ကြီးနှင့် ပူးပေါင်းဆောင်ရွက်နိုင်မည့် ကိစ္စရပ်များကို ရင်းနှီးစွာဆွေးနွေးခဲ့သည်။

**ပညာရှင်များတက်ရောက်**

ယခု သီးသန့်ဆွေးနွေးပွဲသို့ မြန်မာနိုင်ငံအပါအဝင် အိမ်ရှင် အိန္ဒိယနိုင်ငံ၊ ဘူတန်၊ ကမ္ဘောဒီးယား၊ ချက်သမ္မတနိုင်ငံ၊ အင်ဒိုနီးရှား၊ ဂျပန်၊ လာအို၊ မလေးရှား၊ မွန်ဂိုလီးယား၊ နီပေါ၊ တောင်ကိုရီးယား၊ သီရိလင်္ကာ၊ ဆွစ်ဇာလန်၊ ထိုင်း၊ ယူနိုက်တက်ကင်းဒမ်း၊ အမေရိကန် ပြည်ထောင်စုနှင့် ဗီယက်နမ်နိုင်ငံတို့မှ ပညာရှင်များနှင့် မီဒီယာများ တက်ရောက်ကြသည်။

**သတင်းစဉ်**

မြန်မာ့အလင်း

စာတည်းမှူးချုပ် - အောင်နိုင်ဦး
စာတည်းမှူး - မြင့်စိုး
သတင်းထောက်မှူး - ခင်ရတနာ
စာတည်းများ - ဝင်းကျော်၊ ကြည်ဝင်း၊ နေဇာဇာထွန်း
ဘာသာပြန် စာတည်း - ခြူးစန္ဒီနွေး၊ တင်လင်းအောင်
အကြီးတန်း သတင်းထောက်များ - ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂)
အငယ်တန်း သတင်းထောက်များ - ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး
ဓာတ်ပုံ သတင်းထောက် - တင်စိုး
သုတေသန - အိအိခင်နှင့် အဖွဲ့
စာပြင် - အေးအေးမိုးလှိုင်နှင့် အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - သန်းထွန်းအောင်နှင့် အဖွဲ့
အီးမေးနှင့် အွန်လိုင်း - သက်လွင်ဦးနှင့် အဖွဲ့
ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

**နေပြည်တော်-စာတည်းမှူး** ၀၆၇-၃၆၁၄၂၊ **စာတည်းအဖွဲ့** ၀၆၇-၃၆၁၄၅၊ **ဖက်စ်** ၀၆၇-၃၆၁၄၃၊ **ရန်ကုန်ရုံးခွဲ- အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့** ၀၁-၅၄၄၃၀၉၊ **မန်နေဂျာ** ၀၁-၅၄၄၃၁၄၊ **စီမံ** ၀၁-၅၄၄၃၁၅၊ **ငွေစာရင်း** ၀၁-၅၄၄၃၁၆၊ **ကြော်ငြာ** ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ **Fax** ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ **Fax** ၀၁-၈၆၀၄၅၄၆။

MYANMAR Digital News
Presented by NPE
www.mdn.gov.mm

# သဲကုန်းမြို့နယ်၌ လူကုန်ကူးမှုတားဆီးကာကွယ်ရေးပညာပေး



**ပြည် စက်တင်ဘာ ၁၁**
ပဲခူးတိုင်းဒေသကြီး သဲကုန်းမြို့နယ်တွင် ယနေ့နံနက် ၁၀ နာရီက သဲကုန်းမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန လူထုအခြေပြုဗဟိုဌာနခန်းမ၌ လူကုန်ကူးမှု တားဆီးကာကွယ်ရေး အသိပညာပေးဟောပြောပွဲနှင့် စာလုံးပေါင်းသတ်ပုံပြိုင်ပွဲ ကျင်းပသည်။

ဦးစွာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ဝင့်နန္ဒာဌေးက မြန်မာနိုင်ငံတွင် ဖြစ်ပွားလျက်ရှိသော လူကုန်ကူးမှုအမျိုးအစားများ၊ လူကုန်ကူးမှုကျူးလွန်ပါက ချမှတ်ခံရမည့် ပြစ်ဒဏ်များအကြောင်းကို ဟောပြောသည်။ ဆက်လက်၍ အလယ်တန်းအဆင့် မြန်မာစာစာလုံးပေါင်း သတ်ပုံပြိုင်ပွဲကျင်းပပြီး ယှဉ်ပြိုင်ကြသော ကျောင်းသား ကျောင်းသူများအား ဆုလက်ဆောင်ပေးအပ်သည်။

**ရွှေဝင်း**

**၁၁ - ၉ - ၂၀၂၄ ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်** ညီညီ - စုစည်းသည်

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၈၈၀၀ | ၈၉၀၀ | ၇၀၀ | ၆၁၇၀၀၀၀ |
| MTSH | ၃၄၅၀ | ၃၅၀၀ | ၈၈၉ | ၃၀၆၇၃၀၀ |
| MCB | ၈၈၀၀ | ၈၈၀၀ | ၀ | ၀ |
| FPB | ၁၈၅၀ | ၁၈၅၀ | ၁၀၀ | ၁၈၅၀၀၀ |
| TMH | ၂၈၀၀ | ၂၈၀၀ | ၄၆၇ | ၁၃၀၇၆၀၀ |
| EFR | ၁၇၀၀ | ၁၇၅၀ | ၉၂၂ | ၁၅၇၈၂၀၀ |
| AMATA | ၄၆၀၀ | ၄၆၀၀ | ၀ | ၀ |
| MAEX | ၃၄၀၀ | ၃၄၀၀ | ၁၁၀၃ | ၃၇၅၀၂၀၀ |
| MADPL (PLB) | ၃၆၅၀၀ | ၃၆၅၀၀ | ၅၀ | ၁၈၂၅၀၀၀ |

## အောင်စကြာရတနာဓာတ်နန်း အမှန်ဟော ဆရာစကြာအောင်ပွင့်ခေါင်

## မနောဗေဒပညာ

နံနက် (၉:၀၀)နာရီမှ မွန်းလွဲ (၂:၀၀)နာရီ
အမှတ်(၉၅၆)၊ ယသဝတီ (၁၂)လမ်း၊
(၁၃)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊
ဖုန်း - ၀၉-၂၅၀၅၀၄၁၄၄၊
၀၉-၇၃၁၅၆၀၆၁၊
၀၉-၂၅၂၆၀၀၅၆၇
တစ်နေ့(၁၀)ဦးသာ ဗုဒ္ဓဟူးနေ့တိုင်း နားသည်။

## အမည်ပြောင်း

ဦးထွန်းနိုင်ဝင်း၏သမီး ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဒဂုံမြို့နယ်၊ မင်္ဂလာသိဒ္ဓိ သီလရှင်စာသင်တိုက်တွင် ပညာသင်ကြားနေသော မဆုမြတ်ချစ်အား မခင်မြန်မာအေးဟု ပြောင်းလဲခေါ်ဆိုပါရန်။

## အမည်မှန်

မွန်ပြည်နယ်၊ သံဖြူဇရပ်မြို့နယ်၊ မူလွန် (အောင်မင်္ဂလာ-၂) Grade-4 မှ (ဘ) ဦးရဲသူအောင်၏ သား မောင်ဘုန်း မြတ်အောင်၏ အမည်မှန်မှာ မောင်မြတ်ဘုန်းခန့် ဖြစ်ပါကြောင်း။

**မောင်မြတ်ဘုန်းခန့်**

## ဖောင်းကြွနံပါတ်ပြားပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 2G/6656 ၏ ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင် ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ကညန၊ ခရိုင်ရုံး(ရန်ကုန်အနောက်ပိုင်း)**

## ပြင်ဆင်ဖတ်ရှုပါရန်

မြန်မာ့အလင်းသတင်းစာ၏ (၈-၉-၂၀၂၄)ရက်၊ စာမျက်နှာ(၂၅)ပါ တရားလွှတ်တော်ရှေ့နေ ဒေါ်ထက်ထက်အောင်၏ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာပါ အမှတ်(၆၃၃/က+ခ) အစား (၆၆၃/က+ခ)ဟု ပြင်ဆင်ဖတ်ရှုပါရန်။

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် အပိုင်း(၂)၊ ဦးပိုင်အမှတ် (၁၁/ခဲစင်း)၊ ၃၆x၃၇လမ်းကြား၊ ၆၈x၆၉ လမ်းကြားရှိ ဦးသန်းဝင်း ၊ ဒေါ်ငွေရှန် အမည်ပေါက် ဂရန်မြေကွက်အား၊ ဒေါ်ငွေ ရှန်၏ (GP ရရှိသူ ဒေါ်လှလှဝင်း) ထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၂၂၃၂/၂၀၁၁)ဖြင့်စွန့်လွှတ်ခြင်းကိုလက်ခံသူ ဦးသန်းဝင်း ၉/မရမ(နိုင်) ၀၆၇၁၈၄၏ (GP ရရှိသူ ဒေါ်ရီရီအေး) က အမှုတွဲအမှတ်(၃၅၄၁/၂၀၂၄/၂၀၂၅)ဖြင့် သက်တမ်းတိုး ၊ ဦးပိုင်ခွဲ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများမှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ဖခင်အမည်မှန်

ဧရာဝတီတိုင်းဒေသကြီး၊ အိမ်မဲမြို့၊ အထက (၂)အိမ်မဲ၊ Grade-12 မှ မောင်ရဲထက်နောင်နှင့် မောင်လင်းထွဋ်နိုင်တို့၏ ဖခင်အမည်မှန်မှာ ဦးကျော်လွင် (၁၄/ပသရ(နိုင်) ၀၈၂၃၉၆) ဖြစ်ပါကြောင်း။

**ဦးကျော်လွင်**

## အများသိစေရန်ကြေညာခြင်း

Mandalay Stars Co., Ltd၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအများသိစေရန် ကြေညာအပ်ပါသည်။

ဒေါ်ဆုပြည့်နိုင် (၁၂/ကမရ(နိုင်) ၀၆၃၉၇၁) နှင့် ဒေါ်ပင်လုံရွှေ (၅/တဆန(နိုင်)၁၅၇၄၄၈) ကိုင်ဆောင်သူတို့သည် Mandalay Stars Co., Ltd. မှ သတ်မှတ်ထားသော စည်းကမ်းများကို လိုက်နာမှု မရှိပါသဖြင့် ကုမ္ပဏီဝန်ထမ်းများအဖြစ်မှ ထုတ်ပယ်ပြီးဖြစ်ပါသည်။ ၎င်းတို့ (၂)ဦး အနေဖြင့် Mandalay Stars Co., Ltd. အမည်ကို အသုံးပြုပြီး လုပ်ငန်းများဆက်လက်ဆောင်ရွက်ခြင်း မပြုလုပ်ရန်နှင့် ပြုလုပ်ဆောင်ရွက်မှုများလည်း Mandalay Stars Co., Ltd. နှင့်လုံးဝပတ်သတ်ခြင်း သက်ဆိုင်ခြင်းမရှိတော့ကြောင်း၊ ပြုလုပ်ပါက တည်ဆဲတရားဥပဒေများနှင့်အညီအရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

လွှဲအပ်ညွှန်ကြားချက်အရ-

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂) | အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈) |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ဦးမိုးမင်းဝင်း၊ ဦးမင်းမင်းစိုး(တရားလွှတ်တော်ရှေ့နေ) တို့နှင့်တကွ အများသိစေရန် အသိပေးကြေညာခြင်း

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ (၇)ရက်နေ့ မြန်မာ့အလင်းသတင်းစာ၊ စာမျက်နှာ(၃၁)ပါ ဦးမိုးမင်းဝင်း(ဘ) ဦးမြသန်း (၁၄/လပတ(နိုင်)၀၈၁၆၉၆) ၏ လွှဲပြောင်းညွှန်ကြားချက်အရ ဦးမင်းမင်းစိုး (LL.B) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၃၀၂၉) မှ ဦးစိုပြေညီညီသဲမောင်(ခ) ဦးဝေလျှံအောင်နှင့် အများသိစေရန် ကြေညာခြင်းဟု ကြေညာချက်ပါ-ရောင်းချသူ ဦးမိုးမင်းဝင်း(ဘ) ဦးမြသန်း (၁၄/လပတ(နိုင်)၀၈၁၆၉၆) နှင့် ဦးစိုပြေညီညီသဲမောင်(ခ) ဦးဝေလျှံအောင် (ဘ) ဦးညီညီသဲမောင် (၁၄/မမန(နိုင်)၂၄၂၇၂၇) တို့ (၉-၅-၂၀၂၄) ရက်နေ့တွင် ပြုလုပ်ချုပ်ဆိုခဲ့သည့် "နှစ်ဦးသဘောတူ မြေဆန်စက်နှင့် အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ်ကတိစာချုပ်" ဟု ဖော်ပြပါရှိရာ အဆိုပါရက်စွဲဖြင့် နှစ်ဦးသဘောတူ အရောင်းအဝယ် အပြီးအပိုင်စာချုပ် ချုပ်ဆိုခဲ့ခြင်းမရှိသည်ကို လွဲမှားစွာရေးသားဖော်ပြပြီး ဝယ်ယူသူ ဦးစိုပြေညီညီသဲမောင်(ခ) ဦးဝေလျှံအောင်မှ စာချုပ်ပါပဋိညာဉ်စည်းကမ်းချက်များအတိုင်း ဆောင်ရွက်ပေးခြင်းမရှိ ပျက်ကွက်လျက်ရှိသဖြင့် အဆိုပါ "နှစ်ဦးသဘောတူ မြေ၊ ဆန်စက်နှင့် အဆောက်အအုံ အပြီးအပိုင်အရောင်းအဝယ် ကတိစာချုပ်" သည် ပျက်ပြယ်သွားပြီဖြစ်ကြောင်း ကြေညာချက်ထည့်သွင်းခဲ့သည်မှာ မှားယွင်းနေသည်ဖြစ်၍ အပြီးအပိုင်ဝယ်ယူသူမှ အမှန်တကယ် ချုပ်ဆိုထားသည့် အရောင်းအဝယ်စာချုပ်ပါ အချက်အလက်များကို ဖောက်ဖျက်ခြင်းမရှိသကဲ့သို့ လူကြီးမင်းတို့ဖော်ပြထားသော အမှန်တကယ် ပြုလုပ်ချုပ်ဆိုထားခြင်း မရှိသည့် စာချုပ်ပါ ပဋိညာဉ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိ ပျက်ကွက်သည်ဟု မဟုတ်မမှန်စွပ်စွဲပြောဆို ကြေညာထားသည့်အပေါ် ဦးမိုးမင်းဝင်းနှင့် ဦးမိုးမင်းဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ ကြေညာချက်ရေးသားဖော်ပြသူ ဦးမင်းမင်းစိုး တရားလွှတ်တော်ရှေ့နေတို့နှင့် အများသိစေရန် အကြောင်းပြန်ကြားအပ်ပါသည်။ ဦးမိုးမင်းဝင်းနှင့် ဦးမင်းမင်းစိုး တရားလွှတ်တော်ရှေ့နေနှင့် အများသူငှာသိစေရန် ကြေညာအပ်သည်မှာ "နှစ်ဦးသဘောတူ မြေ၊ဆန်စက်နှင့် အဆောက်အအုံ အပြီးအပိုင် အရောင်းအဝယ် ကတိစာချုပ်" ချုပ်ဆိုမှုကို ၂၀၂၄ခုနှစ်၊ ဧပြီလ (၉)ရက်နေ့တွင် အမှန်တကယ်ချုပ်ဆိုခဲ့ကြခြင်းဖြစ်ပြီး စာချုပ်ပါ စကားရပ်များအတိုင်း ရောင်းချသူကိုယ်တိုင် လက်ခံသဘောတူညီသည်ဖြစ်၍ ဝယ်ယူသူမှ လက်ဝယ်ရယူ၍ လုပ်ငန်းလည်ပတ်လျက်ရှိပြီး သဘောတူညီချက်စည်းကမ်းချက်အချို့ကို ရောင်းချသူမှသာ လိုက်နာဆောင်ရွက်မှု မရှိခြင်းဖြစ်ပါသည်။ ထို့အပြင် ၇-၉-၂၀၂၄ ရက်စွဲဖြင့် ကြေညာထားသောကြေညာချက်အရ ကျွန်ုပ်၏ မိတ်ဆွေ ဦးစိုပြေညီညီသဲမောင်(ခ) ဦးဝေလျှံအောင်၏ နာမည်ဂုဏ်သတင်းကို ထိခိုက်နစ်နာစေသည်ဖြစ်၍ လူကြီးမင်းတို့၏ ကြေညာချက်ကို ဤသတင်းစာ ကြေညာချက်ပါရှိသည့်ရက်မှစ၍ ကြေညာချက်ကို ပြန်လည်ရုပ်သိမ်းပေးပြီး ကျွန်ုပ်ထံသို့ဖြစ်စေ ကျွန်ုပ်၏ မိတ်ဆွေထံသို့ဖြစ်စေ လာရောက်ဖြေရှင်းညှိနှိုင်းရန် ကြေညာအပ်ပါသည်။

**ဦးစိုပြေညီညီသဲမောင်(ခ) ဦးဝေလျှံအောင်၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးချစ်ဝင်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၃၇၃၄) ဒေါ်အိအိမြတ် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၃၃၇၀)**
**ဒေါ်သီရိလှိုင် (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၈၃၂၉) ဒေါ်နီနီစန်း (တရားလွှတ်တော်ရှေ့နေ) (စဉ်-၁၇၂၉၉)**
**ဒေါ်ဇင်ဝတ်ရည်ဖြိုး (အထက်တန်းရှေ့နေ) (စဉ်-၅၃၆၄၄) ဒေါ်ဆက်ဝေပိုင် (အထက်တန်းရှေ့နေ) (စဉ်-၅၀၇၀၈)**
**အမှတ်(၁၅/၁)၊ ယန္တယားရိပ်သာ၊ ဘောဂဗလလမ်း၊ (င) ရပ်ကွက်၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း- ၀၉-၄၃၀၈၁၅၆၆၊ ၀၉-၇၉၉၇၄၉၂၅၉**

## သေတမ်းစာအတည်ပြုလက်မှတ်ရစေခြင်းငှာ လျှောက်ထားကြောင်းအကြောင်းကြားစာ (အမွေဆက်ခံခြင်းအက်ဥပဒေပုဒ်မ-၃၇၃) မဟာအောင်မြေခရိုင်တရားရုံးတော် ၂၀၂၄ခုနှစ်၊ တရားမအထွေထွေမှုအမှတ်-၃၆

**ဦးခင်မောင်သိန်း** **လျှောက်ထားသူ**

**ကွယ်လွန်သူ ဦးခင်မောင်သင်း ကျန်ရစ်ခဲ့သည့်ပစ္စည်းများနှင့် စပ်လျဉ်းသည့်အမှု**

ကွယ်လွန်သူ ဦးခင်မောင်သင်းက သေတမ်းစာရေးသား၍ ဦးခင်မောင်သင်း ပိုင် ဆိုင်သည့် မရွှေ့မပြောင်းနိုင်သည့် ပစ္စည်းများဖြစ်သည့် (၁)ဈေးချိုဆိုင်ခန်း၊ (F) ရုံနှင့် (G) ရုံကြား ဆိုင်ခန်း(၂)ခန်း။ (၂) အမှတ်(၂၄၆/၃)၊ ၂၆x၂၇လမ်းကြား၊ ၈၃x၈၄လမ်းကြား၊ ငပိတန်းလက်ျာ၊ ချမ်းအေးသာစံမြို့နယ်ရှိ မြေပေါ်တွင် ဆောက်လုပ်ထားသော (၃)ထပ်အဆောက်အအုံ၊ ပေးဆပ်ရန်ရရှိသောကြွေးမြီ သိန်း(၃၁၀၀)ကျပ်တိတိတို့ကို ကွယ်လွန်သူ၏ ဆန္ဒအတိုင်း ဥပဒေနှင့်အညီပြီး မြောက်အောင် ဆောင်ရွက်နိုင်ရန် မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ အမှတ် (၄၀/၃၅)၊ အေလမ်း၊ ၉၀x၉၁လမ်းကြား၊ စိန်ပန်းရပ်ကွက်နေ ဦးခင်မောင်သိန်း ၉/မနတ(နိုင်) ၀၆၄၃၉၆ကိုသေတမ်းစာအတည်ပြုသူအဖြစ် ခန့်အပ်ခံရသဖြင့် သေတမ်းစာအတည်ပြုလက်မှတ်ကို ထုတ်ပေးစေလိုကြောင်း အမွေဆက်ခံခြင်း အက်ဥပဒေပုဒ်မ ၃၇၃ အရ ဦးခင်မောင်သိန်းက လျှောက်ထားလာသူဖြစ်၍ ဤအမှုကို ၂၀၂၄ခုနှစ်၊ အောက်တိုဘာလ ၁ရက် (မြန်မာသက္ကရာဇ် ၁၃၈၆ခုနှစ်၊ တော်သလင်းလဆုတ် ၁၄ရက်) နံနက် ၁၀ နာရီတွင် ဆိုင်ဆိုကြားနာရာ ချိန်းဆိုထားသဖြင့် ကွယ်လွန်သူ ဦးခင်မောင်သင်း၏ ကျန်ရစ်သည့်ပစ္စည်းများ နှင့်စပ်လျဉ်း၍ အကျိုးစီးပွားသက်ဆိုင်သည်ဟု အဆိုရှိသူ မည်သူမဆိုအမှုတွင် လာဆိုင်လိုပါက အထက်ပါချိန်းဆိုထားသောရက်တွင် မိမိကိုယ်တိုင်သော်လည်း ကောင်း၊ မိမိတို့ နည်းလမ်းတကျလွှဲအပ်ပေးထားသော ကိုယ်စားလှယ်တစ်ဦးဦး အားဖြင့်သော် လည်းကောင်း၊ လာရောက်ဆိုင်ဆိုရန်နှင့် သေတမ်းစာအတည်ပြု လက်မှတ် မထုတ်ပေးမီ မှတ်တမ်းများကိုကြည့်ရှုရန် အမွေဆက်ခံခြင်း အက်ဥပဒေ ပုဒ်မ ၃၇၃ နှင့်အညီ ဆင့်ဆိုလိုက်သည်။ ယင်းသို့ လာရောက်ရန်ပျက်ကွက်ခဲ့လျှင် ရုံးတော်က လျှောက်ထားသူ ဦးခင်မောင်သိန်း၏ လျှောက်လွှာအပေါ် စစ်ဆေး ကြားနာပြီးလျှင် လက်မှတ်ရသင့်၊ မရသင့်ကြောင်း စီရင်ဆုံးဖြတ်လိမ့်မည်။

၂၀၂၄ခုနှစ်၊ စက်တင်ဘာလ ၁၀ရက်၌ ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ဝင်းမင်းထွန်း)**
**ဒုတိယခရိုင်တရားသူကြီး**
**မဟာအောင်မြေခရိုင်တရားရုံး**

## ကြော်ငြာစာ

မန္တလေးမြို့၊ မဟာအောင်မြေမြို့နယ်၊ မဟာမြိုင်-၁ ရပ်ကွက်၊ အကွက်အမှတ် အပိုင်း ၂၊ ဦးပိုင်အမှတ် (၁၁/ခဲစင်း)၊ ၃၆x၃၇ ကြား၊ ၆၈x၆၉ လမ်းကြားရှိ ဦးသန်းဝင်း၊ ဒေါ်ငွေရှန် အမည်ပေါက် ဂရန်မြေကွက်အား ဦးသန်းဝင်းထံမှ မှတ်ပုံတင်စွန့်လွှတ်စာချုပ်အမှတ် (၂၂၃၃/၂၀၁၁)ဖြင့် စွန့်လွှတ်ခြင်းလက်ခံသူ ဒေါ်ငွေရှန်၏ (GP ရရှိသူ ဒေါ်လှလှဝင်း)က စွန့်လွှတ်ခြင်းကို လက်ခံခဲ့ပြီး၊ ဖခင် ဦးအေးမောင်၊ မိခင် ဒေါ်ငွေရှန်တို့အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၈၁၀/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော တစ်ဦးတည်းသောသမီး ဒေါ်လှလှဝင်း ၉/မရမ(နိုင်)၀၇၃၂၇၁၏ (GP ရရှိသူ ဒေါ်နန္ဒာငြိမ်း)က အမှုတွဲအမှတ် (၃၅၄၂/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး၊ ဦးပိုင်ခွဲအမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ မြို့သစ်-၂ရပ်ကွက်၊ အကွက်အမှတ် ဆ-၂၊ ဦးပိုင်အမှတ် (၆၉)၊ ၇၀x၇၁လမ်းကြား၊ ၁၀၇x၁၀၈ လမ်းကြားရှိ အရာခံဗိုလ်ကျင်ခိုင်အမည်ပေါက် ဂရန်မြေကွက်အား ခင်ပွန်းဖြစ်သူ အရာခံဗိုလ်ကျင်ခိုင်ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၄၂၅၅/ ၂၀၁၉) ဖြင့် အမွေဆက်ခံခဲ့သည့် ဇနီးဖြစ်သူ ဒေါ်ကိုင်ဥာဏ် ၉/အမရ(နိုင်)၀၀၃၅၂၃၏ (GP ရရှိသူ ဦးမြင့်လွင်ဦး)က အမှုတွဲအမှတ် (၃၅၅၃/၂၀၂၄-၂၀၂၅)ဖြင့် သက်တမ်းတိုး အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းမြသာစည်မြို့နယ်၊ ထွန်တုံးရပ်ကွက်၊ အကွက်အမှတ် ၄၊ ဦးပိုင်အမှတ်(၁၂၈+၁၂၉)၊ ၁၁၃လမ်း၊ ၅၀x၅၁လမ်းကြားရှိ တောဂရန် မြေကွက်အမည်ပေါက်သူ ဒေါ်ဝမ်းယို ၁၃/ဟပတ(နိုင်) ၀၀၈၈၂၅က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ်(၃၅၅၄/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာစံမြို့နယ်၊ ပြည်ကြီးမျက်ရှင်ရပ်ကွက်၊ (၆၂)လမ်းနေ ဦးကောင်းမြတ်စိုး ၁၂/ဗဟန(နိုင်)၀၈၅၈၃၁မှ လွန်ခဲ့သော (၄-၈-၂၀၂၄)ရက်က ယာဉ်အမှတ် 9K/8970၊ ယာဉ်အမျိုးအစား TOYOTA ESTIMA LUCIDA TCR20 MINI VAN မော်တော်ယာဉ်ထုတ်လုပ်နံပါတ် (Chassis No-R/TCR20-1077052)ပါ မော်တော်ယာဉ်ကို ပိုင်ရှင်ဖြစ်သူ ဦးလပြည့် ၁၃/ကမန(နိုင်)၀၈၃၇၀၂ ထံမှ တရားဝင်စာရွက်စာတမ်းအစုံဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သော မော်တော်ယာဉ်ဖြစ်ပြီး ယနေ့တိုင် လက်ရှိထားပိုင်ဆိုင်အကျိုးခံစားလျက်ရှိပါသည်။ သို့ဖြစ်ရာ အထက်ပါ မော်တော်ယာဉ်၏ပိုင်ရှင်မှာ ဦးကောင်းမြတ်စိုး၁၂/ဗဟန(နိုင်)၀၈၅၈၃၁မှာတစ်ဦးတည်းသာဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကောင်းမြတ်စိုး၏ လွှဲအပ်ချက်အရ-**
**ဦးထက်အောင်သန့်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၉၈၃၄)**
**မြို့သစ်(၁)ရပ်ကွက်၊ ချမ်းမြသာစည်မြို့နယ်၊ မန္တလေးတိုင်းဒေသကြီး၊**
**ဖုန်း -၀၉- ၉၇၆၉၆၄၃၃၃**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

တောင်ငူမြို့နယ်၊အမှတ်(၁၉)ရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၁၉-က)/ရုံးကြီး၊ ဦးပိုင်အမှတ်(၈/၂၂)၊ ဧရိယာ(၀ဒသမ၀၆၇)ဧကရှိမြေအား DORP No-၄/V/၁၉၈၆-၁၉၈၇ဖြင့် (၂၈-၂-၁၉၈၉)မှ (၃၀-၆-၁၉၉၉)ထိ (၁၀)နှစ် မြေငှားဂရန်အား ဒေါ်စိန်စိန်၊ ဒေါ်မြသောင်း အမည်ဖြင့် ခွင့်ပြုရရှိခဲ့ပါသည်။ ယခုအခါ ဒေါ်စိန်စိန်၊ ဒေါ်မြသောင်း အမည်ပေါက် မြေငှားဂရန်မူရင်းသည် ပျောက်ဆုံး ပျက်စီးသွားပါသောကြောင့် ဂရန်မူရင်းအမည်ပါ ဒေါ်စိန်စိန်နှင့် ကွယ်လွန်သူ ဒေါ်မြသောင်း၏ တစ်ဦးတည်းသောသားဖြစ်သူ ဦးမင်းသက်နိုင်တို့ အမည်ဖြင့် သက်တမ်းတိုး/ အမည်ပြောင်း မြေငှားဂရန်အား သက်ဆိုင်ရာဌာနသို့ ကျွန်တော်/ ကျွန်မတို့မှ လျှောက်ထားဆောင်ရွက်သွားမည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများအနေဖြင့် ခိုင်မာသည့်အထောက်အထားများနှင့်တကွ ယနေ့မှစ၍ ၁၅ ရက်အတွင်း ကျွန်တော် ဦးမင်းသက်နိုင်နှင့် ကျွန်မ ဒေါ်စိန်စိန်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်သည်အထိ ကန့်ကွက်ခြင်းမရှိပါက သက်တမ်းတိုး/အမည်ပြောင်း မြေငှားဂရန်အား ဆက်လက်လျှောက်ထားဆောင်ရွက်မည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ဦးမင်းသက်နိုင်၊ ဒေါ်စိန်စိန်**
**အမှတ်(၁၉)ရပ်ကွက်၊ တောင်ငူမြို့၊ ဖုန်း-၀၉-၇၉၁၂၂၂၁၀၀**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (စ)ရပ်ကွက်၊ အကွက်အမှတ် ထထ-၆၊ ဦးပိုင်အမှတ်(၂၉/ခဲစင်း)၊ ၆၀(A)x၆၀(B)လမ်းကြား၊ ကျန်စစ်သားx ဗန္ဓုလလမ်းကြားရှိ ဒေါ်ခင်လှ အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးဘတင်၊ မိခင် သိန်းမိ၊ သမီး ဒေါ်ခင်လှ (အပျိုကြီးဘဝဖြင့်)တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ်(၁၁၉၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော၊ မောင်ဖြစ်သူ ဦးကျော်ဆွေ ၉/မနမ(နိုင်) ၀၂၃၈၈၆၏ (GP ရရှိသူ ဒေါ်ခင်သူကျော်)က တောဂရန်စာချုပ်နှင့် အတူ အမှုတွဲအမှတ် (၃၅၅၆/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း ၊ သက်တမ်းတိုး ၊ ဦးပိုင်ခွဲ၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ငွေတော်ကျီကုန်းရပ်ကွက်၊ အကွက်အမှတ် အ-၂၀၊ ဦးပိုင်အမှတ် (၆၉)၊ ၇၃x၇၄ လမ်းကြား၊ ၁၁၉x၁၂၀ လမ်းကြားရှိ ဦးအောင်ကြည်အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးအောင်ကြည်၊ မိခင် ဒေါ်ခင်ညို၊ သား ဦးသန်းကျော်အောင်တို့ အသီးသီးကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၆၅၈/၂၀၁၅)ဖြင့် အမွေဆက်ခံခဲ့သော သမီးနှင့် ချွေးမဖြစ်ကြသည့် ဒေါ်ယဉ်ယဉ်အောင်၊ ဒေါ်ညိုညိုအောင်၊ ဒေါ်နုရီဝင်းတို့၏ (SP ရရှိသူ ဒေါ်မာလာဝင်း)ထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၂၅၂၉/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဦးဇော်ဇော်ဦး ၉/မရတ(နိုင်)၁၂၉၅၁၁)က တောဂရန်စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၅၉/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (င)ရပ်ကွက်၊ အကွက်အမှတ်ညည-၄၊ ဦးပိုင်အမှတ်(၁၇)၊ ၅၉x၆၀(A)လမ်းကြား၊ မင်းကြီးရန်နောင်နှင့် မင်းရဲကျော်စွာလမ်းကြားရှိ ဦးစိုးဝင်း အမည်ပေါက် တောဂရန်မြေကွက်အား၊ ပြည်ကြီးတံခွန်မြို့နယ်တရားရုံး၊ တရားမကြီးမှုအမှတ် (၁၅၆/၂၀၂၃)တွင်(၁၇-၁၁-၂၀၂၃) ရက်က ချမှတ်ခဲ့သော စီရင်ချက်ဒီကရီအရ ဦးစိုးဝင်းထံမှ မှတ်ပုံတင်အရောင်းအဝယ်စာချုပ်အမှတ် (၁၅၇၂/၂၀၂၄)ဖြင့် ဝယ်ယူခဲ့သူ ဒေါ်စိန် ၉/မခန(နိုင်) ၁၁၆၉၅၃က တောဂရန်စာချုပ်နှင့် အတူအမှုတွဲအမှတ်(၃၅၆၀/၂၀၂၄-၂၀၂၅) ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် ၁၄ ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (က)ရပ်ကွက်၊ အကွက်အမှတ် ဝ-၉၊ ဦးပိုင်အမှတ် (၁၃၂)၊ ၆၅x၆၇ လမ်းကြား၊ ၁၁၄x၁၁၅ လမ်းကြားရှိ ဦးသန်းငွေ အမည်ပေါက် တောဂရန်မြေကွက်အား ဖခင် ဦးသန်းငွေ၊ မိခင် ဒေါ်စောရင်တို့ အသီးသီး ကွယ်လွန်၍ အမွေဆက်ခံပိုင်ဆိုင်ကြောင်း စာချုပ်အမှတ် (၁၇၇၅/၂၀၂၄)ဖြင့် အမွေဆက်ခံခဲ့သော သားသမီးများဖြစ်ကြသည့် ဒေါ်ခင်ခင်ညို ၉/မရမ(နိုင်)၀၅၁၂၃၈၊ ဒေါ်မိုးမိုးဆန်း ၉/မရမ(နိုင်)၀၅၁၂၃၉ (မိမိကိုယ်တိုင်)နှင့် ဦးခင်လှိုင် ၉/မရမ(နိုင်)၀၅၁၂၄၁၊ ဦးကျော်နိုင်ဝင်း ၉/မရမ(နိုင်)၀၀၄၃၂၀၊ ဦးသိန်းစိုး ၉/မရမ(နိုင်)၀၅၁၂၄၀တို့၏ (GP ရရှိသူ ဒေါ်မိုးမိုးဆန်း)က တောဂရန် စာချုပ်နှင့်အတူ အမှုတွဲအမှတ် (၃၅၅၇/၂၀၂၄-၂၀၂၅)ဖြင့် တောမှမြို့ပြောင်း၊ သက်တမ်းတိုး၊ အမည်ပြောင်း လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင် စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## အများသိစေရန် ကြေညာခြင်း

ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဒေါ်နှောင်းထူးထူးငယ် (၁၃/နဆန(နိုင်) ၀၆၅၈၉၂)၏ တရားဝင်လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်း အများသိစေရန် ကြေညာအပ်ပါသည်-

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၁၂)ရပ်ကွက်၊ မာဃ (၇)လမ်း၊ အမှတ် (၇၆၀)၊ (၆)လွှာတွင် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူနှင့် အတူတကွ နေထိုင်လျက်ရှိသော ဦးဝင်းထွဋ် (၁၂/ဥကတ(နိုင်)၁၅၇၀၈၉)သည် ၎င်း၏ လက်ကိုင်ဖုန်းအမှတ်များဖြစ်သော ဖုန်း(၀၉-၇၉၉၅၈၃၁၂၆၊ ၀၉-၇၈၀၇၇၅၇၉၅) ဖြင့် ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဂုဏ်သိက္ခာ ကျဆင်းစေမည့် စကားရပ်များကို (Message) မှ ပေးပို့ခဲ့ကြောင်းနှင့် (tiktok user name @win.htut5174) ကို အသုံးပြုပြီး ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူ ဂုဏ်သိက္ခာညှိုးနွမ်းထိခိုက်၊ နစ်နာစေမည့် စကားရပ်များကိုရေးသားပြီး၊ ထိုကဲ့သို့ ရေးသား မှုများကိုလည်း (၁)ပတ်အတွင်း ဖျက်ပေးပါရန်နှင့် နောက်နောင် နှောင့်ယှက်စော်ကားမှုမျိုးများ ပြုလုပ်မည်ဆိုပါက တရားဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | | |
|---|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်များအရ-** | |
| **ဒေါ်နှောင်းထူးထူးငယ်** | **ဦးအောင်ကျော်မြင့် (LL.B)** | **ဒေါ်သီတာသိမ့် (LL.B)** |
| **(၁၃/နဆန(နိုင်)၀၆၅၈၉၂** | **တရားလွှတ်တော်ရှေ့နေ** | **အထက်တန်းရှေ့နေ** |
| | **(စဉ်-၁၅၁၈၃)** | **(စဉ်-၅၆၂၇၁)** |

**အမှတ်(၄၇၈)၊ ဓမ္မာရုံလမ်း၊ (၄၇)ရပ်ကွက်၊**
**ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊**
**ဖုန်း - ၀၉-၄၂၀၀၅၁၇၈၅၊ ၀၉-၂၆၄၈၄၈၁၀၂**

## ဖခင်အမည်မှန်

သနပ်ပင်မြို့နယ်၊ အထက (ရစ်ကံလေး) Grade-12 မှ မအေးစုမြတ်ကျော်၏ ဖခင်အမည်မှန်မှာ ဦးဇော်ဇော်ထွန်း (၇/သနပ(နိုင်)၀၈၉၀၆၈)ဖြစ်ကြောင်း။

## မိခင်အမည်မှန်

ဝေါမြို့နယ်၊ အထက (မြစ်ကျိုး)ကျောင်း Grade-12(A) မှ မယွန်းလဲ့လဲ့ခိုင်၏ မိခင်အမည်မှန်မှာ ဒေါ်ဌေးကြည် ၇/ဝမန(နိုင်)၀၄၀၄၆၂ ဖြစ်ပါကြောင်း။

**ဒေါ်ဌေးကြည်**

## ပတ်စ်ပို့ပျောက်

ဦးမြင့်လှိုင်၏သမီး ကျွန်မ မစုစုလှိုင် ၇/ကတခ(နိုင်) ၂၂၄၅၂၉ ၏ ပတ်စ်ပို့နံပါတ် (မမှတ်မိ)မှာ ခရီးသွားရင်းပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-၀၉-၄၅၅၆၀၃၂၄၆**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

